ရာပြည့်အမှတ်တရစုစည်းသော

လက်ရာစုံ

ဒဂုန်တာရာ



mgyoe.com



mgyoe.com

ISBN9789997116956
DGT26
9 789997 116956
4,200.00KS

mgyoe.com

လက်ရာစုံ ဒဂုန်တာရာ၊ ဒဂုန်တာရာ
မျက်နှာဖုံးပန်းချီ - ပေစိုးအောင်
စာမျက်နှာ ၃၃၉ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး - ၄၂၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

ရာပြည့်အမှတ်တရ စုစည်းသော

လက်ရာစုံ ဒဂုန်တာရာ

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

မာတိကာ

ကဗျာ

၁။ အင်ကြင်းမြိုင်ခံစားမှု၊
သို့မဟုတ် အတိတ်ကိုတူးဖော်ခြင်း ၂
၂။ ငါ၏စိတ်ကူးယဉ်သမိုင်းဗေဒ ပဋ္ဌလက်ပြိုးပျက် ၄
၃။ ထိုင်ကူမှ ကရင်မလင်သို့ ၆
၄။ ကြယ်ပွင့်ဖူးတင့် ကောင်းကင်ပြာ ၉

ကဗျာဆောင်းပါး

၅။ ကဗျာအလုပ်ရုံနှင့် ဆန်းသစ်မှု ၁၂
၆။ ကဗျာကာရန်ပြဿနာ ၁၆
၇။ ---- ၂၀
၈။ သဇင်နှစ်ခက် ၂၄
၉။ အချစ်နှင့် အမုန်း ၃၁
၁၀။ ဖန်ခွက်ပေါင်းနှင့် စပျစ်အရက်ချိုသစ် ၃၇

စာညွှန်း

၁၁။ ဝသုန်ဉာဏ်မြေ ၄၆

mgyoe.com

mgyoe.com

ဆောင်းပါး

၁၂။ သမဂ္ဂအစဉ်အလာ ၅၀

၁၃။ အတိတ်ပုံကားချပ်များ ၅၇

၁၄။ ရွေးကောက်ပွဲ ၆၂

၁၅။ ငြိမ်းချမ်းရေးမှု ၆၃

၁၆။ မျိုးဆက်နှင့် သမိုင်းအတွေ့အကြုံ ၆၄

၁၇။ နိုင်ငံတော် ၆၈

၁၈။ ပြည်ထောင်စု ခံစားမှု ၇၀

ညီညွတ်ရေး

၁၉။ ညီညွတ်ရေးအတွေ့အကြုံ ၇၇

၂၀။ လွတ်လပ်ရေးနှင့် ညီညွတ်ရေး၊ ငြိမ်းချမ်းရေး ၈၁

၂၁။ ညီညွတ်ရေး ဒဿန ၈၄

စစ်နှင့် တော်လှန်ရေး

၂၂။ စစ်နှင့်တော်လှန်ရေး လိုင်းဂယက်များ ၈၈

၂၃။ စစ်နှင့်တော်လှန်ရေး လှိုင်းဂယက်များ ၉၇

အမှတ်တရ

၂၄။ အာဇာနည်နေ့ အမှတ်တရ ၁၀၄

ဝတ္ထု

၂၅။ မြို့တော်ရန်ကုန် ၁၁၀

ပြဇာတ်

၂၆။ အရှေ့တိုင်းပြဿနာ ၁၃၀

၂၇။ စစ်နှင့် ငြိမ်းချမ်းရေး ၁၄၆

ဂီတ

၂၈။ အီလက်ထရွန်နစ်ဂီတ ၁၅၂

mgyoe.com

mgyoe.com

ရုပ်ရှင်

၂၉။ အကြို့ရုပ်ရှင်နှီးနှောဖလှယ်ပွဲ၏ လှိုင်းဂယက် ၁၆၄

ရုပ်ပုံလွှာ

၃၀။ ဘုန်းကြွယ်" လွမ်းဖွယ်ဘဝ၏အဆုံးသတ် ၁၇၀
၃၁။ ဝတ္ထုရေးဆရာမ ဂျာနယ်ကျော်မမလေး ၁၈၀

စာပေ

၃၂။ သွေးသောက်မဂ္ဂဇင်း မျှော်ကြည့်ချက် ၁၈၄
၃၃။ ပဒေသာ ၁၈၈
၃၄။ နှစ်ဦးမှ ပွင့်သစ် ၁၉၄
၃၅။ စစ်ပြီးခေတ် မြန်မာစာပေ ၁၉၈
၃၆။ စာပေ၏အဓိပ္ပာယ် ၂၀၅
၃၇။ ကဗျာဆန်သော ရွှေအိုရောင် ပင်မရေစီး ၂၀၉
၃၈။ နွေဦး ၂၁၄
၃၉။ အကြောင်းအရာမဲ့ ပုံသဏ္ဌာန်ရှိသလော ၂၁၈
၄၀။ လမ်းဆုံလမ်းမဆီသို့ ပြန်လည်ကြည့်ရှုခြင်း ၂၂၅
၄၁။ စာရေးဆရာရုပ်ပုံလွှာ ၂၃၁
၄၂။ စာပေသမိုင်းတွင် ခေတ်ပေါ်စာပေ၏ အခန်း ၂၃၅
၄၃။ လူငယ်နှင့် အနုပညာခံစားမှု ၂၃၇
၄၄။ အမရပူရနှင့် ဂန္ထဝင်ရနံ့ ၂၄၀
၄၅။ အနုပညာမြားချက်နှင့် ပစ်မှတ်၊ သို့မဟုတ် စာဖတ်ပရိသတ် ဘာလဲ ၂၄၇
၄၆။ စာရေးဆရာ ပြဿနာ ၂၅၀
၄၇။ ထုတ်ဝေသူ ၂၅၆

ခေတ်ပြိုင်ခံစားမှု

၄၈။ ခေတ်ပြိုင်ခံစားမှု စာပေနှင့် ရွေးချယ်မှု ၂၆၁
၄၉။ ခေတ်ပြိုင်ခံစားမှုစာပေနှင့် ဒဿန ၂၆၅
၅၀။ ခေတ်ပြိုင်ခံစားမှု စာပေနည်းပညာ ၂၇၀

mgyoe.com

mgyoe.com

စာပေဝေဖန်ရေး

၅၁။ စာပေဝေဖန်ရေး၏ လှိုင်းဂယက်များ ၂၇၄

စာပေသစ်

၅၂။ စာပေသစ် ၂၈၀

၅၃။ စာပေသစ် ၂၈၄

၅၄။ စာပေသစ် ၃၀၄

ခရီးသွား

၅၅။ မွေးနေ့၌ ကဆုန်တောင်ပေါ်တက်ခြင်း ၃၁၈

ဘာသာပြန်

၅၆။ နွမ်းလျနှင်းဆီ ၃၂၈

၅၇။ မိုးသောက်တရုတ်ပြည် ၃၃၆

■

mgyoe.com

mgyoe.com

ကဗျာ

mgyoe.com

mgyoe.com

အင်ကြင်းမြိုင်ခံစားမှု သို့မဟုတ် အတိတ်ကိုတူးဖော်ခြင်း

အင်ကြင်းပွင့်နီစွေး
စိတ်ကူးထဲကအနီ၊ သစ်ကိုင်းငိုက်ကျ
လက်နှင့်ဖယ်ရ၊ အင်ကြင်းရွက်လား
မျိုးဆက်ပထမ၊ ဒုတိယ၊ တတိယ
စုရာဆုံရာ၊ နေရာကလေးပေါ်
ငါလျှင်စိတ်ကူးရင်း ထိုင်ချလိုက်၏။
နှင်းဆွတ်ပြယ်စ
လေကနုအေး၊ အဝေးနံ့ရံ
ဆိတ်ဖလူးရနံ့၊ ယစ်ပျံ့မွှေးရာ
ငါလျှင်ကိန်းဝပ်၊ သုံးနှစ်ကျော်ကြာရှိ
လွမ်းမိသေးတော့။
လူငယ်များနှင့်။
စကားပြောနေစဉ်၊ အတိတ်တွေရောက်လာ
တက္ကသိုလ်ကျောင်းနေဘက်၊ မိတ်ဆွေရောက်လာ
နောက်တစ်ယောက်က နဂါးနီထုတ်ဝေသူ
ပြုံးမြရွှန်းပ၊ လက်ဆွဲနှုတ်ဆက်ကြ
သံမဏိတပ်အကြောင်း၊ ဝိတိုရိယတောင်ထိပ်က
နှင်းခဲဖြူလွစေတီတစ်ဆူတည်သည့်အကြောင်း

mgyoe.com

mgyoe.com

နဂါးနီမျိုးစေ့၊ ယနေ့အထိ
ဖူးကြွအတိတ်၊ ကောက်ရိတ်သိမ်းဆဲ
ဝါးစိမ်းအနီ၊ ရာဇဝင်ခေတ်များ ဖြတ်သန်းသွားသည်
မဟုတ်ပါလား။
လူငယ်တစ်ဦးမှာ
သံမဏိမသိ၊ နဂါးနီမသိ
ကိစ္စမရှိ၊ မသိလည်းဖြစ်
ကိစ္စမရှိလင့်၊ သူ့ခေတ်နှင့်သူ
သေနင်္ဂဗျူဟာ ရှိဆဲပါပဲ။
ပန်းချီဆရာက၊ ငါ၏ ပန်းချီကားချပ်များ
ကော်ကပ်ပြုပြင်၊ ယခင်အတိုင်း
ပအို့ဝ်အစိမ်း၊ ပအို့ဝ်အပြာ
ဟိုပုံးအရောင်၊ မဲနယ်တောင်တန်း
စံဖူးရှာငယ်၊ သုံးလကြာမှ
စိတ်ထင်ချက်ခြယ်သ၊ လတ်ဆတ်စိမ်းမြ
မိုးနေနီသသယ၊ ကောက်ကြောင်းမပါ
ဆေးညှစ်လောင်းကာ၊ ထူထူထပ်ကာ
ကြက်သွန်ဖြူခင်း၊ ကန်သင်းမှာပလိုင်း
၆၃ က ရေးခဲ့သောကားများ
အင်းကြင်းရိပ်မှာ
ရှင်ပျကြည်လင်၊ ထွက်ခွာခဲ့လျှင်
ဧဒင်ထမင်းစားပွဲ၊ ငါးချောင်းဟင်းချို
ကြက်ပုစွန်ဝါးရင်း၊ ဟင်းလျာငုံးဥ
ပျို့နုစိတ်မှာ၊ ပြန်လည်ယိုဖိတ်
အင်းကြင်းရိပ်မှ အတိတ်ကိုတူးဖော်ခြင်း။

ရုပ်ရှင်တေးကဗျာရသစုံမဂ္ဂဇင်း၊ မေ၊ ၂၀၀၁။

mgyoe.com

mgyoe.com

ငါ၏စိတ်ကူးယဉ်သမိုင်းဗေဒ ပဥ္စလက်ပြိုးပြက်

(က)

ဘာလဲ
ဘယ်သွားမှာလဲ၊ ဘာလုပ်မှာလဲ
ဘာမှမသိ၊ မသိမသိ
ဒါပေမဲ့လေ၊ သမိုင်းစေရာ
ငါလုပ်နေတာပါပဲ။

(ခ)

ဆိတ်ဖလူးပွင့်
ရနံ့သင်းမြ၊ လရောင်နှင်းခ
ပဲဟင်းချိုလှ၊ ဂွမ်းစောင်နီစွ
ပိတောက်မွှမွှ၊ ပေးသူရှိပ့်
ငါအံ့ဩရ၊ နှုတ်ခမ်းမွေးက
သတိတရ၊ ငါဖတ်ဖို့က
"ရှေ့သို့" စာစောင်တစ်အုပ်တည်း။
နောက်မှသိရ
စန္ဒရားသံ၊ သူချစ်ရာတဲ့
သည်အင်အားဟာ၊ အနုပညာပါ
ငါလျှင်ယုံကြည်မိပေ၏။

mgyoe.com

mgyoe.com

(၈)

ဘဝသည်ကား
ဝမ်းရေးမဟုတ်၊ အချစ်ရေးပင်
ရန်သူမရှိ၊ မိတ်ဆွေရှိလျှင်
ပကတိငြိမ်းချမ်းရေးပေတည်း။
ငါ့ က
ဆိတ်ဖလူးနှံ့၊ မွှေးမြနေရာ
ငါ့တက္ကသိုလ်၊ ဘဝပါပဲ
ညအိပ်ရာဝင်၊ ခြင်ထောင်ခါ
အိပ်ရာစောစော၊ ဝင်ခဲ့ရာမှ
တွေးစရာတွေ၊ လွမ်းစရာတွေ
နှင်းဆီထုံသောည၊ ကဗျာဖွဲ့မိ
မုန်းမြစ်ဘေးက၊ မိတ်ဆွေကကျက်
နံနက်လမ်းလျှောက်၊
တစ်ယောက်တစ်လှည့်
ကဗျာပိုဒ်များရွတ်ဆိုကြ။
ငါရှိရာတွင်
ကဗျာရှိမည်၊ ဝတ္ထုရှိမည်
နံရံထုများ၊ မတားဆီးနိုင်
ယနေ့တွင်ကား၊ စကားသံများ
လှိုင်းကြားဖြတ်သန်းယိုစီးလျက်။ ။

ရုပ်ရှင်တေးကဗျာရသစုံမဂ္ဂဇင်း၊
မေ၊ ၂၀၀၇။

mgyoe.com

mgyoe.com

ထိုင်ကူမှ ကရင်မလင်သို့

ငါ့မွေးရပ်ကား
ကျိုက်လတ်အနီး၊ ဒေးဒရဲပိုင်
ထိုင်ကူဆိုသော မွန်ရွာကလေး။
အရှေ့မှာလျှင်
ရောဝတီ၊ ရေစီးခက်မွှာ
အိမ်နောက်မှာလျှင်၊ စပါးပင်ယိမ်း
စိမ်းစိမ်းမြမြ၊ ကြယ်ရောင်လရောင်
နေရောင်ကြို့ကြွ မျှဝေလျက်။
ဝါဆိုဦးတွင်
လယ်တစ်ခွင်လုံး၊ မိုးရေဖုံးစဉ်
ဝါးလုံးများနှင့်၊ လှေကိုထိုးသွား
ကစားကွင်းသစ်၊ ပျော်ကြဘိခြင်း
ရေပင်လယ်တွင်း၊ ကန်းသင်းမှာတင်
အောက်သို့ဆင်းကာ ထွန်းလာရ၏
ငါပေါင်မှာတော့၊ ကျွဲမျှော့နက်တစ်ကောင်
လျှော့ဆင်းရင်ကား၊ တဟားဟား။
ညနေဆည်းဆာ
ရွှေရောင်၊ ပန်းနုရောင်၊ ဖြန်းပက်လိမ်းကျံ

mgyoe.com

mgyoe.com

မျက်နှာနီနီ၊ ရွှေရည်အင်္ကျီ
စပါးပုန်းဝါရွှေ၊ ကောက်လှိုင်းဝါရွှေ
နေညိုမှိန်မြ၊ လရောင်ငွေစက်
နေ့ညရောယှက်၊ တိမ်တောက်ပြိုးပြက်
ပြောက်ကျားရောင်တင်၊ တလင်းပြာမှာ
စပါးပေလှေ့ရာ၊ ကောက်ရနံ့မွှေးမြ
ကစားကြသည်၊ ကောက်သစ်ပေါ်ချိန်တေးဂီတ။
ကျောင်းစာသင်စ
သမိုင်းခံစား၊ လူထုကြားမှာ
ငါလျှင်တွေးဆ၊ သမိုင်းဘဝ
ပီကင်းမှသည်၊ မော်စကိုသို့
လေယာဉ်ခရီး၊ ဆိုက်ဘေးရီးယား
ကုလားဖော်မှာ၊ မာရိယာတဲ့
ဗီတာဗာမှ၊ ကချေသည်လှ
သူမထံမှ ရုရှားစကားသင်ကြားရ၏။
လေယာဉ်ပေါ်တွင်၊ မှိန်းငိုက်နေစဉ်
ကရင်မလင်သံကြား၊ ငါနိုးထ၏
ပတ္တမြား၊ ကြယ်နီပြိုးပြက်။
ငါတည်းခိုစဉ်
ရင်ပြင်နီရှေ့၊ နေရှင်နယ်ဟိုတယ်
အနီးဝယ်မှာ၊ တက္ကသိုလ်ဟောင်းဝယ်
လူငယ်ပေါင်းစုံ၊ တွေ့ဆုံပွဲတွင်
ဆိုဗီယက်ပြည်ထောင်စုသည်၊
ငြိမ်းချမ်းရေး၏ခံတပ်ကြီးဟု
ငါပြောခဲ့ရာ၊ ခမ်းမဆောင်မှာ
တုန်ခါသိမ့်မှု၊ လက်ခုပ်သံများ။
သုံးနှစ်အကြာ
ဟန်ဂေရီမှာ၊ ဘူဒါပက်တွင်

mgyoe.com

mgyoe.com

ဝင်ရောက်လာသည်၊ ဆိုဗီယက်တပ်များ
ထွက်ခွာသွားရမည်ဟု၊ ကန့်ကွက်အဆို
တင်ခဲ့ရာတွင်၊ ဘာမျှမဖြစ်ရှုံးခဲ့၏။
သည်ကစ၍
ငါ၏အတွေးအခေါ် ဒဿနဗေဒ
ရန်သူမရှိ၊ မိတ်ဆွေသာရှိ
မုန်းသူမရှိ၊ ချစ်သူသာရှိ
သည်အတွေးဖြင့်၊ လေးလေးနက်နက်
လွတ်လပ်ရေး၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေးရမည်ဟု
ယုံကြည်မိပေသည်။
ကျောင်းသားဘဝ
ငါငယ်စဉ်က၊ ရည်မှန်းခဲ့ရ
စိတ်ကူးခဲ့ရ၊ စာအုပ်ထဲမှ
လှပမွန်မြတ်၊ ထင်မှတ်ဖူးသော
စိတ်ကူးယဉ်နန်းတော်၊ သော်မှော်ပွင့်လျှံ
နိုင်ငံရေးယဉ်ကျေးမှု၊ ကြေးမုံမှန်စကို ရှုပေပြီကော။
ထမင်းစားပွဲ
ချိုဂုချဉ်ဖန်၊ ရှန်ပိန်အရက်
ဖန်ခွက်ခြင်းထိ၊ ချွင်ချွင်သံမြည်ပ
ယူကရိန်းမှာ၊ ငြိမ်းချမ်းရေးကထာ
ငါလျှင်ပြောကြား၊ လက်ခုပ်သံများ
ငြိမ်းချမ်းရေး အဓွန့်ရှည်ပါစေ။ ။

၃-၅-၀၇

ရုပ်ရှင်တေးကဗျာရသစုံမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၂၀၀၇။

mgyoe.com

mgyoe.com

ကြယ်ပွင့်ဖူးတင့် ကောင်းကင်ပြာ

လွန်ခဲ့ဂရ
နှစ်များဖြတ်သန်း၊ အိုမင်းမစွမ်းပြီ
ငါမွေးစကတည်းက၊ မြင့်နေကြပြီ
နေလကြယ်များ၊ ဖူးငုံကြရာ
ကောင်းကင်ပြာကြီး ပေတကား။
ငါဖွဲ့ရာသီ
ပုံချပ်လှာတို့၊ နေရာများပင်
တပိုင်းကအပြာ၊ အမှောင်သစ်လင်း
ဝင်းလိုက်မိုက်လိုက်၊ မှိုင်းလိုက်နုလိုက်
သမိုင်းဟူသည်၊ ပန်းချီဆေးစက်
ဘဝဟူသည်၊ အရောင်ပြိုးပျက်
အတ္တပုံတူရုပ်ပုံလွှာ။
ရောဝတီ
ဒုတ္ထဝတီ၊ သလ္လာဝတီ
အာရေဗျမှာ၊ ဥရောပမှာ
သုနပရန္တ၊ တပ္ပဝတီ
ပစိဖိတ်နှင့်၊ ဓော်လဂါမှာ
ဘောက်တူလေ့မှာ၊ သံလမ်းပေါ်မှာ

mgyoe.com

mgyoe.com

ရေလှိုင်းပေါ်မှာ၊ တိမ်တိုက်ပေါ်မှာ
ငါလျှင်သွားလာ၊ ခံစားရာကား
သည်ကောင်းကင်များ၊ ဤမြေကြီးပါပဲ
သည်မှာနီဝါ သည်မှာကြယ်ပွင့်
သည်မှာလမြဲ၊ သည်မှာပန်းပွင့်
မွေးမြူအရောင်၊ နှင်းကျသံ။

ကောင်းကင်မြပြာ
ကြယ်တွေကြွေကျ၊ သစ်ကိုင်းကျိုးကျ
တဖြုတ်ဖြုတ်လျှင်၊ ဘဝလျှပ်ကြောင်း
ရေးမှတ်သူတို့၊ မှောင်လိုက်လင်းလိုက်
ကြယ်တွေဖိတ်လက်
ကမ္ဘာထက်မှာ၊ ငါလျှင်လှုပ်ရှား
သွားလာရင်ခုန်၊ ကြယ်ပွင့်များစွာ
ပြိုးပြက်ရာတွင်၊ ကြယ်ပွင့်များစွာရှိကြရာ။

ရုပ်ရှင်တေးကဗျာရသစုံမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀၀၈။

mgyoe.com

mgyoe.com

ကဗျာဆောင်းပါး

mgyoe.com

mgyoe.com

ကဗျာအလုပ်ရုံနှင့် ဆန်းသစ်မှု

ကျွန်တော်က ကဗျာအနုပညာ ပုံသဏ္ဍာန်သစ်ဖြစ်ထွန်းရေးကို စိတ်ဝင်စားသည်။ နုပျိုပွင့်သစ်စများ ကဗျာဖွဲ့လျှင် သူတို့၏အစပ်အဟပ်များကို သိချင်နေသည်။ အကြောင်းအရာကို ဖွဲ့နွဲ့သလား၊ ဒဿနကို ဖွဲ့နွဲ့သလား၊ စိတ်ကူးသက်သက်လား၊ စိတ္တဇလား၊ တကယ်ရှိနေသောအရာကို ဖွဲ့နွဲ့သလား၊ လူငယ်တို့၏ ခံစားမှုကိုကိုယ်စားပြုသလား။

၁၉၅၈ ကကျွန်တော်သည် ခေတ်ပေါ်ကဗျာနှင့်ပတ်သက်၍ မိမိ၏ကောက်ချက်ကို တင်ပြခဲ့ဖူးသည်။ တက္ကသိုလ်ကလောင်ရှင်အသင်းမှ ကျင်းပသောအစည်းအဝေးတစ်ရပ်တွင် မြန်မာစာပေတွင် ကဗျာ၏အခန်းစာတမ်းကို ဖတ်ကြားတင်ပြခဲ့ဖူးသည်။ ဇော်ဂျီ၊ မင်းသုဝဏ်တို့တက်ရောက်သည်။ ဆရာမင်းသုဝဏ်က ကျွန်တော် မသိလို့မေးပါရစေဦး ဒဂုန်တာရာ ခင်ဗျားဟူ၍ စလိုက်သောအခါ အနီးတွင်ရှိနေသော ဆရာဇော်ဂျီက အေးအေးဟုပြုံးကာ ကြည့်နေသည်။ ထိုအခါ ခေတ်ပေါ်မြန်မာကဗျာကို ကျွန်တော်သိမြင်သည့်အတိုင်း ပွင့်ပွင့်လင်းလင်းဖော်ပြခဲ့ဖူးသည်။

ထိုကာလက ကဗျာပွင့်သစ်များ ဖူးပွင့်စမွှေးစအခါကာလဟု ခံစားမိသည်။ ထို့ကြောင့် ယင်းစာတမ်းရေးမိခြင်းဖြစ်သည်။ ယင်းစာတမ်းရေးနေစဉ် တစ်ဖက်ကလည်း ကဗျာအတွက် အမှာစာရေးရန် စာမူဖတ်နေသောအခါလည်း ဖြစ်သည်။ စာမူလာပေးသူမှာ ကိုစွမ်းရည်။ ထိုအခါက မောင်စွမ်းရည်အမည်ဖြင့် ကဗျာရေးသည်ကို မသိခဲ့။ အဲဒီတုန်းက ကိုစွမ်းရည်ကိုလွှတ်လိုက်တာ မောင်စွမ်းရည် ဖြစ်ခါစပေါ့ဗျာဟု ပြောသည်ကို မှတ်မိနေသည်။

mgyoe.com

mgyoe.com

'ယနေ့ခေတ်တွင် ကဗျာကိုကြိုးပမ်းအားထုတ်ရေးနေသည်ကို တွေ့ရသည်။ ယနေ့ခေတ်သည် စကားပြေကိုအသုံးများလင့်ကစား ကဗျာကိုစိတ်ဝင်စား တိုးပွားလာသည်ကိုတွေ့ရသည်။ ပွင့်သစ်စလူငယ်များသည် ကဗျာ၌စွဲလမ်းနှစ်သက်ကြသည်ကို တွေ့ရသည်' ဟု ယင်းစာတမ်းတွင်ဖော်ပြသည်။

ထို့နောက် ခေတ်ပြိုင်ကဗျာ၏ အခြေအနေနှင့်ပတ်သက်၍-

'ခေတ်ပြိုင်ကဗျာသည် အင်အားကြီးမားသော အင်အားစုတစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်သည်။ ကဗျာရေးစပ်သူများသလောက် ပြုစုသူဥယျာဉ်မှူးက နည်းလှသည်။ ကဗျာကား အလေ့ကျပေါက်သကဲ့သို့ပင် စိမ်းလန်းအုပ်ဝေလျက်ရှိသည်။ ဂရုစိုက်သူကား နည်းလှပေသည်။

ကျွန်တော်သည် ထိုခေတ်အခါက စာပေကိုမကျေနပ်၍ ယင်းသို့ခံစားသည့်အတိုင်း စာတမ်းတွင်ရေးသားဖော်ပြခဲ့ဖူးသည်။ ကျွန်တော်သည်လည်း အလျဉ်းသင့်သလို နည်းနည်းပါပါး ရေးခဲ့ဖူးသည်။ သို့သော် ကျမ်းတစ်စောင်တစ်ဖွဲ့ကဲ့သို့မဟုတ်ဘဲ တစ်ပုဒ်တလေမျှသာ ရေးခဲ့ဖူးသည်။ ထို့နောက် ၁၀ နှစ်ခန့် ကြာသောအခါ ၁၉၆၉ လောက်ကတည်းက သပြေညိုဧည့်ခန်းဆောင်တွင် ကဗျာအလုပ်ရုံသဘောဖြင့် ဆွေးနွေးပွဲလုပ်သည်ဟု ကြားဖူးသည်။

သို့သော် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်လျှင် ပို၍အကျိုးရှိမည်ထင်သည်ဟု တွေးမိသည်။ ကဗျာစာအုပ်များတွင် အမှာစာများရေးသားရင်း ကျွန်တော်သည် ကဗျာရေးရာနှင့်ပတ်သက်၍ ဟိုတစ်စ သည်တစ်စ ရေးခဲ့သည်။ ကျွန်တော့်ထက်ရေးနိုင်သူများရှိသည်။ သို့သော် သူတို့မရေးကြ။

ကျွန်တော်က အဖွဲ့အနွဲ့သာသန်သည်။ ကဗျာနည်းနာအတတ်ပညာနှင့်ပတ်သက်၍ ကျွန်တော်သိပ်မရေးချင်။ အတတ်ပညာနည်းနာဆိုသည်ကလည်း ကိုယ့်နည်းနှင့်ကိုယ်စွမ်းသလောက် ကိုယ်လုပ်ကြရသည်။ အကယ်၍နည်းနာဟုပြောလိုက်လျှင် နည်းသေဖြစ်သွားမည်ကို စိုးရိမ်ရသည်။ နည်းသေဖြစ်လျှင် တိုးတက်မည်မဟုတ်ပေ။ လွတ်လွတ်လပ်လပ် မိမိရေးချင်သလိုရေးဖွဲ့ရမည်ဟုသာ ကျွန်တော်ယုံကြည်သည်။

ကျွန်တော် ဆယ်ကျော်သက်အရွယ် ကဗျာရေးဖွဲ့စက ဂန္ထဝင်နည်းနာများကို အခြေပြု၍ရေးဖွဲ့သည်။ ထို့နောက် သမိုင်းခေတ်များကို ဖြတ်သန်းလာသောအခါ မိမိပတ်ဝန်းကျင်အကြောင်းအရာများက ထူးခြားရိုက်ခတ်လာသည်။ မိမိပတ်ဝန်း

mgyoe.com

mgyoe.com

ကျင် ခေတ်ပြိုင်ခံစားမှုအကြောင်းကို ရေးဖွဲ့ဖြစ်လာတော့သည်။ နည်းနာသည်လည်း ပြောင်းလဲလာသည်။ အထူးသဖြင့် နည်းနာပညာရပ်ကလည်း ပြောင်းလဲလာသည်။ မပြောင်းလဲ၍မဖြစ်။ နည်းနာအသစ်များ ရရှိလာသည်။ ဤသို့လျှင် ပြောင်းလဲလာသည့် ခေတ်ပြိုင်အခြေအနေများအရ ယနေ့ကဗျာဖွဲ့စည်းပုံ ပြောင်းလဲလာသည်မှာ သဘာဝတ္တတရားဖြစ်ပေသည်။ အဖွဲ့အစည်းတစ်ရပ် ထူထောင်သောအခါ ယင်းသည်လည်း သမိုင်းခေတ်များကို ဖြတ်သန်းရင်း ပြောင်းလဲလာသော အခြင်းအရာများအလိုက် ဖွဲ့စည်းပုံသည်လည်း ပြောင်းလဲလာသည်ကို သမိုင်းအတွေ့အကြုံအရ သိနိုင်သည်။ နှစ်ကာလ ကြာလာသောအခါ မူလဖွဲ့စည်းပုံ ဥပဒေအတိုင်း မဟုတ်တော့ပေ။

ကျွန်တော်သည် မိမိ၏စာပေသက်တမ်း တစ်လျှောက် ကဗျာပုံသဏ္ဍာန်များကို ရွေးချယ်လာရာ လေးလုံးစပ်လင်္ကာပုံသဏ္ဍာန်ကို အနှစ်သက်ဆုံးအဖြစ် ရွေးချယ်လိုက်သည်။ ကျွန်တော့်အဖို့ လေးလုံးစပ်လင်္ကာသည် လွတ်လပ်၍ လိုသလိုရေးဖွဲ့နိုင်သော ကဗျာပုံသဏ္ဍာန်ဟု နားလည်လိုက်သည်။

အခြားသူများအဖို့ မပြောတတ်ပေ။ လေးလုံးစပ်လင်္ကာပုံသဏ္ဍာန်သည် လွန်ခဲ့သော အနှစ် ၇၀၀ ကတည်းက တည်ရှိခဲ့သည်။ သို့သော် ကျွန်တော်သည် မူလကအတိုင်း လေးသုံးနှစ်ဟူသော အရင်းခံစနစ်ကို အမြဲတမ်းသုံးခဲ့သည်မဟုတ်ပေ။ ခံစားမှုများ၏ စေစားချက်အတိုင်း ကာရန်စနစ်ကို လွတ်လွတ်လပ်လပ်သုံးခဲ့သည်။ တစ်နည်းဆိုရသော် မိမိဖွဲ့နွဲ့လိုသော အကြောင်းအရာအလိုက် လေးလုံးထက်နည်းသည့်အခါ နည်းမည်။ ကျွန်တော့်အဖို့ အနှောင်အဖွဲ့မဟုတ်။

ကျွန်တော်က မဲဇာဟုခေါ်သော မှော်ဘီကျေးလက်ရှိ အိမ်တွင်ကဗျာ ဆွေးနွေးပွဲလေးလုပ်ခဲ့သည်။ စာပေဝေဖန်ရေးဆရာ မောင်စွမ်းရည်၊ တင်မိုး၊ မင်းလူညွန့်ကြူး၊ ဝေဖန်ရေးဆရာ ကိုမြဇင်တို့ ပါသည်။ ကဗျာအလုပ်ရုံသဘောမျိုးတော့ မဟုတ်။ အပြန်အလှန်ဆွေးနွေးသည့်သဘော၊ အယူအဆ ဖလှယ်သည့်သဘော။ သို့သော် အကျိုးရှိသည်ဟု ကျွန်တော်က ယူဆသည်။ ကဗျာနည်းနာ အတတ်ပညာနှင့်ပတ်သက်၍တော့ မဆွေးနွေးဖြစ်၊ အပေါ်ယံမျှသာ။

ယနေ့ သင်ရိုးညွှန်းတမ်းပညာရေးစနစ် သိသူတစ်ယောက်ပါလာ၍ ကျွန်တော်ကျောင်းပညာစနစ်အကြောင်း သိသွားရသည်။ ကျွန်တော်ကတော့ ကျွန်တော်ငယ်စဉ်က သင်ကြားခဲ့ရသော ကိုလိုနီခေတ်ပညာရေးစနစ်ထဲမှ မြန်မာစာသင်ကြားရေးကို

mgyoe.com

mgyoe.com

နားလည်နေသည်။ သည်အတိုင်းမဟုတ်တော့ပေ။ မုဆိုးစိုင်သင်သဘောကို ကိုမြဇင်က လက်ခံသည်။

တကယ်ကတော့ ကဗျာနည်းနာအတတ်ပညာသည် မခက်ဟုယူဆသည်။ ရေးဖွဲ့ရင်းတတ်လာသည်။ အရေးကြီးသည့်အရာမဟုတ်ဟုလည်း ကျွန်တော်ထင်နေသည်။ အရေးကြီးသည်က အနုပညာ၊ အနုပညာဖြင့် ဖော်နိုင်သောဒဿန၊ အနုပညာဆိုသည်က မိမိခံစားမှုကို ခံစားသည့်အတိုင်း အခြားသူများခံစားနားလည်အောင် ဆောင်ရွက်သောအလုပ်ဖြစ်သည်။

တစ်ယောက်နှင့်တစ်ယောက်လည်း မတူ၊ ထို့ကြောင့်လည်း ကျွန်တော်သည် အနုပညာနှင့် စာပေ၏အတ္တရုပ်ပုံလွှာကို ဖော်ပြသောအခါ မိမိအတွေ့အကြုံကိုသာလျှင် အခြေခံထား၍ ဖော်ပြခဲ့ဖူးသည်။ အနုပညာသဘောမဟုတ်။ လိုက်နာရန်မဟုတ်။ ကဗျာအလုပ်ရုံမျိုးက ရှုပ်ထွေးနေသော အချိန်အခါမျိုး။ ပြောင်းလဲလှုပ်ရှားနေသော အချိန်ကာလမျိုးတွင် လိုအပ်နေသည်ဟုထင်သည်။

ဤသို့ မိမိတို့၏အတွေ့အကြုံများကို အပြန်အလှန် စိစစ်သုံးသပ်ခြင်းသည် ရှေ့တက်လမ်းအတွက် အကျိုးရှိမည်ဟုထင်မိပေသည်။ ယခုကဲ့သို့ ခေတ်ပေါ်ကဗျာ အယူအဆများ အကွဲကွဲအပြားပြား အမျိုးမျိုးပေါ်နေချိန်တွင် ပို၍လိုအပ်သည်မဟုတ်ပါလား။ ။

ရုပ်ရှင်တေးကဗျာရသစုံမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၉၄။

mgyoe.com

mgyoe.com

ကဗျာကာရန်ပြဿနာ

ထိုအခါက ၁၉၄၇-၅၀ ပတ်ဝန်းကျင်လောက်က အစဉ်အလာသမားများက ကျွန်တော်၏ လွတ်လပ်သောကဗျာပုံသဏ္ဍာန် (ဒါတောင် ယခုလောက် မလွတ်လပ်သေး၊ သို့သော် ထိုအချိန်အခါကမူ ခေတ်ဦးဖြစ်၍ သူတို့အမြင် လွတ်လပ်လျော့ရဲနေသည်ဟု မှတ်ထင်ကြမည်ပင်) ကို မနှစ်သက်ကြ။ ကဲ့ရဲ့ကြသည်။ ဂန္ထဝင်ဟန်ကဗျာများ ရေးခဲ့သည်ကို ဖတ်ဖူးသူ အစဉ်အလာသမားများက ကျွန်တော်သည် မသိ မဟုတ်၊ သိလျက်နှင့် တမင်တကာ ကဗျာစည်းကမ်းများကို ဖျက်ပစ်နေသည်ဟု ယူဆကြပေသည်။ ကျွန်တော်နှင့်ခေတ်ပြိုင်စာရေးဆရာများက ကရုဏာဒေါသောဖြင့် သူတို့၏ ဝတ္ထု၊ ဆောင်းပါး စသည်တို့မှ ပြက်ရယ်ပြုကြသည်။ တင့်တယ်က "ကဗျာဝိဒူ ကိုဖိုးငှ" ဟူသော ဝတ္ထုတိုကလေး ရေးကာ ချိတ်ရိပ်ရေးလိုက်သည်။ ကျွန်တော်၏ "တောမင်းသမီး"ကဗျာကို ပြောင်ကာ "မြို့၏ချွေးမ" ဟု ဆိုလိုက်သည်။ မောင်ထင်က ၁၉၅၀ က "ကဗျာသစ်" ဟူ၍ သူ၏လေအတိုင်း ပြက်ရယ်ပြု၍ခေါ်လိုက်သည်။

သူက ...

"ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့် ဤဘက်ခေတ်၌ ကာရန်အဆီအငေါ် မတည့်သော ကဗျာများကို New Art Form ခေါ် အလင်္ကာသစ်မြောက်သော ကဗျာအဖြစ်ဖြင့် ရေးသူက ရေး၍၊ လက်ခံသူက လက်ခံပြီးလျှင် ဝေဖန်သူက ဝေဖန်လျက်ရှိကြသည်..."ဟူ၍ နိဒါန်းပြုကာ။

"ကျွန်ုပ်၌ တကယ့်အလင်္ကာမြောက်စာပေသည် ကဗျာသစ်များကိုရင်ဆိုင်ရန်သတ္တရ ပြဖွံ့သောသတ္တိ အလျင်းမရှိ။ သို့ရာတွင် လေးလုံးတစ်ပိုဒ် ကာရန်ကို

mgyoe.com

mgyoe.com

သုံးလျက် ကာရန်မမိသော ကဗျာတို့ကိုလည်းကောင်း၊ သံချိုစပ်နည်းကိုယူ၍ စပ်ပါလျက်နှင့် သံချိုလည်းမကျ၊ လေးချိုးလည်းမခေါ်နိုင်သော ကဗျာတို့ကိုလည်းကောင်း၊ တကယ့်အလင်္ကာသစ်မြောက်သော စာများကဲ့သို့ ယုံမှတ်မှားနေကြပုံကို တွေ့မြင်ရသော် ဦးစွာပထမ၌ အလွန်ပင် စိတ်ပျက်မိ၏။ နောက်အဖို့၌ကား အတော်ပင် သနားမိ၏...” ဟု ခံစားနေပေသည်။

သို့သော် သူ၏ ‘ကာရန်သည် မြန်မာကဗျာ၏အသက်ဖြစ်၍၊ မြန်မာ့ကဗျာလမ်းစဉ်ဖြစ်ပေသည်’ ဟု ယင်းကဗျာသစ်ဆောင်းပါး(၁၉၇၀)၌ ဖော်ပြထားပေရာ ယင်းအချက်၌ကား ကျွန်တော်နှင့် သဘောချင်း မကွဲလွဲလှပေ။ ကာရန်ဆိုတာ ဘာလဲ၌ကား သဘောတူချင်မှ တူကြပေမည်။

ထိုအခါကား အဟောင်းနှင့်အသစ် တိုက်ပွဲစသော ကာလဖြစ်သည်။ လွတ်လပ်ရေးရပြီးခါစ၊ ဖွံ့ဖြိုးစ၊ ထွန်းသစ်စ အမျိုးသားနိုင်ငံတော်များ ကြုံတွေ့ရတတ်သော အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု၏ ရိုက်ခတ်ချက်တစ်ရပ်ဖြစ်သည်။ ပြည်သူတို့သည် နိုးကြားလာ၍ လွတ်လပ်ရေးစိတ်ဓာတ်နှင့်အညီ လူးလွန့်ကြသည်။ အကင်းအငုံများ ထွက်ပြူရန် အားထုတ်နေကြသည်။ ဒီမိုကရေစီတော်လှန်ရေး၏ လက္ခဏာများပင်ဖြစ်သည်။ သူတို့၏တိုးတက်မှုကို ဟန့်တားထားသော နှောင်ကြိုးများကို ခံစားမိသူများသည် လူးလွန့်လှုပ်ရှားကြခြင်းဖြစ်သည်ဟု နောင်အခါ သုံးသပ်မိပေသည်။

တကယ်ကတော့ ပြောင်းလဲခြင်း၏သဘောတရားပင် ဖြစ်သည်။ ကဗျာ၏ အနုပဋိလောမ သဘောတရား။ ကျွန်တော်တစ်ယောက်တည်း အလိုလိုပြောင်းလဲဖြစ်ပေါ်နေခြင်းမဟုတ်၊ ကျွန်တော့်စိတ်က ပြောင်းလဲနေခြင်းလည်းမဟုတ်။ ကျွန်တော့် ပတ်ဝန်းကျင် ရုပ်ကမ္ဘာကြီးက ပြောင်းလဲလာခြင်း။ ခေတ်သစ်တစ်ခေတ်ဝင်လာခြင်း သဘော။

ကျွန်တော်သည် မိမိ၏ကဗျာအတ္ထုပ္ပတ္တိကို အမှတ်ရလာရင်း ပြောင်းလဲမှုသဘောတရား အဓိပ္ပာယ်နှင့်ယှဉ်ကာ သုံးသပ်မိပေသည်။ ကျွန်တော်၏ကဗျာဟန်များ ပြောင်းလဲခြင်းသည် ပတ်ဝန်းကျင်ရုပ်ကမ္ဘာကြီး၏ ပြောင်းလဲခြင်းကြောင့်ဖြစ်သည်။ ရုပ်ကမ္ဘာကြီးက ထင်ဟပ်ရိုက်ခတ်လိုက်သောကြောင့် ကျွန်တော်က တုံ့ပြန်ခံစားသည်။ ယင်းခံစားမှုကို ကဗျာဖွဲ့ချင်သည့်စိတ်က ပြင်းထန်လာသည်။ ခံစားမှုကို မခုခံနိုင်တော့။ ခံစားမှုတင်မက ယုံကြည်ချက်များလည်း ပါလာသည်။ အာရုံခံစားမှုအသံကနေ့ တွေးခေါ်သံ ဖြစ်လာမြဲ။ သည်ကစပေသည်။

mgyoe.com

mgyoe.com

ထိုအခါ ကာရန်နှင့် မပတ်သက်၍ မရတော့။ ကဗျာစ၍ဖွဲ့ကတည်းက ကာရန်နှင့်ပင် သီကုံးရသည် မဟုတ်လား။

သို့သော် ကာရန်ဆိုတာဘာလဲ။ ရှေးအစဉ်အလာသမားတို့က အသံဟု နားလည်ကြသည်။ ကျွန်တော်လည်း အစက အသံဟုယုံခဲ့သည်။ သို့သော် ရေးသား လာသောအခါ အတွေ့အကြုံအရ အသံက အရေးမကြီးတော့။ အဓိပ္ပာယ်က အရေးကြီးသည်။ အဓိပ္ပာယ်ကသာ ခံစားမှုကို ဖော်ပြနိုင်သည်။ အဓိပ္ပာယ်ကသာ ခံစားမှုကို ကိုယ်စားပြုနိုင်သည်။ အဓိပ္ပာယ်ဆိုသည်မှာ စကားလုံး၊ ခံစားမှု ဆိုသည် ကလည်း စကားလုံး။

ကျွန်တော်သည် ခံစားမှု၊ ယုံကြည်မှု၊ တွေးခေါ်မှုတို့ကို ဖော်ပြသော၊ ကိုယ်စားပြုသော စကားလုံးများကို စီလိုက်ခြင်းသာဖြစ်သည်။ တစ်ပါဒနှင့် တစ်ပါဒကို ကာရန်ဖြင့် ဆက်စပ်သည်။ ကာရန်ဆိုသည်မှာ ဘာမှခက်ခဲလှသည်မဟုတ်။ အသံ ငြိလျှင် ကာရန်မိသည်မဟုတ်ပါလား။ မြန်မာကဗျာ၌ အထူးသဖြင့် လေးလုံးစပ်လင်္ကာ သွား၌ အသံတူသည် ကာရန်ပင် မဟုတ်ပါလား။ မြန်မာဘာသာစကားလုံးမှာ အခြား အနောက်နိုင်ငံ၊ အင်ဒိုအာရိယံဘာသာစကားနှင့်မတူဘဲ အသံများ(ဗဟုဝဏ္ဏ) ပေါင်းမှ အဓိပ္ပာယ်ထွက်သော စကားလုံးမျိုး မဟုတ်ဘဲ၊ အသံတစ်လုံး အဓိပ္ပာယ် ထွက်သော ဧကဝဏ္ဏဖြစ်ပေရာ အသံတူ ရှာစရာ၊ အသံတူ မိစရာ ဘာမှအခက်အခဲ မရှိ။ လေးချိုး၊ တေးထပ်၊ ဘောလယ် စသော အသံအနိမ့်အမြင့်၊ အသံအတိုအရှည် သဘော (ဝါ) အသံစီးဆင်းပုံစနစ်သဘောပါသော ကဗျာပုံသဏ္ဌာန်များတွင်တော့ ကာရန်သည် အရေးကြီးသည်။ အသံတူရုံနှင့် မရ။ အသံအနိမ့်အမြင့် တွဲဖက်ပုံ ပါ ပါဝင်နေသည်။ ကာရန်သည် အသံ၊ အသံသည် ကာရန်။ အင်ဒိုအရိယံဘာသာ စကားတွင်ရှိသော မီတာသဘောမျိုး။

နောက်ပိုင်းတွင် ကျွန်တော်စပ်သော လေးလုံးစပ်လင်္ကာများတွင်ကား ခံစားမှု အကြောင်းအရာ(စကားလုံး)က ပြဋ္ဌာန်းသောနေရာ၌ ကာရန်(အသံ)ရှိသည်။ စကား လုံးသည် အသံ၊ ဧကဝဏ္ဏကသာ စကားလုံးဖြစ်၍ စကားလုံးတိုင်းတွင် အသံရှိနေ သည်။ ထို့ကြောင့် ပိုလွယ်သည်။ သုံးချက်ညီရန် မလိုလျှင် ခံစားမှုစကားလုံးအလိုအရ ထားလိုက်သည်။

ဖိတ်လက်ဖဲကြိုး

ပြိုးပြက်ခင်းထား၊ ကားများပြေးလွှား

mgyoe.com

mgyoe.com

မြားဟုန်ပစ်လွှတ်၊ တိုက်ဟန်ပွတ်ဖြတ်
ထဘီတစ်ထပ်၊ ဇာသပ်လက်ကား
ဖိနပ်ဖြူခုံမြင့်၊ လွင့်ဝဲဆံပင်ရှည်
ဘောင်းဘီဖင်ကျပ်၊ စပို့ရှပ်ဝါ
ရယ်ကာပြုံးကာ၊ လှမ်းလာဝေရီ....

ဖဲကြိုး(ကဲ့သို့) ဖိတ်လက်(သော) ပြုံးပြက်(သော) (လမ်းပေါ်၌) ကားများ မြားဟုန်ပစ်လွှတ် (သကဲ့သို့) တိုက်ဟန်ပွတ်ဖြတ် (နေစဉ်) ထဘီတစ်ထပ်(နှင့်) ဇာသပ်လက်ကား (အင်္ကျီနှင့်) ဖိနပ်ဖြူခုံမြင့် (စီးထားသော ကောင်မလေးနှင့်) ဆံပင်ရှည်လွင့်ဝဲ (နှင့်) ဘောင်းဘီဖင်ကျပ် (နှင့်) စပို့ရှပ်အဝါ (ဆင်ထားသော ကောင်လေးတို့) ရယ်ကာပြုံးကာ ရီဝေ (စွာ) လှမ်းလာနေသော ဆူးလေဘုရားလမ်း ညနေမြင်ကွင်းကို ဖော်ထားသည်။

ဘာခက်တော့သလဲ။ ကာရန်သည် အသံဟုတ်ပါသေးသလား။ အနက် အဓိပ္ပာယ်ပင် မဟုတ်ပါလား။ မြန်မာစကားလုံးထဲ၌ အသံပါပြီးသားဖြစ်၍ အနက် အဓိပ္ပာယ်(ဝါ)စကားလုံးသည်ပင် ကာရန်ပင်မဟုတ်ပါလား။ ။

mgyoe.com

mgyoe.com

ကျွန်တော်က ကိုမြဇင်အား ကာရန်သည် အခေါ်အဝေါ်ပွားနေသည်ဟုပြောလိုက်သည်။ ကာရန်ဟူသော စကားလုံးမှာ ပါဠိစကားလုံးဖြစ်သည်။ စာလုံး၏အဆုံးအသံဟု အဓိပ္ပာယ်ထွက်သည်။ အခေါ်အဝေါ်လွဲသော်လည်း အသိမှာမလွဲ။ ပုဂံခေတ်ကစ၍ မြန်မာစာပေတွင် ပါဠိဘာသာစကားသည် များစွာသြဇာလွှမ်းမိုးသည်။ ထို့ကြောင့် ပါဠိဘာသာစကားဖြင့်သာလျှင် ခေါ်ဝေါ်ခဲ့ကြသည်။ ကာရန်၏မူရင်းအဓိပ္ပာယ်မှာ စကားလုံး၏ အဆုံးသံကိုဆိုလိုသည်။ အင်ဒိုဥရောပဟူသော ဘာသာစကားတွင် အသံများစွာဖြင့် ဖွဲ့စည်းထားသောစကားလုံးများဖြစ်ကြသည်ကို ဘာသာဗေဒသဘော ဖြင့် ဗဟုဝဏ္ဏဟု ခေါ်ကြသည်။ ကျွန်တော်တို့ မြန်မာစကားကတော့ တစ်သံသည် စကားလုံးဖြစ်နေသည်။ တစ်သံနှင့် အဓိပ္ပာယ်ပေါ်လွင်သည်။ ထို့ကြောင့် လင်္ကာ ကဗျာဖွဲ့သီသောအခါ တစ်သံတူစနစ်၊ တစ်သံတည်းစနစ်ဖြင့်သာလျှင် သီကုံးခဲ့ကြသည်။ ထို့ကြောင့် ကျွန်တော်က အခေါ်အဝေါ်လွဲမှားသည်ဟု ကိုမြဇင်အား ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် အသုံးကတော့ မမှား၊ အသံတူစနစ်ဖြင့်သာလျှင် နှစ်ပေါင်းများစွာ ပုဂံခေတ်ကတည်းက ကဗျာဖွဲ့သီကြသည်။ ကာရန်မသုံးဘဲ ဖွဲ့သီကြလျှင် မည်ကဲ့သို့သော အသံစနစ်ဖြင့် ဖွဲ့မည်လဲဟု ကျွန်တော်စိတ်ဝင်စားသည်။

ထို့ကြောင့်ပင် ကိုမြဇင်အား လင်္ကာသီကုံးမှုကိုရိယာဟု ပြောလိုက်ခြင်းဖြစ်သည်။ ကာရန်စနစ် (ဝါ) အသံတူစနစ်ဖြင့် ကာရန်ကိုမသီကုံး မဖွဲ့နွဲ့လျှင် မည်သည့်

---

* ဆရာဒဂုန်တာရာ၏မိသားစုထံမှ ရရှိသည့် လက်ရေးမူဆောင်းပါးတွင် ခေါင်းစဉ်တပ်မထားပါ။

mgyoe.com

mgyoe.com

စနစ်ဖြင့် သီကုံးမည်လဲ၊ မည်သည့်အသံစနစ်ဖြင့် သီကုံးမည်လဲဟု ကျွန်တော်စိတ်ဝင်စားသည်။

ထို့ကြောင့်ပင်လျှင် ကာရန်မပါဘဲ လင်္ကာကဗျာဖွဲ့နွဲ့မည့်သူနှင့်တွေ့လျှင် မေးလေ့ရှိသည်။ ကဗျာအလုပ်ရုံသဘောမဟုတ်သဖြင့် စကားအလျဉ်းသင့်သလိုမေးရသည်။ သူတို့ထံမှ ကျွန်တော်ကျေနပ်သောအဖြေမရ၊ ကိစ္စမရှိ၊ တချို့က ရိုးသားစွာပြောကြသည်။ တချို့ကဟန်လုပ်သည်။ တစ်ယောက်တော့ ခံစားမှုအတိုင်းကျွန်တော်တော့ရေးလိုက်တာပဲ၊ ကျွန်တော်ကြိုက်သွားသည်။ ရိုးသားသောအဖြေ၊ ဆန်းသစ်မှုအစတွင် ဤသို့ပင်ခံစားမှုကို ရိုးသားစွာရေးသားရမည်။ သို့မှအသစ်ပေါ်ထွန်းလာမည်ဟု ယုံကြည်နေသည်။

ထိုသူပင် လခြား၍ တွေ့လိုက်သောအခါ အဖြေက တစ်မျိုးဖြစ်နေသည်။ ကျွန်တော်ကတော့ ကာရန်မပါအောင်ကို တမင်တကာရေးတယ်၊ ကာရန်ကိုရှောင်တယ်ဟုပြောလိုက်သည်။ ကျွန်တော် လန့်သွားသည်။ ကာရန်ပါအောင်ရေးခြင်းထက်ပင် ကာရန်မပါအောင်ရေးခြင်းက ပို၍ခက်သည်။ စကားပြောသလို တကယ်ပင်စာရေးဖြစ်သည်။ သို့သော် စကားပြောသကဲ့သို့တော့ ရေးသည်မဟုတ်။ စာရေးသကဲ့သာရေးဖြစ်သည်။ ဟုတ်သည် ကိုတင်မိုးပြောသလို စကားပြောသလိုရေးသည်။ စာဆိုအစစ်။

(၈)

သောကရန်နှံ့မွှေးနေစဉ် ၁၉၆၈ ကာလလောက်က မင်းသုဝဏ်၏သပြေညိုအိမ်တွင် ကဗျာအလုပ်ရုံစတင်သည်ဟု ကျွန်တော်ကြားရသည်။ ကျွန်တော့်ကိုမဖိတ်၊ ကိစ္စမရှိ။ သို့သော် ကိုတင်မိုးက ပထမတော့ မဖိတ်သေး၊ ကိုမြဇင်၏ ဥရောပကဗျာများအကြောင်း စတင်ဟောပြောသည်။ ထို့နောက် ဆရာမင်းသုဝဏ်က ဒဂုန်တာရာကို ဖိတ်မည်။ သူက စာပေလမ်းကြောင်းသစ် ရှာဖွေသူဖြစ်သည်။ သူ့ကိုပြောခိုင်းမည်။ ခုတော့ခဏနေဦးဟု ပြောကြောင်း တစ်ဆင့်သိရသည်။

ပထမတော့ ကျွန်တော့်အထင်အမြင်ကတစ်မျိုး ဆရာသည် ကျွန်တော်ကို နိုင်ငံရေးရာနှင့်ပတ်သက်၍ မဖိတ်သင့်ဟုဆိုကြောင်း တစ်ဆင့်စကားသိရသည်။ ယခုကိုတင်မိုးပြောတော့ အမြင်တစ်မျိုးပြောင်းမြင်ရသည်။ သို့သော် ကဗျာအလုပ်ရုံ ဆွေးနွေးပွဲဆိုသည်မှာ အချိန်ကြာသွားပြီး ဥရောပကဗျာနှင့်သာ အချိန်ကုန်သွားကြောင်း

mgyoe.com

mgyoe.com

သိရသည်။ ကျွန်တော့်ကိုဖိတ်ရန် ရက်ကြာသွား၍ မဖိတ်တော့ဟုသိရသည်။ ဒါက အရေးမကြီး၊ မဖိတ်သည်ဖြစ်စေ၊ ဖိတ်သည်ဖြစ်စေ ကျွန်တော့်အယူအဆနှင့်ကျွန်တော် ရှိနေသည် မပြောင်း၊ ကျွန်တော်ကပင် ရယ်စရာအဖြစ်ပြောခဲ့သည်။ အဲသည့်ခေတ် ပေါ်ကဗျာများ သန္ဓေတည်စကဖိတ်လျှင်လည်း သန္ဓေဖြတ် ပစ်မှာပဲဗျာဟု ပြောခဲ့ သေးသည်။

ခေတ်ပေါ်ကဗျာ၏စံတွင် အမျိုးသားစံဖြင့်သာလျှင် ဖွဲ့စည်းရမည်ဟုကျွန်တော် ယူဆထားသည်။ ကျွန်တော့်အယူအဆမပြောင်း ဥရောပသည် ဥရောပ၊ အနောက် သည်အနောက်၊ အရှေ့သည်အရှေ့ ကျွန်တော် ကစ်ပလင်၏ကဗျာကိုပင် သတိရမိ သေးသည်။ ခေတ်မီရေးအယူအဆတော့ ကျွန်တော့်မှာရှိသည်။ ခေတ်မီရမည်။ သို့သော် ခေတ်မီရေးသည် အမျိုးသားအင်အားပေါ်တွင်တည်၍ ခေတ်မီရမည်။ ခေတ်မီရေးနှင့် အနောက်ဆန်ရေးသည် တခြားစီ အနောက်ဆန်ရေးသည် အနောက် ဆန်ရေး ခေတ်မီရေးမဟုတ်။

ယနေ့ကမ္ဘာကြီးသည် ယခင်ကထက်ပို၍ ဆက်စပ်နေသည်။ တသီးတခြားစီ မဟုတ်တော့ သိပ္ပံနည်းပညာများကြောင့် အီလက်ထရောနစ် ဆက်သွယ်မှုကြောင့် ပို၍ပင် ဆက်စပ်နေသည်။ တောင်နှင့်မြောက် အရှေ့နှင့် အနောက် ယနေ့ကမ္ဘာကြီး ဘာဖြစ်နေသည်ကို ချက်ချင်း ထိတွေ့ခံစားရသည်။ ဂြိုဟ်တုမှတစ်ဆင့် ကမ္ဘာကြီးဘာဖြစ် နေသည်ကို မြင်ရကြားရသည်။ သည်တော့ ခေတ်မီရေးသည်ပို၍ ပင်လိုအပ်နေပါ သည်။ သို့သော် ခေတ်မီရေးနှင့် အနောက်ဆန်ရေးသည် အတူတူ မဟုတ်။ ဆက် စပ်တော့နေသည်။ သို့သော် အတူတူမဟုတ်။ ကျွန်တော်သည် တယောကိုတင်ရီ၏ မြန်မာတေးကို ခေတ်မီသောတယောသံဖြင့် ဖန်တီးထားသည်ကို ကြားရပြီးနောက် ဝေဖန်ချက်ပင်ရေးခဲ့သေးသည်။ ခေတ်မီရေးသည် အမျိုးသားအရေး။ အနောက်အရေး မဟုတ်၊ ဥရောပအရေး မဟုတ်၊ မြန်မာအရေး၊ မြန်မာစံ။

(ဃ)

သပြေညိုအရိပ်ကဗျာအလုပ်ရုံလုပ်ငန်းကို ကျွန်တော်ကောင်းစွာ မသိ။ ဟိုတစ်စ သည်တစ်စ ကြားဖူးရုံသာဖြစ်သည်။ အစီရင်ခံစာ သို့မဟုတ် မှတ်တမ်းများ အထင်အရှား ပေါ်ထွက်လာသည်မဟုတ်။ ထို့ကြောင့် ကိုးကားစရာမရှိ၊ ယနေ့လူငယ် များအဖို့ သက်ကြီးစကား သက်ငယ်ကြား သဘောသာ၊ သူတို့ မိသည်မဟုတ်

mgyoe.com

mgyoe.com

ထိုအခါက ကဗျာအလုပ်ရုံစခန်းဝင်သူတစ်ဦးဖြစ်သော ကိုမြဇင်က ကဗျာကို ကာရန်မပါဘဲနှင့် ရေး၍ရပါသည်ဟုဟူ၍ ပြောဆိုသံကို ဖတ်ရဖူးသည်။ မိမိကိုယ်တိုင် ကာရန်မပါဘဲ ရေးစပ်ထားသော ကဗျာရေးပြီးနောက် ထိုကဗျာကို စာဖတ်သူတို့က အတည်ပြုပြီး နောက်ပြောလျှင် ပို၍အဓိပ္ပာယ်ရှိပေမည်။ ကာရန်နေရာတွင် မည်သည့်စပ်နည်းက အစားဝင်လာသလဲဆိုသည်ကို ကျွန်တော်ကသိချင်နေသည်။ လွန်ခဲ့သော နှစ်နှစ်လောက်က ဖြစ်မည်။ ကိုမြဇင်နှင့် ညှော်ခံပွဲတစ်ခုတွင် သွားတွေ့သည်။ ကျွန်တော်က ထိုင်လျက် သူက မတ်တတ်ရပ်ကာ ကျွန်တော့်ကို နှုတ်ဆက်သည်။ ကျွန်တော်က အင်္ဂလိပ်ဘာသာစကားဖြင့် သူ့ကိုပြောလိုက်သည်။ သူက အင်္ဂလိပ်စာသန်သူ မဟုတ်လား၊ ခေတ်ပေါ် မြန်မာကဗျာများကိုလည်း အင်္ဂလိပ်ဘာသာ ပြန်ဆိုသူဖြစ်သည်။ ကာရန်လို့ခေါ်ထားတာက (MISNOMER) အမည်အခေါ် မှားနေခြင်း၊ နောက်ပြီးတော့ Instrument of versification (သီကုံးမှုကိရိယာ) ဟု ပြောလိုက်သည်။

သူလည်း ဘာမျှပြန်မပြော၊ နောက်ထပ်လည်း မတွေ့တော့၊ ၁၉၄၇ လောက်က ကျောင်းနေဖက်မိတ်ဆွေ ကိုမြစိန်နှင့်တွေ့သည်။ ကျွန်တော်က ခေတ်ပေါ်ကဗျာကို ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဝံသာနုစာပေမှ ရေတွက်သည်။ ၂၀ ရာစုနှစ်အစ၊ ခေတ်ပေါ်စာပေ၏ အတွေးအခေါ်စကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းထံမှ ရရှိသည်။ ကျွန်တော်ထင်သည်။ ကဗျာအဖွဲ့အနွဲ့သစ်ကို ခေတ်စမ်းစာပေက လွန်ခဲ့သောအနှစ် ၇၀ ခန့်ကပင် ရေးဖွဲ့ပြီးပြီ။ ဆရာကြီးက သူ၏သမိုင်းခေတ်ပြိုင်ခံစားမှုကို အရပ်သုံးစကားဖြင့် မဟာလေးချိုးကဗျာဖြင့် ရေးဖွဲ့သည်။ နှစ်ပေါင်း ၉၀ ခန့်က ဖြစ်သည်၊ ခေတ်စမ်းကဗျာကတော့ ပုဒ်ရေကန့်သတ်ချက်မထားဘဲ လွတ်လပ်စွာရေးဖွဲ့သော အဖွဲ့အနွဲ့ လင်္ကာပုံသဏ္ဌာန်၊ အကြောင်းအရာကတော့ သူ့ပတ်ဝန်းကျင်၊ သခင်ကိုယ်တော်မှိုင်းကတော့ နန်းရင်ပြင် ကျောင်းသင်္ခမ်း ဇာတ်လမ်းမဟုတ်ဘဲ မိမိခေတ်ပြိုင်သမိုင်းခေတ်၏ တကယ်ရှိသော အမျိုးသားလှုပ်ရှားမှုကို ထင်ဟပ်ဖွဲ့နွဲ့လိုက်သည်။ ယင်းတို့သည် ကျွန်တော်တို့ ဆက်ခံလိုက်သော ခေတ်ပေါ်စာပေ၏ အစဉ်အလာသစ် မဟုတ်ပါ။ ။

၂၈-၃-၉၈

mgyoe.com

mgyoe.com

သဇင်နှစ်ခက်

(၁)

ကျွန်တော်မွေးဖွားရာဒေသမှာ ဗုဒ္ဓယဉ်ကျေးမှုဖြင့် ထုံမွှမ်းမွေးလှိုင်သော ဒေသ ပတ်ဝန်းကျင်ဖြစ်သည်။

ဧရာဝတီမြစ်ဝကျွန်းပေါ် မြစ်လက်တက်ကလေးတစ်ခု၏ ကမ်းနဖူးပေါ်ရှိ ကျေးရွာကလေးတစ်ရွာမှာ ကျွန်တော်ချက်မြှုပ်ရာဖြစ်သည်။ ကျေးရွာဟုပင် ဆိုရသော်လည်း အိမ်စုကလေးမျှသာ တစ်အိမ်နှင့်တစ်အိမ်မှာ လှမ်းသည်။ လှေ၊ သမ္ဗန်များထားရာ ချောင်းမြောင်းငယ်လေးများဖြင့် ခြားထားတတ်ကြသည်။ အိမ်စုများမှာ မြစ်ကမ်းတစ်လျှောက် စီလျက်ရှိသည်။ အိမ်ရှေ့၌တံတားများရှိသည်။ အိမ်များမှာ ဥယျာဉ်ခြံမြေများကြား၌ ရှိတတ်သည်။ ရွာ၏ကျောဘက်တွင် ကြည့်၍မဆုံးသော လယ်ကွင်းကြီးများရှိသည်။ စပါးလှေ့သော တလင်းပြင်များမှာ စပါးကျီများနှင့် မနီးမဝေးတွင်ရှိတတ်သည်။ ရွာတစ်ဖက်စွန်းမှ တိုင်ကူချောင်းသည် ဖျာပုံဘက်သို့ ပေါက်အောင် ခွေဝိုက်စီးဆင်းလျက်ရှိနေသည်။ အိမ်၏ခေါင်းရင်း ကွမ်းသီးခြံကျော်လျှင် ဘုန်းကြီးကျောင်းရောက်သည်။ ရွာသားများသည် ဘုန်းကြီးကျောင်းမှ မြန်မာစာသင်ကြားတတ်မြောက်ကြရသည်သာ ဖြစ်သည်။ ရွာသားတို့သည် ဝါဝင်ဝါပ ယင်းရွာဦးဘုန်းကြီးကျောင်းတွင် အလှူအတန်း၊ သီတင်းဥပုသ်ဆောက်တည်ခြင်းများ ပြုလုပ်ကြသည်။ မိုးတွင်း၌ လယ်ဆင်းကြပြီး ဆောင်းတွင်းစပါးပေါ်၊ ရောင်းကြဝယ်ကြကာ နွေတွင် လှူဒါန်းကြ ပွဲလမ်းကြည့်ကြ ပျော်ကြရွှင်ကြသည်။ ဤကား ရိုးရာဘဝဖြစ်သည်။ ကြေးစည်သံနှင့် အိုးစည်သံ၊ ဒိုးပတ်သံတို့သည် ရေယုက်ကာ

mgyoe.com

mgyoe.com

မြည်ကျူးလျက်ရှိသည်။ ဗုဒ္ဓယဉ်ကျေးမှုသည် ရိုးရာဘဝများကို ပက်ဖျန်းဆင်သထားသည်။ ကျေးလက်ပြည်သူတို့သည် သူတို့တစ်သက်တာ ကာလပတ်လုံး ပျော်ရွှင်ချမ်းသာ တင်းတိမ်ရောင့်ရဲစွာ နေထိုင်သွားကြသည်။ ဤပတ်ဝန်းကျင်မှ ကျွန်တော်သည် မွေးဖွားလာခြင်းဖြစ်သည်။

နည်းနည်းကြီးပြင်းလာသောအခါ မြို့ပြသို့ရောက်သည်။ တောမြို့ဖြစ်၍ ဗုဒ္ဓယဉ်ကျေးမှုက ထုံမွှမ်းလျက်ရှိသည်။ ဗုဒ္ဓယဉ်ကျေးမှု၏ အနှစ်သာရမှာ ငြိမ်းချမ်းရေးဖြစ်သည်။ ဗုဒ္ဓတရားတော်၏ အနှစ်သာရမှာလည်း စိတ်၏ငြိမ်းအေးခြင်းဖြစ်သည်ဟု နားလည်မိသည်။

ငြိမ်းချမ်းရေးသည် အနုပညာ၊ စာပေဖူးပွင့်ရာ မြေခံရေခံဖြစ်သည်ဟု ခံစားမိသည်။ ငြိမ်းချမ်းရေး၏ ဆန့်ကျင်ဘက်အရာများသည် အနုပညာ၊ စာပေဖွံ့ဖြိုးစည်ပင်ခြင်းတို့ ဖျက်ဆီးကြသည်။ အနုပညာ၊ စာပေတို့၏ဂုဏ်မှာ အလှအပဖြစ်သည်။ ငြိမ်းချမ်းရေး၊ အနုပညာ၊ စာပေ၊ အလှအပစသည်တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှီတွယ်နေကြသော တရားများဖြစ်သည်ကို တွေ့ရသည်။ ငြိမ်းချမ်းရေးအခြေအနေရှိမှ အနုပညာ၊ စာပေတို့သည် လွတ်လပ်စွာ ပွင့်ဖူးနိုင်သည်။ ငြိမ်းချမ်းရေး အခြေအနေရှိနေပြီဆိုလျှင် ညီညွတ်စည်းလုံးလျက်ရှိသောကြောင့် ဖြစ်သည်။ ညီညွတ်စည်းလုံးလျက် ရှိပြီဆိုကတည်းက အေးချမ်းသာယာကာ စည်ပင်ဝပြောနေရမည် ဖြစ်ပေသည်။ ထိုအခါ အနုပညာ၊ စာပေတို့သည် ပွင့်လန်းနေမည်သာ ဖြစ်ပေမည်။

ကဆုန်လရောက်လျှင် ညောင်ရေသွန်းကြသော ဓလေ့မှာ စိတ်အေးချမ်းစရာမြင်ကွင်းတစ်ခုဖြစ်သည်။ တောကျေးလက်များတွင် ယင်းမြင်ကွင်းသည် မဆန်း။ ကျွန်တော်သည် ကဗျာတစ်ပုဒ်ဖွဲ့နွဲ့မိသည်။

ကဆုန်လဝယ်

ပက်ကြားအက်တို့
ဟက်တက်ကွဲရာ၊ ဟမာမာနှင့်
ထိလာရုခြစ်၊ အထစ်ထစ်တည့်
ထူပျစ်လိမ်းကျံ၊ ရွှံ့ခြောက်မံ၍
ကော့လံရိုးပြတ်၊ အငုတ်ဖတ်တို့

mgyoe.com

mgyoe.com

သွေ့ရှတ်ငေါင်းစင်း၊ အပူပြင်းဝယ်
တင်းတင်းစူးစူးနေကြ၏။

နေကျဲကျဲ၌
ကျွဲလူးအိုင်လျှင်၊ ရေမတင်၍
အပြင်မဲမဲ၊ ထူခဲခဲနှင့်
ကွဲအက်ရှုံ့တွ၊ အလှိုင်းထသည်
နေကပူသော်၊ ခက်ထော်သော်လျင်
ငေါငေါသွေ့သွေ့ ခြောက်ခြောက်တည်း။

နုံးရေစပ်မှ
ထူထပ်တွဲဆိုင်း၊ ကျူရိုးရိုင်းလျှင်
အပြိုင်းပြိုင်းကျွတ်၊ ရွဆတ်ဆတ်နှင့်
ရွက်ဖတ်ဝါဝါလောင်လောင်တည့်။

မြေနီလမ်းကား
မရန်းပင်အုပ်၊ တရစပ်လျှင်
ပြည့်ညပ်အသိပ်၊ ဖုံးကာပိတ်လည်း
အေးရိပ်မတွေ့၊ ပူရှိန်ငွေ့သာ
လေဝှေ့ကြွေကျွမ်း၊ အမှည့်ရှမ်းတို့
မရန်းသီးပင်ပူနွေးလျက်။

ဤမျှပူစွ
ပြူစူကျိန်ဆဲ၊ နွေယွန်းဆဲဝယ်
သဲဖြူလမ်းကွေ့ စေတီရှေ့၏
ခြသေ့်မော့မော့၊ စောင်းတန်းကြော့သို့
အသော့ကိုယ်စီ၊ ကခုန်သီလျက်
အိုးစည်လင်းကွင်း၊ မြွေတစင်းဖြင့်

mgyoe.com

mgyoe.com

သီချင်းကြော်ကြော်၊ ကျူးမှုတ်အော်၍
ပွဲတော်ညောင်ရေသွန်းရန်တည်း။

ထဘီတိုတို
ရေစိုစက်စက်၊ ခေါင်းခုထက်ဝယ်
ရွှက်ကြကိုယ်စီ၊ ဝါနီမြေအိုး
ငွေအိုးဖလား၊ ပိတ်စိမ်းပါးဖြင့်
လွှမ်းထားအပြည့်၊ ရေကြည်ထည့်ရှင့်
ငှဲ့လှည့်လောင်း၍သွန်းကုန်၏။

ညောင်ပင်ရင်းဝယ်
စီးဆင်းစိမ့်ဝင်၊ မြေဥပင်လျှင်
သွင်သွင်စက်စက်၊ စိုကုန်လျက်တည့်
အမျက်ပျဉ်းငွေ၊ သစ်မြေခွေထိ
ရေစွတ်ထွန်းအိုင်၊ ညောင်မြစ်တိုင်သည်
ပျံ့လှိုင်ဆွတ်ကြလေကုန်၏။

လဝန်းပြည့်လည်း
ထွန်းစည့်ငွေရည်၊ ဖိတ်ဖိတ်လည်သည်
အေးကြည်ချမ်းမြ၊ ရွှန်းရွှန်းပသည့်
ရက္ခညောင်ညို၊ စိမ်းပျိုပျိုသည်။
စွတ်စိုလရောင် စက်စက်နှင့်။ ။

ဂန္ထဝင်ဂျာနယ်၊ ၁၉၅၃။

ကျွန်တော်မွေးဖွားကြီးပြင်းလာရာ တောကျေးလက်မြင်ကွင်းမှာ စွဲလမ်းထင်ကျန်ရစ်ဟန် တူသည်။ ကဆုန်လရောက်သောအခါ ပူလောင်ခြင်းကို ငြိမ်းစေသည့် မြင်ကွင်းသည် ပေါ်လာသည်။ ညောင်ပင်သည် ဗုဒ္ဓ၏သစ္စာတရား သိမြင်ခြင်း၏ သင်္ကေတဖြစ်သည်။ ဗုဒ္ဓသည် ညောင်ပင်ရင်း၌ ဓမ္မစကြာတရားဟောပြောခြင်း

mgyoe.com

mgyoe.com

ဖြစ်သည်။ နွေအခါ ညောင်ပင်ကို ရေသွန်းလောင်းကာ အေးမြစေခြင်းသည်လည်း ငြိမ်းချမ်းရေးဆောင်ရွက်ခြင်း၏ သင်္ကေတဖြစ်သည်ဟု ဆိုနိုင်သည်။ ဤကား ဗုဒ္ဓယဉ်ကျေးမှုသဘော ဖြစ်ပေသည်။ ကျွန်တော်၏ကဗျာတွင် ရေဖြင့်စွတ်စိုလျက်ရှိသော ညောင်ပင်နှင့် လပြည့်ဝန်း၏ လရောင်ဖြင့် စိတ်ကူးရုပ်ပုံဖော်ကာ အလှကိုဖွဲ့နွဲ့လိုက်ခြင်းဖြစ်သည်။ ကျွန်တော်၏ ခံစားမှုမှာ ငြိမ်းချမ်းရေးသက်သက်မဟုတ်။ အလှအပခံစားမှုဖြင့်လည်း စပ်ပစ်လိုက်ချင်သည်။ ကျွန်တော်၏ ကဗျာမြင်ကွင်းမှာ မြေအိုးတွင် ရေထည့်ရွက်သူ၊ ငွေဖလားတွင် ရေထည့်သူတို့ ရောယှက်ပါနေသည်ကို ယခု ကဗျာပြန်ဖတ်သောအခါ တွေ့ရသည်။ လယ်သမားသမီးနှင့် မြေရှင်သမီးပါ ပါဝင်ဟန်တူသည်။ ယင်းသည် ဗုဒ္ဓယဉ်ကျေးမှု သဘောပေလော။ ညောင်ပင်ရင်းသို့ လူတန်းစားမရွေး ရောက်သည့်သဘောပေလော။ ငြိမ်းချမ်းရေးသည် လူတန်းစားမရွေးမြတ်နိုးသော တရားပင်မဟုတ်ပေလော။

တကယ်ကတော့ ကျွန်တော်ငယ်စဉ်က စွဲလမ်းခဲ့သော မြင်ကွင်းကို ပြန်လည်ခံစားကာ ဖော်ပြသော ရသဖွဲ့နွဲ့မှုတစ်ခုပင်ဖြစ်သည်။

(ခ)

ကျွန်တော်သည် ကိုယ့်တရားနှင့်ကိုယ် နေထိုင်သူဖြစ်သည်။ မိမိ အတွေ့အကြုံကို မှတ်သားကာ ခွဲခြမ်းစိစစ်သည်။ မတရားမှုကို မလုပ်။ အမှန်တရားကို တက်နိုင်သမျှ ရှာဖွေသည်။ မိမိအားမတရားပြုသူ၊ ရန်ပြုသူကို ခွင့်လွှတ်သည်းခံသည်။ အာဃာတ မထား။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ဟူ၍ သဘောထားသည်။ တတ်နိုင်သမျှ တရားတာ၊ မှန်တာကိုလုပ်ဖို့ ကြိုးစားအားထုတ်သည်။ စိတ်အညစ်အကြေးများကင်းစင်အောင် တတ်နိုင်သမျှ ကြိုးစားသည်။ ဒါလောက်ပါပဲ။ ကြီးကြီးကျယ်ကျယ် မဟုတ်ပါ။

၁၉၄၇ က ကဗျာတစ်ပုဒ်ကို ပြန်ဖတ်မိသည်။ ရေးဖွဲ့စဉ်က သဇင်ပန်းအလှကို စိတ်လှုပ်ရှားမိရင်းက ဖွဲ့လိုက်ခဲ့ခြင်းဖြစ်သည်။ မိမိ၏စိတ်ကူးနှင့် သဇင်အလှကို ပေါင်းစပ်လိုက်သည်။

mgyoe.com

mgyoe.com

သဇင်နှစ်ခက်

ကျိုက်ထိုသူမိတ်ဆွေတစ်ဦးရယ်က
တင့်ထူးသည့်လက်ဆောင်ပါတဲ့
မေတ္တာတော်ထိမ်းအမှတ်ရယ်ဟု
တောရပ်မြိုင်မြင့် ပင်ထက်ဆီက
သဇင်နှစ်ခက်ကိုတဲ့ပါးလိုက်တယ်။

အိုး… လှလိုက်ပါဘိ
ကြည်စင်စွာလွလွဆွတ်ပါလို့
ဆိုင်မြွတ်ကာကဗျာဆန်ရှင့်
မြရိုးတံလုပ်လီလှဲ့ရယ်နှင့်
တုတ်တဲ့တီဖြူငွေပွင့်တွေက
ဆင့်ရရင့်သွယ်ရရွယ်။

ပန်းတစ်ခက်ကိုလှ
ဆက်ကပ်ရန်စေတနာဖြင့်
မြတ်ဗုဒ္ဓာဖလ်ညောင်အိုးမှာ
စိုက်ထိုးကာပူဇော်တင်၍
ခိုင်သဇင်ကျန်တခက်ကိုတော့
ခေါင်းထက်မှာဝေဝေပန်လျက်
ညဉ့်ဦးယံလရောင်ကွေ့မှာလှ
တူတွေ့ကာစက်ရာခန်းမှာဖြင့်
ချစ်ပန်းပွင့်မောင်နှင့်မယ်
ကျီစယ်ငဲ့ညဉ့်လုံး။

နောက်တစ်နေ့တွင်
ပြတင်းနေခြည်ဝင်မှ

mgyoe.com

mgyoe.com

နှိုးလျှင်ပင်ကျောင်းဆောင်ခန်းဆီသို့
မျှော်လှမ်းကာ မေအမြင်ဖြင့်
မြတ်သဇင် သည်ညောင်အိုးမှာလှ
မည့်ပြုံးပါစိမ်းစိုလျှက်ပါကလား
ခေါင်းထက်မှာ သဇင်ခွေမတော့
ဘွေသဉ္ဇာစက်ရာထဲမှာလှ
ပြန့်ကြဲကာမွကြွေနွမ်းကုန်ကြ
ပန်းသဇင်ဘယ်အတွက်
ညှိုးရက်သတုံး။

တာရာမဂ္ဂဇင်း၊ ၁၉၄၇။

ယင်းကဗျာမှာ မူလက တာရာမဂ္ဂဇင်းတွင်ပါရှိသည်။ ၁၉၆၂ အလင်္ကာကဗျာ ပေါင်းချုပ်တွင် ယင်းကဗျာကို ထည့်သွင်းသောအခါ သဇင်နှစ်ခက်ဟူသော ခေါင်းစဉ် အောက်တွင် ဒုတိယခေါင်းစဉ်အဖြစ် 'အပျိုမကလေး၏အတွေး' ဟူ၍ ဖြည့်ထည့် လိုက်သည်။ သဇင်နှစ်ခက်အနက် ဘုရားစင်က သဇင်ကတော့ လန်းဆန်းပြီး ချစ်သူနှင့် တွေ့ဆုံခဲ့သော မိမိ(အပျိုမကလေး) ခေါင်းက သဇင်ကတော့ ဘာကြောင့် ညှိုးရသလဲဟု ပုစ္ဆာထုတ်လိုက်သည်။

ကျွန်တော်ကား ဗုဒ္ဓကျမ်းစာတို့ကို ကျကျနန တတ်သူတစ်ယောက်မဟုတ်။ ပါဠိတတ်မှ ဗုဒ္ဓစကားကို ကောင်းစွာနားလည်မည်ဟု ယူဆထားသည်။ ငယ်စဉ်က ပါဠိယူဖူးသော်လည်း ပါဠိတတ်သူမဟုတ်။ သို့သော် ဗုဒ္ဓယဉ်ကျေးမှုအောက်တွင် ကြီးပြင်းလာသူဖြစ်၍ ဗုဒ္ဓဘာသာဆန်သော အတွေးအခေါ်များ မည်မျှ ကဗျာတွင် သက်ရောက်နေသလဲမသိ။ ကိလေသာဖြင့် ညစ်နွမ်းသဖြင့် အပျိုမကလေး၏ ခေါင်းမှ သဇင်သည် ညှိုးသွားရသည်ဟု တင်စားထားလေသလော။

ယခုပြန်ဖတ်သောအခါ ခံစားမိပေသည်။ ။

မိုးဝေမဂ္ဂဇင်း၊ မေ၊ ၁၉၈၁။

mgyoe.com

mgyoe.com

အချစ်နှင့် အမုန်း

(က)

ကဗျာဆရာ၊ ဝတ္ထုရေးဆရာ၊ ပြဇာတ်ရေးဆရာ၊ ရသဟန်စကားပြေ အဖွဲ့အနွဲ့ဆရာ စသော စာရေးဆရာတို့ တစ်ယောက်နှင့် တစ်ယောက် အနုပညာအတွေ့အကြုံချင်း တူညီကြသည် မဟုတ်ပေ။ တစ်ယောက်ချင်းသာမက(ဝါ) ကဗျာဆရာ ကဗျာဆရာချင်း၊ ဝတ္ထုရေးဆရာ ဝတ္ထုရေးဆရာချင်းတို့သာမက ကဗျာဆရာနှင့် ဝတ္ထုရေးဆရာ၊ ဝတ္ထုရေးဆရာနှင့် ပြဇာတ်ရေးဆရာ စသည်ဖြင့် အနုပညာအတွေ့အကြုံချင်း တူကြသည်မဟုတ်။ တစ်သဝေမတိမ်း တူကြသည်မဟုတ်။ ယင်းစာပေအနုပညာတို့သည် ဖွဲ့နွဲ့မှု အတတ်ပညာချင်းကလည်းမတူ။ အနုပညာရှင်တို့၏ ခံစားမှုချင်းကလည်း မတူကြလေသဖြင့် ယင်းသို့ မတူကြခြင်းဖြစ်သည်ဟုပင် ဆိုနိုင်သည်။

သဘာဝလည်းကျသည်။ မတူကြသဖြင့် အနုပညာဟုခေါ်ခြင်းဖြစ်သည်ဟုပင် ဆိုချင်သည်။ တစ်ပုံစံတည်း၊ တစ်ဆင်တည်းဆိုပါက လူသားတို့ ဖန်တီးဆန်းသစ်သော အနုပညာရပ်ဟူ၍ ဘယ်မှာပြော၍ ရနိုင်တော့မည်နည်း။ အနုပညာသည် စက်ရုံမှ ပုံစံခွက်ဖြင့် ထုတ်လုပ်၍ ထွက်ကာ ကျဆင်းလာသော ပစ္စည်းမဟုတ်ပေ။

မတူခြင်းသည်ပင်လျှင် အနုပညာ၏သဘောဟု ဆိုလိုက်သည်မှာ ကျွန်တော်တို့၏စာပေ၊ အနုပညာအတွေ့အကြုံမှရရှိသော အသိဖြစ်သည်။

mgyoe.com

mgyoe.com

(ခ)

အနုပညာလုပ်ရပ် တစ်ခု၏ တည်တံ့ခိုင်မြဲမှုသည် ယင်းအနုပညာ၏ ရသအင်အား တစ်ခုတည်းပေါ်တွင် တည်နေသည်မဟုတ်။ အနုပညာခံစားသူဖြစ်သော ပရိသတ်ပြည်သူအပေါ်တွင်လည်း တည်ရှိသည်။ အနုပညာ၊ အနုပညာရှင်၊ အနုပညာ ပရိသတ် ယင်းတို့သည် ဆက်စပ်မှီတွယ်နေကြသော အရာများဖြစ်ကြသည်။

အနုပညာသည် ခံစားမှု၊ အနုပညာရှင်သည် ခံစားမှုကို ဖွဲ့နွဲ့ဖန်တီးသူ။ အနုပညာ ပရိသတ်သည် အနုပညာကို ခံစားနှစ်သက်သူ။ အနုပညာသည် လူသားတို့၏ ခံစားမှုကို ဖော်ပြသော ပညာရပ်ဖြစ်သည်။

အနုပညာရှင်သည် လူသားတစ်ယောက်ဖြစ်ပြီး လူသားတို့၏ ခံစားမှုကို ဖွဲ့နွဲ့သူဖြစ်သည်။ ပရိသတ်သည်လူသားဖြစ်၍ လူသားတို့၏ ခံစားမှုအကြောင်းကို ဖွဲ့နွဲ့ထားသည့် အနုပညာကို ခံစားနှစ်သက်သူ ဖြစ်သည်။ အားလုံးလူသားတို့၏ အခြင်းအရာပေါင်းစုဖြစ်သည်။ တစ်နည်းဆိုရသော် အနုပညာသည် လူသားပညာရပ်ဟုပင် ဆိုနိုင်သည်။ လူသားဗေဒပညာရပ်။

လူသားတို့၏ ကမ္ဘာကြီးသည် တစ်ပုံစံတည်းမဟုတ်။ အနိမ့်အမြင့်၊ အချိုင့်အဝှမ်း၊ ရေမြေတောတောင် မြစ်ချောင်း အင်းအိုင်၊ ပင်လယ်ကမ်းမြောင်တို့ဖြင့် ရောပြွမ်းလျက်ရှိသည်။

လူသားတို့သည်လည်း တစ်ပြေးညီတစ်ပုံစံတည်း မဟုတ်ကြ။ ဆင်တူဝတ်စုံ ဆင်ယင်နေကြသည်မဟုတ်။ အရွယ်အမျိုးမျိုး၊ အဆင်အမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ လူသားတို့၏ ဘဝပုံသဏ္ဍာန်သည် အမျိုးမျိုးအထွေထွေ။

လူသားတို့၏ ခံစားမှုရသ၊ လူသားတို့၏ အကြိုက်ကလည်း အမျိုးမျိုးအထွေထွေ။ ထိုအခါ လူသားတို့၏အနုပညာ ခံစားမှု၊ လူသားတို့၏ အနုပညာပုံသဏ္ဍာန်တို့ အမျိုးမျိုး အထွေထွေ ကွဲပြားခြားနားချက် ရှိကြသည်မှာ ဘာများဆန်းသလဲ၊ သဘာဝတ္တတရားဖြစ်သည်။ ယင်းတရားကို မလွန်စကောင်း။

ဇာတ်ပွဲတစ်ပွဲကို ကြည့်ကြသူ ပရိသတ်ထဲတွင်ပင် အကြိုက်တစ်ခုတည်းကြောင့် ကြည့်ကြခြင်းမဟုတ်။ ပရိသတ်ထဲတွင် အကြိုက်အမျိုးမျိုး ရှိနိုင်သည်။

မင်းသားကိုကြိုက်၍၊ မင်းသမီးကိုကြိုက်၍၊ ဇာတ်အခင်းကိုကြိုက်၍၊ ရှေ့ပိုင်းခေတ်ပေါ်ပြဇာတ်ကိုကြိုက်၍၊ လူရွှင်တော်ကိုကြိုက်၍၊ နှစ်ပါးသွားကိုကြိုက်၍၊ မင်းသားတစ်ယောက်တည်းကိုပင်လျှင် အဆိုကိုကြိုက်၍၊ ရုပ်ကိုကြိုက်၍၊ အပြောကိုကြိုက်၍၊

mgyoe.com

mgyoe.com

အခမ်းအနား ပန်းချီအပြင်အဆင်ကို ကြိုက်၍ စသည် စသည်ဖြင့် အကြိုက်အမျိုးမျိုး ကွဲပြားကြသည်။

ခံစားမှုအမျိုးမျိုးဖြင့် ကြိုက်ကြခြင်းဖြစ်သည်ဟု ဆိုနိုင်မည်ထင်သည်။

ဝတ္ထုဖတ်ရာတွင်လည်း ယင်းသို့ပင်ဖြစ်မည်။ ဇာတ်လမ်းကိုကြိုက်သူ၊ အရေးအသား အဖွဲ့အနွဲ့ကို ကြိုက်သူ၊ ဇာတ်ကောင်စရိုက်ကိုကြိုက်သူ၊ ဒဿနကိုကြိုက်သူ စသည်ဖြင့် အကြိုက်အမျိုးမျိုးရှိကြမည်။ ကဗျာခံစားရာတွင် စိတ်ကူးကို နှစ်သက်သူ၊ စာလုံးအလှအပများကို နှစ်သက်သူ၊ ဒဿနကိုအလေးထားသူ စသည်ဖြင့် ကဗျာပရိသတ် အမျိုးမျိုးရှိကြမည်။

ကဗျာဆရာ တစ်ယောက်တည်းကို ဖတ်သူပင်လျှင် သူ၏ကဗျာအားလုံးကို ကြိုက်ချင်မှကြိုက်ကြမည်။ ကဗျာဆရာကလည်း သူ၏စာပေသက်တမ်း တစ်လျှောက် ကဗျာအမျိုးအစား တစ်သားတည်း ပုံတူရေးဖွဲ့နေမည် မထင်။ သူဖြတ်သန်းသွားသော ခေတ်တစ်လျှောက် သူတွေ့ကြုံခံစားသွားရသည့် အကြောင်းအရာတို့ကို ရေးဖွဲ့မည်သာ ဖြစ်ပေမည်။

ယင်းသို့ပင် အနုပညာပုံသဏ္ဌာန်၊ ဟန်ပန်အမျိုးမျိုးအထွေထွေ ရောပြွမ်းလျက်ရှိသောကြောင့်ပင် ခံစားမှုအမျိုးမျိုး ရောပြွမ်းလျက်ရှိသော အနုပညာပရိသတ်၏ ဆန္ဒမျိုးစုံကို ဖြည့်စွမ်းနိုင်ခြင်းဖြစ်သည်။

ကမ္ဘာကြီးသည် ပြောင်းလဲလျက်ရှိသည်မှာ မှန်သော်လည်း တစ်ပုံစံတည်း ဖြစ်လာအောင် ပြောင်းလဲနေမည်မဟုတ်။ မိမိတို့ဒေသ ရေမြေတောတောင် မိမိတို့ အမျိုးသားရိုးရာ အစဉ်အလာ၊ မိမိတို့စီးပွားရေးစနစ် ပတ်ဝန်းကျင်အလိုက်သာလျှင် ပြောင်းလဲနေကြသည်သာ ဖြစ်သည်။

တစ်ပုံစံတည်း ဖြစ်နေကြသည်မဟုတ်။ သိပ္ပံပညာ၊ နည်းပညာတို့ ထွန်းကားနေသော ယနေ့ခေတ်သစ်ကမ္ဘာတွင် အနုပညာပြန့်ပွားမှုသည် လျင်မြန်ကျယ်ဝန်းလာနေရာ အနုပညာပုံသဏ္ဌာန်တို့သည် ကူးလူးဆက်သွယ်လျက်ရှိနေသည်။ သို့သော် တစ်ပုံစံတည်းကားမဟုတ်။

မိမိတို့အရောင်၊ မိမိတို့ရနံ့ မိမိတို့အသံ ဟန်ပန်နှင့်သာ ထွန်းကားနေကြသည်။

ယင်းသို့လျှင် မတူကွဲပြားခြားနား ရောပြွမ်းလျက် ပြောင်းလဲနေသော်လည်း လူသားတို့၏ တူညီသော ရည်မှန်းချက်သည်ကား ရှိမြဲရှိသည်သာ။ ယင်းသည်ကား အခြားမဟုတ်။ ငြိမ်းချမ်းရေးတရား ဖြစ်သည်။ တစ်နည်းဆိုရသော် လူသားမေတ္တာ

mgyoe.com

mgyoe.com

တရားဖြစ်သည်။

ပင်ကိုအားဖြင့် လူသားတို့သည် ငြိမ်းချမ်းရေးကို မြတ်နိုးသည်။ လူသားတို့၏ ထာဝစဉ် တောင့်တချက်မှာ ငြိမ်းချမ်းရေးဖြစ်သည်။ လူသားအချင်းချင်း ချစ်ခင်သော စိတ်သည် လူသားမေတ္တာတရားပင် ဖြစ်သည်။ ယင်းသို့ဆိုသဖြင့် ကမ္ဘာကြီးသည် ငြိမ်းချမ်းလေသလော။ မဟုတ်ပေ။

စစ်ပွဲတို့ရှိခဲ့သည်။ ရှိနေသည်။ သို့သော် စစ်ပွဲတို့ဖြစ်နေသည့်ကြားကပင် ငြိမ်းချမ်းရေးအင်အားစုတို့က ငြိမ်းချမ်းရေးနည်းလမ်းကို ရှာဖွေလျက်ပင်ရှိနေသည်ကို တွေ့နိုင်သည်။ ယနေ့ကမ္ဘာကို ကိုင်လှုပ်နေသည့် ပြဿနာသည်ကား စစ်နှင့်ငြိမ်းချမ်းရေး ပြဿနာပင်ဖြစ်သည်။

လူသားတို့၏ ချစ်ခြင်းမေတ္တာတရား (ဝါ)ငြိမ်းချမ်းရေးတရားကို လူသားပညာရပ်ဖြစ်သော အနုပညာတွင် မတွေ့နိုင်ပေသလော။

(၈)

ကျွန်တော်သည် ၁၉၅၁ လောက်ကစ၍ ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ လောက်ကစ၍ ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှု အကြောင်း ရေးသားဖော်ပြခဲ့သည်။ ကျွန်တော်သည် ယုံယုံကြည်ကြည်နှင့် ရေးသားဆောင်ရွက်ခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးအဖွဲ့အစည်းများတွင် (အာဏာနိုင်ငံရေးသမား) တချို့၏ပြုမူချက်ကို စိတ်ပျက်မိသော်လည်း ဆက်လက်ပါဝင်ဆောင်ရွက်ခဲ့သည်။

လက်နက်ပိုင်ရှင် နိုင်ငံကြီးတချို့သည် တစ်ဖက်က ငြိမ်းချမ်းရေးစကားပြောနေသော်လည်း စစ်ပွဲများခင်းနေကြသည်ကို တွေ့ရ၍ စိတ်ပျက်ရသော်လည်း ကျွန်တော်သည်ပင် ယင်းငြိမ်းချမ်းရေးတရားဓမ္မကိုကား မစွန့်လွှတ်ခဲ့ပေ။ ယုံကြည်မြဲ ယုံကြည်လျက်ပင် ရှိနေသည်။

နိုင်ငံရေးစနစ်ချင်းမတူသော်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သည် ဟူသော တရားကို ကျွန်တော်နှစ်သက်သည်။ သို့သော် သူတို့သည် မကျင့်သုံးကြပေ။

လူသားတို့၏ အင်အား (ဝါ)အများစုကြီးဖြစ်သော ပြည်သူတို့၏ စွမ်းအားကို ကိုယ်စားပြုသော တကယ်ကြီးမားလွှမ်းမိုးသော ခေတ်တွင်ကား ငြိမ်းချမ်းရေးသည် ထာဝစဉ်တည်ရှိမည်ဟု ယုံကြည်မိပေသည်။ ထိုအခါ လူသားတို့၏ ချစ်ခြင်းမေတ္တာတရားသည် လွှမ်းမိုးနေမည်ဟု ယုံကြည်မိပေသည်။

mgyoe.com

mgyoe.com

'အချစ်နှင့်အမုန်း' ဟူသော ကဗျာကို ယင်းယုံကြည်ချက်ဖြင့်ပင် ၁၉၈၀ တွင် ရေးသားခဲ့သည်။

အချစ်နှင့်အမုန်း

ပျိုးသောသစ်ပင်
ရှင်သန်သောခါ၊ မြေမှာပေါက်လာ
ဖူးညွှာသီးဆင့်၊ အပွင့်ခိုင်တွဲ
ကြဲသောမျိုးကို ခူးရမြဲ။
အမုန်းပင်ကို
စိုက်လိုမှုကား၊ ဝန်တိုပြူစူ
မကြည်ဖြူစတမ်း၊ ဆိုးသွမ်းရက်စက်
ညှဉ်းပန်းလေရာ၊ လိမ်ညာဖုံးဝှက်
လုယက်သတ်ဖြတ်၊ သူ့အားရှုံ့ရှာ
မေတ္တာကင်းပ၊ မဲ့ကြရွဲ့ကြ ကဲ့ရဲ့ကြ
ရန်သူကပိုင်း၊ တစ္ဆေသချိုင်း
တောရိုင်းကန္တာရ၊ ခြောက်သွေ့လှသည်
သူ့ဘဝ အထီးကျန်။

အချစ်ပင်မျိုး
စိုက်ပျိုးသူကား၊ သနားကြင်နာ
ညှာတာသည်းခံ၊ စံလျှင်ဝေမျှ
ခံစရာရှိက၊ ရှေ့မှသူရပ်
မားမားမတ်သည်၊ အများပြည်သူ
လူ့တကာက၊ မြတ်နိုးခံရ
မေတ္တာခံရ၊ ရန်သူမရှိ
လိုလားသူသာ၊ ဝန်းရံကာလျက်
နှစ်သက်ခင်မင်၊ လွတ်လပ်ပျော်ရွှင်

mgyoe.com

mgyoe.com

စည်ပင်ဝပြော၊ လုပလန်းဆန်း
ငြိမ်းချမ်းသာယာ အေးမြမြ။
အမုန်းပင်မျိုး
သည်အမျိုးလျှင်၊ အချစ်ပင်မပေါက်
မုန်းညှောက်ညွန့်ကြွ၊ သူ့ဘဝ၏
ဓမ္မတရား၊ သင်ကြားခဲ့သည်
သင် ဘယ်သစ်ပင်စိုက်မည်နည်း။ ။

၁၉၈၁၊ အောက်တိုဘာ၊ ရှုမဝမဂ္ဂဇင်း။

ကျွန်တော်သည် ပန်းပွင့်ချိန်ကိုမျှော်မှန်းတွေးခေါ်ကာ ရေးဖွဲ့မိခြင်းဖြစ်သည်။ လူသားတို့၏ မျှော်မှန်းချက်၊ လူသားတို့၏ ချစ်ခြင်းမေတ္တာတရားကို ကိုယ်စားပြုမည်ဆိုလျှင် ပန်းပွင့်ချိန်မျှော်မှန်းချက်သည် အားကောင်းသည်ဟု ဆိုနိုင်မည်ထင်သည်။

အချစ်ပန်း ပွင့်ချိန်တွင် ကမ္ဘာကြီးသည် အေးချမ်းသာယာကာ အနုပညာတို့ လွတ်လပ်စွာဖူးပွင့်ဝေဆာမည် ဖြစ်ပေသည်။ ။

ဇူလိုင် ၁၉၈၇၊ စံပယ်ဖြူအမျိုးသမီးမဂ္ဂဇင်း

mgyoe.com

mgyoe.com

ဖန်ခွက်ပောင်းနှင့် စပျစ်အရက်ချိုသစ်

(က)

ဖန်ခွက်ပောင်းထဲတွင် စပျစ်အရက်ချိုသစ်ထည့်ခြင်းဟူသောစကားမှာ အနောက်နိုင်ငံတွင်သုံးသော အနုပညာဆိုင်ရာ ဥပမာစကားလုံးဖြစ်သည်။ ပုံသဏ္ဍာန်ပောင်းနှင့် အကြောင်းအရာသစ် ဆက်သွယ်ပုံကို တင်စားကာ သုံးနှုန်းသောစကားစုဖြစ်သည်။ ဖန်ခွက်ပောင်းထဲတွင် အရက်သစ်ထည့်၍ ရ၊ မရ ဟူသော ဥပမာစကားဖြင့် အကြောင်းအရာနှင့် ပုံသဏ္ဍာန်ပြဿနာကို အရပ်သုံးစကားဖြင့် တင်စားဖော်ပြလိုက်သော အဓိပ္ပာယ်ဖြစ်သည်။ အနုပညာဆိုင်ရာပြဿနာတစ်ခုဟု ပြောလျှင်ရသည်။

အတွေးအခေါ်ရော၊ ဒဿနဗေဒနယ်ပယ်တွင် မည်သည့်အရာကိုပင် သုံးသပ်သုံးသပ်၊ မည်သည့်ပြောင်းလဲခြင်းတရားကိုပင် လေ့လာလေ့လာ၊ အကြောင်းအရာနှင့် ပုံသဏ္ဍာန်ဟူသည် ဆက်သွယ်သည်ကို တွေ့ရမည်သာဖြစ်သည်။

ကျွန်တော်တို့ အခြားတိုင်းတစ်ပါးများသို့ သွားရောက်လည်ပတ်သည့်အခါ အိမ်ရှင်တို့က သူတို့၏ရှေးဟောင်းအဆောက်အအုံ၊ ရှေးဟောင်းပစ္စည်းများကို လိုက်လံပြသကြသောအစီအစဉ် အမြဲတမ်းပါသည်။ သူတို့၏ ရှေးဟောင်းပုံသဏ္ဍာန်များဟု ဆိုကြပါစို့။ ကျွန်တော်တို့လည်း ရှေးဟောင်းတောက်ပမှုတို့ကို စိတ်ဝင်စားကြသည်။ ရှေးဟောင်းများကိုကြည့်ခြင်းဖြင့် သူတို့၏ ရာဇဝင်ကြီးကျယ်မှု အတိုင်းအတာကို သိနိုင်သည်ဟုထင်သည်။ အိမ်ရှင်တို့သည် နန်းတော်များ၊ ဘုရားရှိခိုးကျောင်းများကို ပြကြသည်။ နန်းတော်နှင့် ဘုရားရှိခိုးကျောင်းတို့မှာ ခမ်းနားထည်ဝါခြင်းတွင် တူကြသည်။ ဘုရားရှိခိုးကျောင်းဆိုသည်မှာလည်း ပဒေသရာဇ်ဘုရင်မင်းများ ကိုးကွယ်ရာ

mgyoe.com

mgyoe.com

ဖြစ်၍ ခမ်းခမ်းနားနားတည်ဆောက်ထားခြင်းဖြစ်သည်။ နန်းတော်ဟူသည်မှာ အုပ်စိုးသူတို့ စံမြန်းရာဖြစ်၍ ရွှေရောင်တလက်လက် ခမ်းခမ်းနားနား တည်ဆောက်ထားသည်။ နန်းတော်သည် အလုံခြုံဆုံးသောနေရာ၊ အကောင်းဆုံးနေရာတို့တွင် တည်ထားကြသည်မှာ သဘာဝကျသည်ဟုဆိုနိုင်သည်။ အုပ်စိုးသူ ဘုရင်မင်းမြတ်တို့မှာ နိုင်ငံတော်၏အမြင့်ဆုံးနေရာတွင်ရှိသူအဖြစ် အမြင့်ဆုံးအကောင်းဆုံးနေရာတွင်နေရမည်ဟု ယူဆသောကြောင့်ဖြစ်သည်။ ကျွန်တော်ရောက်ဖူးသော ရဲတိုက်၊ နန်းတော်တို့မှာ ယင်းအတိုင်းပင်ဖြစ်သည်ကို တွေ့ရသည်။

ယင်းရဲတိုက်၊ နန်းတော် စသည်တို့မှာ ပဒေသရာဇ်ခေတ်၏ အမှတ်အသားပုံသဏ္ဌာန်များဖြစ်ကြသည်။ ထို့နောက် ပဒေသရာဇ်ခေတ်ကုန်ကာ ဓနရှင်ခေတ်ရောက်လာသည်။ ထိုအခါ ဓနရှင်အာဏာပိုင်တို့သည် ပဒေသရာဇ်ခေတ်က ရဲတိုက်၊ နန်းတော်တို့ကိုပင် ဆက်လက်အသုံးပြုသည်ကို တွေ့ရသည်။ အတွင်းအနှစ်သာရ (စာပေတွင်ကား အကြောင်းအရာဟုခေါ်သည်) ချင်းကား မတူတော့။ ပြောင်းလဲခဲ့ပြီး ရှေးက နိုင်ငံတော်အထွတ်အထိပ်သည် ဘုရင်မင်းမြတ်။ ယခု ဓနရှင်ဒီမိုကရေစီထွန်းကားသော သမ္မတနိုင်ငံတော်တွင်ကား သမ္မတ၊ ဥက္ကဋ္ဌ စသည်ဖြင့် အမည်ပြောင်းလဲခေါ်ဝေါ်ကြသည်။ သမ္မတကြီးသည် ရဲတိုက်၊ နန်းတော်တို့တွင် ဆက်လက်နေထိုင်တတ်ကြသည်။ ခေတ်သစ်စနစ်သစ်သို့ အနှစ်သာရအားဖြင့် ပြောင်းလဲလာပြီဖြစ်သော်လည်း စနစ်သစ်သည် သူ့အတွက် အသုံးဝင်သေးလျှင်၊ အကျိုးပြုနေသေးလျှင် ခေတ်ဟောင်းပုံသဏ္ဌာန်ကိုပင် ဆက်လက်အသုံးပြုသည်ကို တွေ့နိုင်သည်။

လွန်ခဲ့သော ၃၅ နှစ်ခန့်က ပီကင်းသို့ ငြိမ်းချမ်းရေးညီလာခံတက်ရန် ရောက်သွားခဲ့ရာ အပြည်ပြည်မှ ဧည့်သည်ကိုယ်စားလှယ်များကို ရှေးကဆင်းရဲသားပြည်သူတို့ ဝင်ခွင့်မရ၊ မင်းစိုးရာဇာတို့သာ ဝင်ခွင့်ရခဲ့သော မြို့ရိုးတံတိုင်းတို့အတွင်းရှိ နန်းမြို့ နန်းတော်ဆောင်တွင် ထမင်းစားပွဲဖြင့် ဧည့်ခံသည်ကိုတွေ့ရသည်။ ၁၉၅၃ က ဆိုဗီယက်ပြည်ထောင်စု၊ လီနင်ဂရက်မြို့ (ပီတာဘုရင်လက်ထက်က ပီထရိုဂရက်မြို့) သို့ရောက်သွားခဲ့ရာ ကျွန်တော်တို့ကို ဇာတ်ရုံတော်တစ်ခုသို့ အကဇာတ်တစ်ခုကြည့်ရန်ဖိတ်သည်။ ဇာတ်ရုံတော်ကြီးမှာ အစိမ်းရောင်နှင့် ရွှေရောင်ဖြင့် ခမ်းနားစွာဆင်ယင်ထားသည်။ ကျွန်တော်တို့ကို နောက်ဆုံး အပေါ်ထပ်ရှိသီးသန့်နေရာတွင် ချထားသည်။ ကြည့်သူမများ။ မိသားစုလောက်သာ ဆံ့မည့်နေရာမျိုး။ အိမ်ရှင်ရုရှားက "ဒါ ရှေးက ဇာဘုရင်တွေပွဲကြည့်တဲ့ ပွဲကြည့်ဆောင်ပေါ့။ ဒီခေတ်တုန်းကတော့

mgyoe.com

mgyoe.com

ဇာဘုရင်လာကြည့်ရင် သူ့ရှေ့မှာ ဘယ်သူမှမကြည့်ရဘူး။ အခုတော့ ပြည်သူတွေ ကြည့်နိုင်ကြပါပြီ" ဟုပြုံးကာ ကျွန်တော့်ကို ပြောပြနေသည်။ ကျွန်တော်ကလည်း ပြန်ပြုံးပြခဲ့သည်။

ကျွန်တော်တို့သည် အစိုးရကိုယ်စားလှယ်များ မဟုတ်ကြသော်လည်း ထိုအခါက ပြည်သူ့အဖွဲ့အစည်းကိုယ်စားလှယ်မှာ ပြည်သူတို့ကို ကိုယ်စားပြုသည်ဟု ယူဆကာ အစိုးရဧည့်သည်တော်ကဲ့သို့ပင် သဘောထားကြဟန်ရှိသည်။ တရုတ်ပြည်၊ ဆိုဗီယက်ပြည်ထောင်စုတို့က ယင်းသို့ သဘောထားရှိကြသည်ကို တွေ့ရသည်။ ကွန်မြူနစ်နိုင်ငံများမှ ကိုယ်စားလှယ်တို့မှာ အစိုးရရော ပြည်သူ့အဖွဲ့အစည်းများကိုပါ ပူးတွဲကိုယ်စားပြုတတ်ကြသည်။

ကျွန်တော်မှာ ကျောင်းသားဘဝကဖတ်ခဲ့သော သဘောတရားစာအုပ်များမှ နားလည်ခဲ့သော အသိအရ ဆိုရှယ်လစ်နိုင်ငံတော်တို့တွင် မနေရှင်နိုင်ငံတော်တို့နှင့် ခြားနားကာ ယခု အသစ်ဖြစ်ပေါ်နေပြီဟုထင်ခဲ့သည်။

၁၉၅၁ က ကျွန်တော်သည် ပြည်သူ့တရုတ်ပြည်သို့ ရောက်သွားခဲ့ရာ အပြန် တစ်လကြာသောအခါ ဂန္ဓာလရာဇ်အမည်ရှိ စာအုပ်တစ်အုပ်ရေးခဲ့သည်။ ယင်းစာအုပ်တွင် ပဒေသရာဇ်နန်းတော်ဟောင်းထဲတွင် ကျင်းပသော ဥက္ကဋ္ဌမော်၏ ဧည့်ခံပွဲထမင်းစားပွဲအကြောင်း ဖော်ပြခဲ့သည်။

အဆောင်စကြံကလေးမှ သွားကြရသည်။ ရွှေစာလုံးထိုးထားသော မီးပုံးအနီကြီးများအောက်မှ သွားကြရသည်။ အလယ်တွင် အမိုးမပါ၊ ကျောက်ပြားစီ နန်းရင်ပြင်ရှိရာ ထိုနေရာမှ ဖြတ်ရသောအခါ လေအေးက တိုးဝင်လာ၏။ ကြွေပန်းအိုးကြီးထဲမှ ပန်းရနံ့တို့က ပျံ့လာ၏။ ထို့နောက် ဧည့်ခံအဆောင်သို့ ကူးရလေသည်။

ခန်းမကြီးအလယ်တွင်ကား တစ်ထောင့်လေးရာခန့်ရှိ တရုတ်ပြည် ပြည်သူ့ကိုယ်စားလှယ်များပင်။ ဒီမိုကရေစီသစ်လူတန်းစား၏ ကိုယ်စားလှယ်များဟုလည်း ခေါ်နိုင်ပေသည်။ တောင်ပိုင်းနှင့်မြောက်ပိုင်း တော်လှန်ရေးနယ်ပယ်တို့မှ ကိုယ်စားလှယ်များ၊ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ထူးချွန်သူစစ်သားများ၊ အလုပ်သမား လယ်သမားများ၊ စက်မှုအတတ်ပညာကျော်များ၊ ပီကင်းတက္ကသိုလ်မှ ပါမောက္ခများ၊ စာရေးဆရာ အနုပညာသည်များဖြစ်ပေသည်။ မော်စီတုံးက ခန်းမကြီး၏ ထိပ်မှနေကာ တစ်ဦးစီ နှုတ်ဆက်နေသည်။

ဤတောက်ပ၍ခမ်းနားသော ပတ်ဝန်းကျင်၊ ကျောက်စိမ်းနဂါးရုပ်၊ မဟူရာ

mgyoe.com

mgyoe.com

ခြံသော့၊ ရွှေကြယ်ပွင့်၊ မြသော်မော်၊ မီးပုံးနီများဖြင့် ထည်ဝါသောအဆောင်ကြီး၏ မှန်သားကဲ့သို့ ဝင်းသောကြမ်းပြင်ဝယ် လယ်သမား၊ အလုပ်သမားများကို မြင်ရသော အခါ ရင်၌ ပီတိသောမနသဖြင့် လှိုက်ဖိုသွားလေသည်။ ယခင်ခေတ်ဟောင်း ကာလများကမူ ဤနန်းတော်အဆောင်သို့ လယ်သမားတောသား အလုပ်သမား တို့သည် အနားမှုပင် သီဝံ့ကြမည်မဟုတ်။ ယခုကား ရွှံ့ဗွက်ထဲ၌နစ်မြုပ်သော လယ်သမားများ၏ခြေထောက်တို့သည် နန်းတော်၏ကော်ဇောထက်၌ နင်းနိုင်ပေပြီ။ မီးသွေးမှုန်ပေကျံသော အလုပ်သမားများ၏ဦးထုပ်သည် ပိုးပန်းပွားနှင့် ထိတိုက်နိုင် လေပြီ။

ကျောင်းသားဘဝက ဖတ်မှတ်ခဲ့သော ‘နိုင်ငံတော်နှင့် တော်လှန်ရေး’ စာအုပ် မှာကတည်းက နားလည်ခဲ့သောအသိဖြင့် ဆိုရှယ်လစ်ခေတ်ဦးသို့ ဝင်စပြုနေပြီ ဖြစ်သော ပြည်သူ့တရုတ်ပြည်၏မြင်ကွင်းကို ဖွဲ့ထားခြင်းဖြစ်သည်။ ပဒေသရာဇ် တစ်ပိုင်း၊ ကိုလိုနီတစ်ပိုင်း တရုတ်ပြည်မဟုတ်တော့ဘဲ ပြည်သူတို့အာဏာရနေပြီ ဟူသောကျေနပ်မှုဖြင့် ယင်းသို့ဖော်ပြလိုက်သည်။

ကျွန်တော်တို့ ကျောင်းသားဘဝ၊ အင်္ဂလိပ်ကိုလိုနီလက်ထက်တုန်းကမူ စာအရသိသော်လည်း နိုင်ငံတော်ဟူသော ခံစားမှုမရှိသေး။ ၁၉၄၈ လွတ်လပ်ရေး ရပြီးသောအခါရောက်မှ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတော်ဟူသော ခံစားမှု အသိ စတင်ရှိလာသည်ဟု ဆိုရမည်ထင်သည်။ နိုင်ငံတော်ကို စိတ်ဝင်စားလာမိသည်။ နိုင်ငံတော်တို့၏ ပြုမူဆောင်ရွက်ချက်တို့ကိုလည်း စိတ်ဝင်စားလာသည်။ အထူးသဖြင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကျင့်သုံးသော နိုင်ငံတော်ကို စိတ်ဝင်စားသည်။ ဖတ်မှတ် ခဲ့သော သဘောတရားနှင့်ယှဉ်ကြည့်လျက်ရှိသည်။ တရုတ်ပြည်ရောက်သောအခါ ခေတ်သစ်သို့ပြောင်းလဲလာစ နိုင်ငံတော်၏ အနုစ်သာရသစ်၊ ပုံသဏ္ဌာန်သစ်ကို အကဲခတ်ကာ စာပါအတိုင်း ယခင်မြေရှင်ပဒေသရာဇ်တို့နေရာတွင် အလုပ်သမား၊ လယ်သမား စသည့် ‘ပြည်သူ’ တို့ (အနှစ်သာရသစ်) တို့ရောက်နေသည့်သဘော ရေးဖွဲ့လိုက်ခြင်းဖြစ်သည်။

(ခ)

ဖန်ခွက်အဟောင်းနှင့် စပျစ်အရက်ချိုသစ်ဟု ဖော်ပြလိုက်သည်မှာ အနုပညာ၊ စာပေဖန်တီးမှုတွင် ပုံသဏ္ဌာန်ဟောင်းနှင့် အကြောင်းအရာသစ် (အတွင်းအနှစ်သာရ

mgyoe.com

mgyoe.com

သစ်) ထည့်၍ရပါမည်လား။ ထည့်၍သင့်မြတ်ပါမည်လား ဟူသောမေးခွန်းကို တင်စားသောသဘောဖြင့် ဖော်ပြခြင်းဖြစ်သည်။

၁၉၈၅ က တို့ဗမာအစည်းအရုံး ရွှေရတုသဘင်အတွက် စာစောင်ထုတ်ဝေရန်ရှိ၍ ရွှေရတုသဘင်ကျင်းပရေးကော်မတီဝင်မိတ်ဆွေ သခင်တစ်ဦးက ကျွန်တော့်ထံ ရွှေရတုသဘင် ဘွဲ့ရတုပိုဒ်စုံ ရေးပေးရန်ပြောသည်။ လူချင်းတော့ မတွေ့ရ။ တစ်ဆင့်မှာလိုက်ခြင်းဖြစ်သည်။

ကျွန်တော် ရတုပိုဒ်စုံများမရေးသည်မှာ ကြာပါပြီ။ အနှစ် ၄၀ ကျော်ပြီ။ ငယ်ငယ် ၁၄-၁၅ နှစ်အရွယ်ကတော့ တော်တော်ရေးဖြစ်ခဲ့သည်။ မင်္ဂလာဆောင်များတွင်ဖတ်ရန် ရေးဖွဲ့ခဲ့သည်။

ရွှေရတုသဘင်ဆိုသည်မှာ အခမ်းအနားတစ်ရပ်ဖြစ်၍ အခမ်းအနားနှင့် လိုက်ဖက်အောင် ရတုပိုဒ်စုံရေးဖွဲ့ရန် တိုက်တွန်းခြင်းဖြစ်နိုင်သည်။ ကျွန်တော်ကလည်း တို့ဗမာအစည်းအရုံး ရွှေရတုသဘင်ကိစ္စတွင် ပါဝင်ချင်သည်။ တို့ဗမာအစည်းအရုံးမှာ ကျွန်တော်တို့ငယ်စဉ် ၁၁ နှစ်သား အရွယ်လောက်က ပေါ်ပေါက်သောအသင်းကြီးဖြစ်၍ ထိုအခါက ပညာတတ်လူငယ်တို့ ခေါင်းဆောင်ခဲ့ကြသော အသင်းကြီးဖြစ်သည်။ ကျွန်တော်တို့ကို နိုင်ငံရေးစိတ်ဓာတ်သွင်းပေးသော အဖွဲ့ကြီးဖြစ်သည်။ လွတ်လပ်ရေးလှုပ်ရှားမှု (ဝါ) နယ်ချဲ့ဆန့်ကျင်ရေးအရေးတော်ပုံကြီးတွင် ရှေ့တန်းတပ်ဦးအဖွဲ့အစည်းကြီးဖြစ်သည်။ ကျွန်တော်သည် သုတိသြဘာ မင်္ဂလာရတုပိုဒ်စုံဖြင့် အလေးပြုချင်သည်။

ကျွန်တော်သည် ရတုရေးရန် စားပွဲတွင်ထိုင်သည်။ တို့ဗမာအစည်းအရုံးကြီးသည် ကျွန်တော်တို့၏ နိုင်ငံရေးမိခင်ကြီးဟု ခံစားလာမိသည်။ ကျွန်တော်တို့ ကျောင်းသားဘဝ (အထက်တန်း) တုန်းက ကျောင်းသုံးစာအုပ်များတွင် သခင်ဌေးမြိုင်ဟု အမည်ရေးထိုးခဲ့သည်ကို အမှတ်ရလာသည်။ သခင်များကို ကြည်ညိုလေးစားခဲ့ရသည်။ ကိုယ်ကျိုးစွန့်သူများဟု အားကျမိသည်။ သခင်များ ပင်နီဖျင်ကြမ်းဝတ်သည်ကို သဘောကျကာ ကျွန်တော်လည်း ပင်နီဖျင်ကြမ်း လိုက်ဝတ်ခဲ့သည်။ အိမ်တော်ရာထီးဆောင်းခဲ့ဖူးသည်။ ကျောင်းသားဘဝ ကျောင်းဆောင်သို့လာလည်တတ်သော သခင်များက ကျွန်တော့်အမည်ကို ရှေ့ကသခင် တပ်ခေါ်လျှင် ကျေနပ်မိခဲ့သည်။ တို့ဗမာအစည်းအရုံး၏သမိုင်းသည် မြန်မာပြည် နိုင်ငံရေး သမိုင်းပင်ဖြစ်သည်ဟုဆိုရမည်။

mgyoe.com

mgyoe.com

ကျွန်တော့်ရင်တွင်း၌ လှုပ်ရှားလာသည်။

သို့သော် ရတုပိုဒ်စုံကို စ၍ကားမရ။ အချီပိုဒ်ကိုပင် စ၍မရ။ ကျွန်တော့် စာရေးစားပွဲတွင် သုံးလေးငါးရက် ဆက်ထိုင်သည်။ ဘာကြောင့်ပါလိမ့်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရေးသော မဟာလေးချိုးကြီးမျိုး ရေးကြည့်ရလျှင် ကောင်းမည် လားဟု စိတ်ထဲတွင်ဖြစ်ပေါ်လာသည်။

"ရွှေရတုသဘင် တို့ဗမာသခင်ပွဲပေမို့ ..." ဟု စလိုက်သည်။ နောက်အပုဒ် ကာရန်စကားလုံးများ စီရရီထွက်လာသည်။

ရွှေရတုသဘင် တို့ဗမာသခင်ပွဲမှာဖြင့်
ငွေခရုပဥ္စင်မျို့ သဘာဆင်ယင်နွှဲပါလို့
သပြေနုလွင်လွင် ကြိုပဏာသွင်သွင်မစဲနိုင်ဘု
(အမယ်မင်း) ဇေယျတု၊ ဇေယျတု၊ ဇေယျတုရယ်လို့
မြေထု ရေထု လေထုပြေအမှု၊ အခြေပြုရာတွင်
တို့ကာ တို့ကာ ရွှေမင် ငွေမင် ပတ္တမြားမင်တွေ ရဲအောင်ပ
(သခင်လေးမောင်ရေ) ပျို့ကဗျာ မဟာစာလွှာတင်။

ယင်းပထမပိုဒ်မှာ ကျွန်တော်၏စကားလုံး မပါသလောက် ကာရန်ဟောင်း၊ စကားလုံးဟောင်းများဖြင့် ဖွဲ့သီထားမိလျက်သားဖြစ်နေသည်ကို တွေ့ရသည်။ ရွှေရတု စလိုက်သည်နှင့် ငွေခရု၊ သပြေနု၊ ဇေယျတု စသော ကာရန်စကားလုံးတို့က အလိုလိုထွက်လာကြသည်။ ပုံသဏ္ဌာန်ဟောင်းကိုသုံးသဖြင့် (ဝါ) ဖန်ခွက်ဟောင်း တွင်ထည့်သဖြင့် ဟောင်းရနံ့ရလာခြင်းပေလော။

စစ်မဖြစ်မီ ကျောင်းသားဘဝကတည်းက ကျွန်တော်တို့သည် သခင် သခင် လေးမောင်နှင့် သိကျွမ်းခဲ့သည်။ စစ်ပြီးခေတ်တွင် ငြိမ်းချမ်းရေးအဖွဲ့အစည်း၊ မိတ်ဆွေ ဖြစ်အဖွဲ့အစည်းနှင့် အခြားကော်မတီများတွင် အတူလုပ်ကိုင်ခဲ့သည်။ ၁၉၃ဝ တို့ဗမာ အစည်းအရုံးတည်ထောင်သည့်ကာလက ဘွဲ့ရပညာတတ် တက္ကသိုလ်ကျောင်းသား အချို့ သခင်ဖြစ်ကြရာတွင် အစောဆုံးတစ်ယောက်ဖြစ်သည်။ ယခု အသက် ၈ဝ အရွယ်အထိပင် နိုင်ငံရေးစိတ်ဓာတ်ထက်သန်သူဖြစ်၍ (အယူအဆချင်းမတူသည်များ ရှိသော်လည်း) သူ့ကိုလေးစားမိသည်။

အဆုံးပိုဒ်အချတွင်လည်း 'သာယာရွှေပြည် ငြိမ်းစေမြဲစေအေး' ချင်သဖြင့် သူ့ကာရန်က ခေါ်သမျှ စကားလုံးအသံကာရန်တို့ ညစ်ထုတ်ထွက်လာရသည်။

mgyoe.com

mgyoe.com

(သခင်အပေါင်းတို့ရေ) ဖြာဖြာနေခြည်လိမ်းစေ သစေန္ဓေး
မာလာဝေစည်စိမ်းစေမြစေမွေး
သာယာရွှေပြည်ငြိမ်းစေ မြစေအေး။ ။

လိုချင်သော ကာရန်အစုံကြောင့် မလိုချင်သောကာရန်များကို တွဲလိုက်ရသည်။ စိတ်တိုင်းမကျ။ အချုပ်အနှောင်မှ ရုန်းထွက်ချင်လာသည်။ ကျန်အပုဒ်တို့တွင် သံချိုစပ်ကို လွတ်လပ်သည့်ပုံစံဖြင့် ဖွဲ့မိတော့သည်။

"ဩော် ... ဥက္ကဋ္ဌ သခင်ကိုယ်တော်မှူင်းရယ်က
အညာတစ်ခွင် ကမ္ဘာတစ်ခွင် ထိုထိုခိုင်းပါလို့
တိုင်းပြည်နယ် အနှံ့သာပ
ဧရာဝတီ ယန်စီ ဇော်လဂါငဲ့ပြင်
ဂင်္ဂါ ယမုနာ လက်ာဒီပါနဲ့
ဒင်နုပြာ မဲခေါင်တစ်ဝှမ်းဆီသို့
ငြိမ်းချမ်းသံတမန်တော်အဖြစ်
စုန်ကာဆန်ကာ ရေယာဉ် လေယာဉ်စီးပါလို့
အသက်အို အရွယ်ကြီးသော်လည်း
တစ်ချက်ဆီ တစ်ချက်ကမှ မငြီးဘဲ
ခရီးအတန်တန်ပ
လှေတစ်တန်လှည်းတစ်တန် သင်္ဘောအတန်တန်နဲ့
ဟောကာ ပြောကာ သောကာ စေတနာငဲ့ပြင်
မမောပါ မပန်းပါ မှူင်းသခင်ရဲ့အစွမ်းပေလား
လွမ်းစရာတမ်းစရာမှန်းစရာ ငြမ်းစရာပေပ"

ပုံသဏ္ဌာန်သည် အကြောင်းအရာကို ဩဇာလွှမ်းမိုးသလော။ မည်သည့်အတိုင်းအတာကို လွှမ်းနိုင်သနည်း။ ပုံသဏ္ဌာန်ဟောင်းသည် အကြောင်းအရာကို ဟန့်တားနိုင်သလော။ အကြောင်းအရာသစ်လျှင် ပုံသဏ္ဌာန်ဟောင်းနှင့် ကိုက်ညီပါမည်လော။ အကြောင်းအရာသစ်မှ ပုံသဏ္ဌာန်သစ်လာမည်မဟုတ်လော။ အကြောင်းအရာသစ်က တောင်းဆိုလျှင် ပုံသဏ္ဌာန်ကို တိုးချဲ့ပြုပြင်ရမည် မဟုတ်ပါလား။ ပြောင်းလဲလျက်ရှိသော စာပေ၊ အနုပညာတို့နှင့်ပတ်သက်၍ ပေါ်လာသော အလှဗေဒဆိုင်ရာ သဘောတရားမေးခွန်းများ ဖြစ်ကြသည်။

mgyoe.com

mgyoe.com

ပုံသဏ္ဍာန်ဟူသည် ကြာရှည်ခံတတ်သည်။ ရာစုနှစ်နှင့်ချီ၍ တည်မြဲတတ်သည်။ အဆင့်ဆင့်ပြုပြင်ပြောင်းလဲ၍ သုံးလျှင်လည်းရတတ်သည်။ အဆင့်ဆင့်တော်လှန်သွားကြရသည်။ မည်သည့်အရာတွင်မဆို ဖန်ခွက်ဟောင်းတွင် စပျစ်အရက်ချို ထည့်၍ရမည်လောဟူသည့် အဟောင်းအသစ်ပြဿနာဆိုင်ရာ မေးခွန်းတစ်ခုဖြစ်နေပေသည်။

ကျွန်တော် လေးချိုးမရေးသည်မှာ ကြာပါပြီ။ အလေ့အကျင့်နည်းနေသည်ဟုပြောရမည်။ မလွတ်လပ်သဖြင့်လည်း မရေးခြင်းဖြစ်မည်။ ရေးချကြည့်သောအခါလွတ်လပ်သောလေးချိုးဖြစ်နေ၍ အားမရလှ။

စံပယ်ဖြူအမျိုးသမီးမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၈၇။

mgyoe.com

စာညွန့်

mgyoe.com

mgyoe.com

mgyoe.com

ဝသုန်ဤမြေ

'ဝသုန်ဤမြေ
သိကြားစေ
သက်သေညွှန်း'

နေ့သစ်တစ်နေ့သို့ မိုးသောက်ခဲ့ပေပြီ။

ငါသည် ဤဝသုန်မြေပေါ်၌ ရပ်နားလျက်ရှေ့သို့ မျှော်ကြည့်၍နေသည်။ ရှေ့တွင်ကား ဟင်းလင်းပွင့်ကုန်လျက် လဟာပြင်မှ လာသောလေသည် တဝေါဝေါ တိုက်ခတ်လျက်ရှိသည်။ ရွှေရောင်ခြည်သည် တလက်လက်ကွန့်မြူးကာ အဆုံးအစ မထင် ပျံ့နှံ့လျက်ရှိပေသည်။

ဤလဟာပြင်ကြီး၏ မိုးကုပ်စက်ဝိုင်းတွင်ကား မြူမင်းလွင်သည် ရေးရေးမျှ သန်းရစ်နေသည်။ မြူမင်းလွင်အကြားမှ ဝိုးတိုးဝါးတား အစွန်းအစထိုးထွက်ကာ ပေါ်နေသော အရာများ၏ ဘေးတိုက်ပုံသဏ္ဌာန်တို့ကို ငါမြင်မိသည်။

ခါတိုင်းကဲ့သို့ တိမ်ဖြူများ တိုးလိုးတွဲလောင်း ချိတ်ဆွဲထားခြင်း မရှိသဖြင့် ပြတ်သားရှင်းလင်းသော ကောင်းကင်အပြာပိန်းသည် ထိုရေးရေးပေါ်နေသော ဘေးတိုက်ပုံသဏ္ဌာန်များကို ခွဲခြားသိမြင်နိုင်ရန် မှတ်သား၍ပေးနေသည်။

ဘေးတိုက်ပုံသဏ္ဌာန်များကား အဘယ်တို့နည်း ကြည့်လိုက်စမ်းပါဦး။

အဖျားရှူး၍ မြင့်မားသောသံမောင်းစက်များ၊ တစ်ခုနှင့်တစ်ခု ဖြတ်သန်း ခက်ကိုင်း၍ထားသော သံမောင်းစက်များ၊ အို- ရေနံတွင်းများပေလော။

တောင်စောင်းမှ အုတ်ခေါင်းတိုင်များ သံခေါင်းတိုင်များမှ မီးခိုးတို့သည်

mgyoe.com

mgyoe.com

အခွေလိုက် အခွေလိုက် လိပ်တက်ကာ အထက်သို့ဝေ့လည်ဝေ့လည်နှင့် တက်သွားကြသည်။ အလိပ်တို့သည် တဖြည်းဖြည်း ကျယ်ပြန့်လာပြီးနောက် ပါးပါးသွားကြလေပြီ။

ဂိုဒေါင်များ၊ ပုပုအိုင့်အိုင့်နှင့် တန်းလျားများ၊ စပါးပင်များ၊ မတ်ရပ်တောင့်တင်းခြင်း လုံးဝမရှိကြ။

မည်းမည်းလှုပ်လှုပ်နှင့် ပြွတ်သိပ်နေသော ထုထည်ကြီး။ လှုပခြင်းသည် လုံးဝမရှိ။ သို့သော် ရှေ့သို့ချီတက်နေခြင်းပေတကား။ ဤထုထည်ကြီး၏ အပေါ်ဘက်၌ကား ချွေးသီးချွေးပေါက်တို့ကြောင့် ပြောင်လက်ကာ တောက်ပနေသည်ထင်ပါရဲ့။

မြူမင်းလွင်တို့ မှိုင်းမှုန်နေသည့်အကြားမှပင် ဤထုထည်ကြီးသည် လှုပ်ရှားနေသည်ကို ငါမြင်ရသေးသည်တကား။ အင်အားဆိုသည် ယင်းတို့ပေလော။

ငါသည် ဤဝသုန်မြေပေါ်၌ ရပ်နားလျက် ရှေ့သို့မျှော်ကြည့်၍နေသည်။ ငါရပ်လျက်ရှိသော ဤမြေကြီးအစိုင်အခဲသည် လှုပ်ရှားနေသည်ဟု ငါအောက်မေ့သည်။ တကယ်ပင်လော။

ငါသည် ဤမြေကြီးပေါ်၌ မရပ်ဝံ့ဝံ့ ရပ်ဝံ့ဝံ့ဖြစ်နေသည်။ စွတ်စိုထိုင်းမှိုင်းသော မြေသင်းခဲများသည် ငါ့အား ချောက်လှန့်နေပါပကောလား။

ဤမြေကြီးအောက်၌ကား ဖော်ထုတ်၍ပြသခြင်းငှာ မစွမ်းနိုင်ကုန်သောအရာတို့သည် ကိန်းအောင်းနေကြသည် မဟုတ်လော။ လူ့အတ္တုပ္ပတ္တိများ။

ကြေးနီ-ကြေးဝါ-သံခဲ-သတ္တုများသည် ဤမြေကြီးထဲ၌ ရှိကြကုန်သည်။ သတ္တုဝါအပေါင်းတို့၏ အရိုးတို့သည် ကျောက်သားတွင် တွယ်ကပ်ကာ ရောနှောလျက်ရှိကြကုန်သည်။

ဤမြေကြီးအောက်တွင် နန်းတော်အပျက်အစီးများ၊ ရဲတိုက်မှ အကျိုးအပဲ့များရှိသည်။ သူတို့နှင့်အတူ ကျေးကျွန်များ၊ လယ်သမားများ စားသောက်သော စဉ့်ခွက်တို့သည်လည်း အရာထင်ကျန်ရစ်နေသည်မဟုတ်လော။

ဤမြေကြီးအတွင်းသို့ပင် မြေယာလုသောစစ်ပွဲ၊ ရာဇပလ္လင်လုသောစစ်ပွဲမှ သွေးတို့သည် စီးဆင်းခဲ့ကြသည်။ မြေခွန်မပေးသဖြင့် ရိုက်နှက်သောဒဏ်ရာမှ သွေးစက်တို့သည်လည်း ဤမြေကြီးတွင် စွန်းထင်ခဲ့သည်။ လုပ်ခစားများ၏ ချွေးတို့ကို သွေးနှင့်ခွဲခြား၍ကော ရမည်ထင်သလော။

mgyoe.com

mgyoe.com

အမျိုးသားအလံတော်ကို ဤမြေကြီးမှ စိုက်ထူလိုက်လေပြီ။ အလံတိုင်သည် မြေကြီးထဲသို့ တိုးဝင်ကာ လူ့အတ္တုပ္ပတ္တိတစ်လျှောက် အနှိပ်အစက်ခံရသော သွေး၊ တွန်းလှန်ခုခံသော သွေးစီးတို့ဖြင့် တွေ့ပြီး ခိုင်မြဲစေးကပ်ခြင်းကို ဖြစ်စေသည်။ ဤသွေးများဖြင့် ကပ်သဖြင့်သာ ဤအလံတော်သည် မားမားစွင့်စွင့် စိုက်ထူနိုင်သည် မဟုတ်လော။

ငါသည် ဤဝသုန်မြေကြီးပေါ်တွင် ရပ်ကာ ရှေ့သို့ မျှော်ကြည့်၍ နေသည်။ ရှေ့တွင်ကား ဟင်းလင်းပွင့်ကုန်လျက်၊ လဟာပြင်မှ လာသောလေသည် တဝေါ်ဝေါ် တိုက်ခတ်လျက်ရှိသည်။ ရွှေရောင်ခြည်သည် တလက်လက် ကွန့်မြူးကာ အဆုံးအစ မထင်။ ပြန့်နှံ့လျက်ရှိပေသည်။

နေ့သစ်တစ်နေ့သို့ ရောက်လေပြီတကား။ ။

ငွေတာရီမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၁၉၆၁။

mgyoe.com

mgyoe.com

ဆောင်းပါး

mgyoe.com

mgyoe.com

သမဂ္ဂအစဉ်အလာ

(၁)

ထိုညဉ့်အဝေးမှ သဲ့သဲ့သဲ့သဲ့နှင့် အသံများ ကြားရသည်။ အသံမှာ အသံချဲ့စက်နှင့် ဟစ်အော်နေသော ကြွေးကြော်သံများဟုကား သိရသည်။ စကားလုံးမှာ မသဲကွဲ၊ အသံသည် တဖြည်းဖြည်း နီးကပ်လာသည်။ ကျယ်လောင်သည်ထက် ကျယ်လောင်၍ လာလေပြီ။

သိလိုဇောနှင့် လမ်းမပေါ်သို့ ထွက်လာမိသည်။ ကျွန်တော်ကဲ့သို့ပင် ဘီဂင်ဒတ်လမ်းတစ်လျှောက်၌ လူများသည် ဟိုတစ်စု၊ ဒီတစ်စု ရပ်ကာ အသံလာရာဘက်သို့ စူးစမ်းကြည့်နေကြသည်။

နီးလာလေ အသံသည် သဲကွဲစပြုလာသည်။ သို့သော် ရုတ်တရက် အနက်အဓိပ္ပာယ်ကို မဆုပ်မိ။

အသံချဲ့စက်နှင့် စကားကို တစ်လုံးချင်း ပြောလာသံနောက်မှ လူအများစုဝေး၍ ကြွေးကြော်ကြသော အသံလှိုင်းကြီးမှာ ညံစီကာ ပဲ့တင်ထပ်လျက် ရိုက်ခတ်ဝေ့မျောလာလေသည်။

စုဝေး၍ ပိုင်းအော်သော အသံထုမှ ထွက်လာသော စကားများမှာ လွှမ်းမိုး၍ နေသည်။

ဆိုရှယ်လစ်ဝန်ကြီးတွေ ... အလိုမရှိ။

ဆိုရှယ်လစ်၊ ဆိုရှယ်လစ် ... မဲသူခိုး ... ၊ မဲသူခိုး။

လမ်းမပေါ်တွင် လူများ ပြည့်လာကြသည်။

mgyoe.com

mgyoe.com

မကြာမီ ကားတန်းကြီးသည် နီးကပ်လာလေသည်။ အရှေ့ဆုံးမှ ဂျစ်ကား ကလေးထဲမှ အသံချဲ့စက်ဖြင့် တစ်လုံးချင်း ပြောနေသည်။

တက္ကသိုလ်သမဂ္ဂ ပထမအသုတ် ရွေးကောက်ပွဲ ပျက်ရခြင်း အဖြစ်သနစ်များ ကို ရှင်းပြနေခြင်း ဖြစ်သည်။ ထိုဂျစ်ကားနောက်မှ ဘတ်စ်ကားများမှာ တသီတတန်း ကြီးပင်။ တော်တော်နှင့် မဆုံးနိုင်။ ရှေ့ဆုံးဂျစ်ကားမှာ ပုဇွန်တောင်ဘက်ဆီသို့ ရောက်သွားလေရာ အသံချဲ့စက်မှ အသံကို ဝါးဝါးသဲ့သဲ့သာ ကြားရတော့သည်။

တစ်စီးပြီးတစ်စီး လိမ့်ကာ ဖြတ်သန်းသွားရာ ကားပေါ်မှ ကြွေးကြော်သံများမှာ ပဲ့တင်ထပ်နေတော့သည်။ ကားတိုင်းတွင် ကျောင်းသားများဖြင့် ပြည့်ညပ်လျက် ခြေနင်းခုံတွင် တွဲလွဲ၊ အမိုးပေါ် တချို့နှင့် လိုက်ပါလာကြသည်။

အော်ကြလွန်းသဖြင့် အသံများ ဝင်နေကြသည်။

ပလက်ဖောင်းပေါ်တွင်ကား စည်ကားနေ၏။

လုံချည်တိုတိုနှင့် အရပ်ပုပုညိုညို ကျောင်းသားရွယ်ရွယ် တစ်ယောက်သည် ကားပေါ်မှ ဆင်းလာကာ လမ်းဘေးမှ လူအုပ်ကြီးအား လက်သီးလက်မောင်းတန်း လျက် ရှင်းပြ ဟောပြောနေသည်။ အသံမှာ ဝင်နေသော်လည်း စိတ်အားထက်သန် လွန်းသဖြင့် ဖြစ်ညှစ်ကာ ပြောလျက် ရှိသည်။

“တက္ကသိုလ် သမဂ္ဂအပေါ်ကို ပုလိပ်တွေ တွန်မီဂန်းကိုင်ပြီး တက်လာပါတယ်။ သမဂ္ဂရာဇဝင်မှာ အခုလို တစ်ခါမှ မညစ်ညမ်းခဲ့ပါဘူး။ မြို့မိမြို့ဖများ ခင်ဗျား၊ ကျွန်တော်တို့ ကျောင်းသားတွေကို ကြည့်နေကြတော့မှာလား”

နားထောင်နေသော ပရိသတ်မှာ တိုးလာသည်။

“အရင်တစ်လောတုန်းက ဘာကြားသေးလဲ၊ ကျောင်းသားထု အစည်းအဝေး မှာ သမဂ္ဂအဆောက်အအုံပေါ်ကို ကျောင်းသားယောင်ဆောင်တဲ့ ၂၂ စစ်ရဲတပ်သား တွေ တက်တာ ခံခဲ့ရပါသေးတယ်။ အခုတစ်ခါ သမဂ္ဂကို လက်နက်ကိုင် ပုလိပ်တွေ သေနတ်နဲ့ချိန်ပြီး တက်လာတာကို လူထုကြီးအား တိုင်တည်ပါတယ် ခင်ဗျား”

ထို့နောက် ဆက်လက်၍ ဆိုရှယ်လစ်များ မဲခိုးသဖြင့် ရွေးကောက်ပွဲ ပျက်သွားကြောင်း အသံဝင်ဝင်နှင့် ရှင်းပြနေသည်။

ကျောင်းသားလူငယ်များမှာ တက်ကြွနေကြသည်။

ကားဘေးမှ အင်္ကျီလက်တို၊ ရွှေမျက်မှန်နှင့် ကျောင်းသားက “သတင်းစာတွေ ထဲမှာ ကျွန်တော်တို့ အဖြစ်မှန်ကို အပြည့်အစုံ မှန်မှန်ကန်ကန် ထည့်မှာ မဟုတ်လို့

mgyoe.com

mgyoe.com

ခုလို ကားတွေနဲ့ လှည့်ပြီး တိုက်ရိုက် မြို့မိမြို့ဖများကို တိုင်တန်းတာပါ” ဟု ပရိသတ်အား ရှင်းပြနေသည်။

တစ်ဖက်သတ် သတင်းများဖြင့် အမှန်ကို ဖုံးကွယ်ကြတော့မည်ကို စိုးရိမ်၍ လူထုနှင့် တိုက်ရိုက်ဆက်သွယ်ကြဟန် တူသည်။

ကားတန်းကြီးသည် ရွေ့လျားသွားကြပြန်သည်။

အသံချဲ့စက်မှ စကားသံကား ပုဇွန်တောင်ဘက်ဆီသို့ ရောက်သွား၍ အသံသဲ့သဲ့သာ ကြားရတော့သည်။ ကားတန်းကြီးမှ ကြွေးကြော်သံတို့မှာ တဝေါဝေါ မြည်ဟည်းလျက် ရှိပေသည်။

စိတ်မာန်တက်ကြွလျက်ရှိသော ကျောင်းသားများ၏ အသံမှာ တစ်နေရာက ပျောက်သွားလျှင် တစ်နေရာမှ ပေါ်လာပြန်သည်။

ရွေးကောက်ပွဲ ညစ်ပတ်တာ ... ဆိုရှယ်လစ်။

မဲခိုးတာ ဘယ်သူလဲ ... ၊ ဆိုရှယ်လစ်။

ကားတန်းကြီး၏ နောက်ဆုံး၌ ဝိုင်ယာလက် ပုလိပ်ကားနက်က ကပ်ပါလာသည်ကို တွေ့ရသည်။

လက်သီးလက်မောင်းတန်းကာ စိတ်မာန်တက်ကြွစွာ ပြောဟောနေသော ကျောင်းသားတို့၏ အမူအရာ၊ အသံဝင်အောင် အော်ကြသော အသံများကား ဝေး၍ဝေး၍ မှုန်ဝါးပျောက်ကွယ်သွားပေသော်လည်း ရင်ထဲ၌ကား ပဲ့တင်ရိုက်ခတ်လျက် ကျန်ရစ်သည်။

၁၉၃၈-၃၉ ခုနှစ်တုန်းက ခံစားရသော ဝေဒနာကို ပြန်၍ ခံစားလာမိသည်။

(၂)

၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ကား တစ်ပြည်လုံးသို့ ဂယက်ရိုက်သွားသောနေ့ ဖြစ်သည်။

အတွင်းဝန်ရုံးသို့ ဝိုင်းစဉ် စစ်ပုလိပ်တို့က ရိုက်ကာ လူစုခွဲသဖြင့် ကျောင်းသားများစွာ ဆေးရုံရောက်ကုန်ကြသည်။

တက္ကသိုလ်ဆေးရုံ (ဆနစ်တိုရီးယံ)တွင် သတင်းမေးကြသော ကျောင်းသားတို့ဖြင့် ဝင်လာမစဲ တသဲသဲပင်။ ကိုအောင်ကျော်မှာ လူးလိမ့်ကာသတိမေ့လျက် သွေးများ အန်လျက်ရှိသည်။ သူ့ကိုကြည့်ရင်း အစိုးရအဖွဲ့ကို ဒေါသထွက်၍နေကြသည်။

mgyoe.com

mgyoe.com

ထိုညနေ၌ ထမင်းစားခန်းတွင် ထမင်းစားသူပင် နည်းနေ၏။ ညဘက်တွင် သမဂ္ဂ၌ ကျောင်းသားထု အစည်းအဝေးလုပ်ရာ ခန်းမကြီး တစ်ခုလုံး ပြည့်လျှံသွားတော့၏။ အစိုးရ၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် ပို၍ပင် စိတ်တက်ကြွ၍လာကာ သမဂ္ဂကို သိပ်စိတ်မဝင်စားသူများပင် တက်လာကြသည်။

ကိုလှရွှေက သပိတ်မှောက်ကြောင်း ကြေညာလိုက်သည်။

ထောက်ခံသူများမှာ နယ်ချဲ့အစိုးရကို ပြင်းထန်စွာ ရှုတ်ချကြသည်။ ရှုတ်ချရုံနှင့် မပြီးဘဲ တက်ကြွနေသော ကျောင်းသားထုက စီတန်းလှည့်လည်ကြမည်ဟု တောင်းဆိုကာ ဝုန်းဝုန်းဝုန်းဝုန်းနှင့် အောက်ထပ်သို့ ဆင်းလာကြသည်။ မူလက အစီအစဉ် မရှိသော်လည်း ကျောင်းသားထု၏ တက်ကြွမှုကို ခေါင်းဆောင်များက လိုက်လျောကြရလေသည်။

ကျောင်းသားတန်းကြီးသည် အဓိပတိလမ်းတစ်လျှောက်မှ အင်းဝလမ်းသို့ ကွေ့လိုက်ကြသည်။

သပိတ် သပိတ် ... ၊ မှောက် မှောက်။

နယ်ချဲ့အစိုးရ ... အလိုမရှိ။

အရင်းရှင်ဝါဒ ... ပျက်စီးပါစေ။

ညွှန့်ပေါင်းအစိုးရ ... အလိုမရှိ။

လကင်းမဲ့၍ ကြယ်ရောင်သာရှိသော မှောင်ရေးရေး ညဉ့် လူတန်းကြီးသည် တရွေ့ရွေ့ သွားနေကြသည်။ ကြွေးကြော်သံတို့မှာ လှိုင်းတံပိုးသံကဲ့သို့ မှတ်ရတော့သည်။

အင်းလျားကျောင်းဆောင် ရှေ့၌ ရပ်ကာ သပိတ်မှောက်ခဲ့ကြောင်း ကြွေးကြော်ကြပြန်သည်။ ထို့နောက် လွန်၍ ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ အိမ်ရှေ့၌ ရပ်ကာ 'ကျောင်းအုပ်ကြီးခင်ဗျား၊ ကျွန်တော်တို့ သပိတ်မှောက်ခဲ့ကြပါပြီ' ဟု တိုင်တန်းကြ လေသည်။

ထို့နောက်တစ်ဖန် ပြန်ကွေ့ကာ အင်းလျားလမ်းမှ ပေတစ်ရာ တက္ကသိုလ် ရိပ်သာလမ်းမကြီးဘက်သို့ ရောက်လျက် သထုံလမ်းထိပ်တွင် လူစုခွဲကြသည်။

ထိုည အမှောင်ထဲ၌ စစ်ပုလိပ်ကား တစ်စင်းသည် တိတ်တိတ်ကလေး ပတ္တရောင် လှည့်လာသည်။ ပုလိပ်ကားကို မြင်လိုက်ရသောအခါ သွေးဆူနေသော ကျောင်းသားများ ဒေါသထွက်လာကာ ထိုကားအနီးရှိ ဓာတ်တိုင်မှ မီးလုံးကို ခဲ

mgyoe.com

mgyoe.com

နှင့် လှမ်းပေါက်လိုက်ရာ ဂွမ်ခနဲ မြည်ပြီး မှောင်ကျသွားတော့သည်။

ပုလိပ်ကားလည်း ဂီယာသွင်းကာ အမြန်မောင်းပြေးလေသည်။

ထိုအခါက သွေးဆူနေသော ကျောင်းသားများမှာ ပုလိပ်ကို မြင်လေဒေါ်ပွလေ၊ တက်ကြွလာလေ ဖြစ်သည်။ ပုလိပ်ကို နယ်ချဲ့အစိုးရ၏ လက်နက်ကိရိယာအဖြစ် မုန်းတီးနေကြသည်။

ဓာတ်မီးတိုင် သုံးလေးတိုင်မှ မီးလုံးများကို ပေါက်ခွဲပစ်လိုက်ကြသည်။ ပုလိပ်ကားလည်း မှောင်နေသော ထိုနေရာများသို့ မလာဝံ့တော့။ အင်းလျားကန်ဘေးဘက်ဆီသို့ လစ်သွားတော့၏။

ဒေါက်တာဘမော် အစိုးရ အယုံအကြည်မရှိ အဆိုနှင့် ပြုတ်ကျသွားသော လွှတ်တော်သတင်း ရလျှင်ရချင်း (ညွှန့်ပေါင်းအစိုးရမသာ) ချ၍ ဆန္ဒပြကြသည်။

မကွေးတွင် အဖမ်းမခံရခင် ကိုဘဟိန်းသည် ရန်ကုန်သို့ ချီတက်လာကြသော ရေနံမြေ သပိတ်မှောက် အလုပ်သမားများအား တရားဟောရာ၌ 'စစ်ပုလိပ် သံခွာ တစ်ချက်ပေါက်လျှင် ဗမာပြည်ကြီး မီးဟုန်းဟုန်း တောက်စေ့မယ်' ဟု ပြောခဲ့၏။ တစ်ပြည်လုံး အထွေထွေသပိတ်ကြီး တောက်လောင်ခဲ့သည်။

ကျောင်းသားသမဂ္ဂများ၏ လှုပ်ရှားမှုကြောင့်ပင်လျှင် အစိုးရအဖွဲ့ ပြုတ်ကျသွားခဲ့သည်။ အလုပ်သမား၊ လယ်သမားတို့နှင့် လက်တွဲခဲ့သော သမဂ္ဂကား နယ်ချဲ့ဆန့်ကျင်ရေး တပ်ဦးအဖြစ် ရှေ့တန်းမှ တိုက်ပွဲဝင်ခဲ့ပေသည်။

(၃)

၁၉၄၀ ပြည့်နှစ်လောက်က အမျိုးသားပညာဝန် ဦးဖိုးကျား၏ အသံလွှင့်ရုံမှနေသော ကျောင်းသားများ နိုင်ငံရေး မလိုက်စားသင့်ကြောင်း ဟူသော ဟောပြောချက်နှင့် စပ်လျဉ်း၍ သတင်းစာများတွင် ကျောင်းသားနှင့် နိုင်ငံရေး ပြဿနာ အငြင်းအခုံဖြစ်လာခဲ့ဖူးသည်။

ကျောင်းသားများ နိုင်ငံရေး မလိုက်စားသင့်ဘက်မှ အစိုးရ အာဏာပိုင်လောကက ထောက်ခံခဲ့ကြသည်။ နယ်ချဲ့အစိုးရ အလိုတော်ရိ သတင်းစာများက များစွာ ရေးသားခဲ့ကြသည်။ နိုင်ငံရေးဆိုသည်မှာ ကိုလိုနီ ဆန့်ကျင်ရေး နယ်ချဲ့ဆန့်ကျင်ရေးဖြစ်လေရာ ဖိနှိပ်သော အစိုးရအနေဖြင့် နိုင်ငံရေးလှုပ်ရှားမှုကို အလိုမရှိပေ။

mgyoe.com

mgyoe.com

သမဂ္ဂက ဦးဖိုးကျား၏ အသံလွှင့်ချက်ကို ချေပသော စာတမ်းများ ရေးသားကာ ကြေညာချက် ထုတ်ပြန်ရတော့သည်။ ဗ၊ က၊ သ ဥက္ကဋ္ဌ ကိုလှမောင် (ယခု ဗိုလ်ဇေယျ) က ကျွန်တော့်အား အကြမ်းရေးခိုင်း၏။ ကျွန်တော် ရေးသည်ကို 'နုသေးတယ်ဗျာ' ဆိုကာ ပြန်၍ ပြင်ကြသည်။ (အာရှ စစ်မဖြစ်ခင်ကလေး ၁၉၄၁ ခုနှစ်ဦးလောက်က တက္ကသိုလ် အဓိပတိသစ်ဖြစ်သော ဦးတင်ထွတ်က ဘွဲ့နှင်းသဘင် မိန့်ခွန်းတွင် 'ကျောင်းသားများ နိုင်ငံရေးနှင့် ဆိုင်သည်' ဟု ပြောလိုက်ရာ အတော် ဂယက်ရိုက်သွားခဲ့သည်။)

တက္ကသိုလ်သမဂ္ဂမှာ နယ်ချဲ့ဆန့်ကျင်ရေး တပ်ပေါင်းစု စည်းရုံးရာ ဌာနလည်း ဖြစ်ခဲ့သည်။

'အမျိုးသား အစည်းအရုံး' ဟူသော အမည်ဖြင့် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသား တပ်ပေါင်းစုဖွဲ့ရန် လှုံ့ဆော် ရှေ့ဆောင်ခဲ့သည့်အထဲတွင် သမဂ္ဂလည်း ပါဝင်ခဲ့သည်။ ထိုအခါက ကိုဘဟိန်း စသူတို့သည် များစွာ ကြိုးစားခဲ့ကြပေသည်။

တက္ကသိုလ်သမဂ္ဂ စာကြည့်တိုက်ခန်း၌ နိုင်ငံရေးအဖွဲ့ပေါင်းစုံ ခေါင်းဆောင်များအား လက်ဖက်ရည်ပွဲဖြင့် ဖိတ်ကြားကာ ဆုံတွေ့နှီးနှောခဲ့ကြသည်။ ဒီးဒုတ်ဦးဘချို စသော ပုဂ္ဂိုလ်များလည်း ပါသည်။

ကမ္ဘာ့ကျောင်းသားအဖွဲ့ချုပ်နှင့် ဆက်သွယ်ကာ ဗမာ့အရေး ဆုံးဖြတ်ချက် (Resolution on Burma) ပင် ပဲရစ် ကမ္ဘာ့ကျောင်းသား ညီလာခံ၌ တင်သွင်း ဆုံးဖြတ်ခဲ့ကြသည်။

'ဘယ်ဂျီယံ၊ ဗမာပြည်၊ သီဟိုဠ်၊ အင်္ဂလန်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လီဗေနွန်၊ မြောက်အာဖရိက၊ ပါလက်စတိုင်း၊ တောင်အာဖရိက၊ အမေရိကန်ပြည်များမှ ၅၈ ဦးသော ကိုယ်စားလှယ်များ တက်ရောက်သည့် ဤကမ္ဘာ့ကျောင်းသား ညီလာခံကြီးက-

"ကျောင်းသားများစွာ သေဆုံးသည်အထိ ဖြစ်ပွားသော" ငြိမ်းချမ်းစွာ ပြုမူသည့် ကျောင်းသားလုပ်ငန်းများကို ပုလိပ်တို့က ရက်စက်ကြမ်းကြုတ်စွာ အဓမ္မအင်အားဖြင့် ဖိနှိပ်မှုများအား ရှုတ်ချကြောင်း"။

တင်သွင်းသူ-ကိုလေး (ဗမာပြည်)

ထောက်ခံသူ-လူနီမန့် (သီဟိုဠ်)

[ကိုလေးမှာ အင်္ဂလန်၌ ပညာတော်သင်ကျောင်းသား ဖြစ်ပေသည်။]

mgyoe.com

mgyoe.com

'ဗမာ့ကျောင်းသားများသို့ သဝဏ်လွှာ' ဟူသော ကမ္ဘာ့ကျောင်းသားများ၏ သဝဏ်လွှာ စာတမ်း၌ 'ကျွန်ုပ်တို့၏ တိုက်ပွဲကား လူ့ဘောင်ကြီး၏ ရန်သူအား (ဝါ) အကြမ်းအစမ္မနည်းနှင့် လက်ဝါးကြီးအုပ် လွှမ်းမိုးရေးပုံစံဖြင့် တည်ဆောက်သော အစိုးရအား ဆန့်ကျင်မှုပင် ဖြစ်ပေသည်" ဟု ဖော်ပြထားပေသည်။

နယ်ချဲ့တော်လှန်ရေးရာ ကိစ္စများမှာကား သမဂ္ဂ အဆောက်အအုံပေါ်၌ပင် ပြုခဲ့ကြသည်။ အင်္ဂလိပ်တော်လှန်ရေး၌ သမဂ္ဂအဆောက်အအုံမှာ တော်လှန်ရေး အသိုက်အမြုံ ဖြစ်ခဲ့သည်။ စုံထောက် ပုလိပ်များကား အဓိပတိလမ်းပေါ်၌ ကား ကလေးဖြင့် စောင့်နေတတ်သည်။ သမဂ္ဂ အဆောက်အအုံပေါ်သို့ကား မတက်ရ။ တစ်ခါက ကျောင်းသားထု အစည်းအဝေး၌ စုံထောက်တစ်ယောက် ရောက်လာရာ မောင်းထုတ်ခဲ့ရသည်။

နယ်ချဲ့ဆန့်ကျင်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး တပ်ပေါင်းစု စည်းရုံးဆော်သြရေး တို့ကား သမဂ္ဂ အစဉ်အလာတစ်ရပ် ဖြစ်ခဲ့ပေ၏။ ကိုကြီးနု ခေတ်မတိုင်မီ ကာလက သမဂ္ဂသည် အာဏာပိုင်များ၏ စောင်းတော်ညိတ် အလိုတော်ရိများ၊ အစိုးရပညာ တော်သင်၊ ရာထူး စသည့် အရာရှိ တက်လမ်း မျှော်မှန်းရာ ဖြစ်ခဲ့သော်လည်း နှောင်းခေတ်တွင်ကား နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲစခန်း ဖြစ်လာခဲ့ပေသည်။

(၄)

ကြွေးကြော်သံများသည် ပျောက်သလို သဲ့သဲ့ကြားနေရာမှ တစ်ဖန် ဗိုလ်ချုပ် လမ်းဘက်ဆီမှ မြည်ဟည်းလာပြန်သည်။ ရေကျော်ဘက်မှ လှည့်ကာ ပတ်လာကြ ဟန်တူသည်။

ကျွန်တော်ကား သမဂ္ဂ၏ တော်လှန်ရေးအစဉ်အလာကို တွေးနေမိပေ သည်။ ။

အိုးဝေမဂ္ဂဇင်း နှစ်ပတ်လည်၊ တက္ကသိုလ်သမဂ္ဂ နှစ်လည်စာစောင်၊ ၁၉၅၂-၅၃။

mgyoe.com

mgyoe.com

အတိတ်ပုံကားချပ်များ

(က)

အတိတ်ဆိုသည်မှာ ယေဘုယျစကားလုံး ဖြစ်သည်။ မည်မျှကြာသည် ဟူသော နှစ်ကာလ အပိုင်းအခြား မပါ၊ သို့သော် ဖော်ပြသူ၏ အဖြစ်အပျက် ကာလပိုင်းကို သတ်မှတ်၍ စကားပြောနိုင်သည်။

ကျွန်တော်သည် အတိတ်ပုံ ကားချပ်များကို ဖွဲ့နွဲ့ခြယ်ရေးတတ်သည်။ ကျွန်တော့်စိတ်ထဲတွင် အမှတ်တရ စွဲလမ်းတင်ကျန်နေသော ရုပ်ပုံများကို ဖွဲ့နွဲ့သည်။ ဤသည်မှာလည်း လူ့သဘာဝဟု ဆိုနိုင်သည်။

ဝတ္ထုရေးသားသောအခါ ဝတ္ထုတွင် အဖြစ်အပျက်များကို ဖော်ပြမည်။ ယင်းအဖြစ်အပျက်များသည် အတိတ်ကာလ အဖြစ်အပျက်များ ဖြစ်ကြသည်။ မြန်မာဘာသာစကားတွင် သဒ္ဒါအသုံးအနှုန်းက တစ်မျိုး၊ အတိတ်အသုံးအနှုန်းနှင့် သိပ်မသုံးတတ်။ သွား 'ခဲ့သည်' ဆိုလျှင် အတိတ်ကို ဖော်ပြသော အသုံးအနှုန်း ဖြစ်သည်။ သို့သော် ယင်းသို့ 'ခဲ့သည်' ဆိုသော အသုံးအနှုန်း သိပ်မသုံးကြ။ အနောက်နိုင်ငံမှ ဝတ္ထုများကို ဖတ်သောအခါ အတိတ်မှ အဖြစ်အပျက် သဘောမျိုးဖြင့် အတိတ်သဒ္ဒါကို သုံးသည်ကို သတိပြုမိသည်။

အထူးသဖြင့် ကျွန်တော်သည် လွန်ခဲ့သော အနှစ် (၂၀) ကျော်ကစ၍ အတိတ်၏ ပုံကားချပ်များကို ဖွဲ့နွဲ့ရေးသားသည်။ အတိတ်ကို သတိရမိ၍ အတိတ်ကို တမ်းတ၍လား။

ဆိပ်ဖလူးရန့်၌ မိမိကိုယ်ကို တွေ့ရှိခြင်းဟု ဝတ္ထုတစ်ပုဒ်တွင် ဖွင့်ဟခဲ့ဖူးသည်။

mgyoe.com

mgyoe.com

အမှန်ပင် ဆိပ်ဖလူးရန်နှ့ သင်းပျံ့ရာ အရပ်ကာလသည် ဘဝမှတ်တိုင်တစ်ခု ဖြစ်သည်။ ဆိပ်ဖလူးရန်၌ ကျွန်တော်သည် ကျွန်တော့်မိတ်ဆွေ၊ လူ့အဖွဲ့အစည်းနှင့် ခွဲခွာ၍နေရသည်။ တစ်နည်းဆိုရသော် လူ့လောကနှင့် ကွာဝေးသော ဟိမဝန္တာစခန်းတစ်ခုသို့ ရောက်နေသကဲ့သို့ပင် တရှုရှု လှုပ်ရှားနေသော ပစ္စုပ္ပန် မရှိသဖြင့် အတိတ်တို့သည် လွှမ်းအောင် ဖန်နေကြသလား မသိ။

ညအိပ်ရာဝင်ချိန်တွင် ကျွန်တော်၏ အတွင်းစိတ် အာရုံထဲသို့ တိုးဝင်လာတော့သည်။ ဖယ်ရှား၍မရ၊ ထိန်းချုပ်၍မရ၊ အပြင်ဘက်တွင် ရှိစဉ်ကတော့ တစ်နေ့တစ်နေ့ လှုပ်ရှားနေ၍ သတိမရ၊ တွေးတောချိန်မရ၊ ပြန်လှန်စဉ်းစားချိန်မရ၊ ယခု ဆိပ်ဖလူးရန်၌ကား မိမိကိုယ်ကို တွေ့ရှိသွားခဲ့ရသည်။

မိတ်ဆွေတစ်ယောက်က သူက ကျွန်တော့်ထက် နှစ် (၂၀) ခန့်ငယ်သူ၊ သို့သော် သူက စာပေဝါသနာပါသူ။ သူက “လူဆိုတာ အတိတ်နဲ့နေတာ” ဟု လွှတ်ခနဲ ပြောလိုက်သည်။ သူ့စကားသည် ကျွန်တော့်ရင်ထဲကို လာရောက် ရိုက်ခတ်သွားသည်။

လူဆိုသည်မှာ အတိတ်နှင့်နေသူလား။

(ခ)

ငယ်သူများအဖို့ကား အတိတ်နှင့်နေသူများ ဟုတ်ချင်မှ ဟုတ်မည်။ အတိတ်က သိပ်မရှိသေး၍ ဖြစ်နိုင်သည်။ တတိယအရွယ် ရောက်လာသူတို့အတွက်တော့ ဟုတ်နိုင်သည်။ ငယ်သူတို့အဖို့က အတိတ်ထက် အနာဂတ်က ပို၍ အရေးကြီးသည်။ အနာဂတ်ကို မမျှော်လင့်လျှင် ပစ္စုပ္ပန်တွင် တက်တက်ကြွကြွရှိကြမည် မဟုတ်။ မရှိလျှင် လူငယ်တို့ဘဝသည်လည်း အဓိပ္ပာယ်ရှိမည် မဟုတ်။

ကျွန်တော့်အတွက်ကော အနာဂတ် မရှိသလော။

ကျွန်တော်သည် သမိုင်းခေတ်များကို ဖြတ်သန်းလာခဲ့သည်။ ဆိပ်ဖလူးရန်နှ့ စံအိမ်တွင် သမိုင်းခေတ်များကို သတိရလာမိသည်။ ထိုအခါက ဒုတိယအရွယ်အစ တမင်တကာ သတိရအောင် လုပ်ခြင်း မဟုတ်၊ ပစ္စုပ္ပန်မရှိ၍လည်း သတိရခြင်း ဖြစ်မည်။ ဝတ္ထုရေးသမားတို့၏ စိတ်ကူးဟုလည်း ဆိုနိုင်မည်။ အတိတ်ဆိုသည်မှာ ပစ္စုပ္ပန်အတွက် နောက်ခံကား ဖြစ်မည်။ ငါးရာ့ငါးဆယ်ဇာတ်တော်ကြီးများသည် အတိတ်၏ ပုံကားချပ်များပင် မဟုတ်ပါလား။

mgyoe.com

mgyoe.com

အဆိုးအကောင်း၊ အလေးအပေါ့ နှိုင်းယှဉ်ခြင်းများသည် နှိုင်းယှဉ်စရာရှိမှ ခံစားနိုင်မည်။ အတိတ်ရှိမှ ခံစားနိုင်မည်။ လွတ်လပ်သော အရသာကို မလွတ်လပ်သောအခါကျမှ သိနိုင်သည်။ လွတ်လပ်ခြင်း၊ မလွတ်လပ်ခြင်း ခေတ်များကို ဖြတ်သန်းပြီးမှသာလျှင် လွတ်လပ်ခြင်း၏ အရသာကို ကောင်းစွာ သိနိုင်သည်။ ဝေဖန်ပိုင်းခြားနိုင်သည်။ အလေးအပေါ့ဆိုသည်မှာ ဤအတိုင်းပင် ဖြစ်သည်။ နှိုင်းယှဉ်ချက်ဖြင့်သာလျှင် ကျွန်တော်တို့ သိကြရသည်။

နှိုင်းယှဉ်ခြင်းဖြင့်သာလျှင် လူ့အသိစိတ်သည် ထင်ရှားလာပေမည်။ ဝဝလင်လင် စားသောက်ရသောအခါ ဆာလောင်ခြင်းကို သိပ်သိမည် မဟုတ်၊ ဆာလောင်နေသောအခါမှသာလျှင် ဝဝလင်လင် စားသောက်ရခြင်း၏ အဓိပ္ပာယ်ကို ပို၍ သိမည် မဟုတ်ပါလား။

အထူးသဖြင့် လွတ်လပ်ခြင်း၊ မလွတ်လပ်ခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်း စသော အသိစိတ်တို့သည် နှိုင်းယှဉ်မှသာ ကောင်းစွာ သိနိုင်ပေမည်။

ကျွန်တော်သည် အင်္ဂလိပ် ကိုလိုနီခေတ်၊ ဂျပန်ဖက်ဆစ်ခေတ်၊ လွတ်လပ်ရေးရပြီး ဖဆပလခေတ်၊ ယနေ့ခေတ် စသည်အားဖြင့် သမိုင်းခေတ်များကို ဖြတ်သန်းလာခဲ့ရသည်။ ကျွန်တော်၏ ဆန္ဒနှင့်မဆိုင်၊ ကျွန်တော် ကြိုက်သည်၊ မကြိုက်သည်နှင့် မဆိုင်၊ ကျွန်တော် လိုချင်သည်၊ မလိုချင်သည်နှင့် မဆိုင်၊ ခေတ်တိုင်း၌ ခံစားမှုက တော့ ရှိနေခဲ့သည်။ အမှတ်တရ ခံစားမှုများ ရှိနေသည်။ စွဲလမ်းသော ခံစားမှုများ ရှိနေသည်။ ယင်းတို့ကို ကျွန်တော်သည် ဖွင့်ဟဖော်ပြချင်နေသည်။ ဤသည်မှာ လူ့သဘာဝပင် ဖြစ်သည်ဟု ဆိုနိုင်သည်။

စစ်ပြီးသောအခါ ကျွန်တော်နှင့် သက်တူရွယ်တူ ကျောင်းနေဖက်များနှင့် အထိအတွေ့ သိပ်မရှိတော့။ ကျွန်တော် တစ်ယောက်သာလျှင် အလုပ်အကိုင်မရှိ၊ သူတို့က သူတို့အလုပ်အကိုင်နှင့်သူတို့ ဖြစ်သွားကြသည်။ ရာထူးဌာနနှင့် ဖြစ်နေပေပြီ။ လွတ်လပ်ရေးရပြီးစ နှစ်ကတည်းက သူတို့က အစိုးရဌာနများ ရောက်သွားပြီး၊ ကျွန်တော် တစ်ယောက်တည်းသာ စာပေနယ်၌ ကျန်ခဲ့သည်။ အထိအတွေ့ နည်းသွားကြသည်။ ထိုအခါ ကျွန်တော့်အပေါင်းအသင်းများမှာ ကျွန်တော်နှင့် ငယ်သူများသာ ဖြစ်သွားကြသည်။

ပထမ ကျွန်တော့်ထက် ဆယ်နှစ်ငယ်သူများနှင့် ထိတွေ့ရသည်။ ထို့နောက် ကျွန်တော့်ထက် သုံးလေးဆယ် ငယ်သူများနှင့် ထိတွေ့ရသည်။ တစ်လောကပင်လျှင်

mgyoe.com

mgyoe.com

ကျွန်တော့်ထက် ငါးဆယ်ခန့်ငယ်သော လူငယ်များပင် လာရောက် စကားပြောကြသည်။ ထိုအခါ ကျွန်တော်က သူတို့၏အသက်ကို မေးထားရသည်။

သူတို့အသက်ကို မေးရသည်မှာ အခြားကြောင့် မဟုတ်၊ သူတို့က သူတို့မမီလိုက်သော သမိုင်းခေတ်အကြောင်းကို သိချင်နေရာ သူတို့အသက်ကို သိမှ သူတို့ သိချင်သော သမိုင်းအကြောင်းကို ပြော၍ရမည်။ သူတို့ သိချင်သည့် အကြောင်းကလည်း သူတို့ မမီလိုက်သည့် သမိုင်းခေတ်အကြောင်းသာ ဖြစ်မည်။ စာအုပ်စာတမ်းများ သိပ်မရှိ၊ ထိုအခါ ကျွန်တော်သည် အတိတ်ပုံကားချပ်များကို ခြယ်ရေးရသည်။

မျိုးဆက်ချင်း ကွာဝေးနေသည်ကို အတိတ်ကားချပ်များကို ခြယ်ရေးခြင်းဖြင့် နီးကပ်အောင် ဆက်ပေးရသည်။ "ဒို့ခေတ်ကို ရောက်ရမှာ မလွဲပါ"ဆိုသည့် ဝတ္ထုမှာ ကျွန်တော်၏ အတွေ့အကြုံ၊ တစ်နည်းဆိုရသော် လူငယ်တို့၏ အတွေ့အကြုံကို အခြေပြု၍ ဖွဲ့ထားသော ဝတ္ထု ဖြစ်သည်။ ၎င်းဝတ္ထုက မဆုံးသော အကြောင်းအမျိုးမျိုးကြောင့် ပုံကားချပ်များကို ပြည့်စုံအောင် မရေးနိုင်။ သို့ဖြစ်၍ ကျွန်တော်ကိုယ်တိုင် တွေ့ကြုံရသော သမိုင်းအဖြစ်အပျက်များကို ဆောင်းပါး၊ ဝတ္ထုများတွင် ကြိုးကြားကြိုးကြား ညှပ်ကာကပ်ကာ အခွင့်ကြုံသလို ရေးလိုက်ရခြင်းဖြစ်ပေသည်။

လူငယ်စာဖတ်ပရိသတ်အတွက် ရေးရခြင်း ဖြစ်သည်။

(၇)

လူငယ်များအတွက် အနာဂတ်သည် အရေးကြီးသည်ဟု ဆိုထားပေသည်။ သို့ဖြစ်လျှင် တတိယအရွယ် လူကြီးများအဖို့ အနာဂတ် မရှိသလော၊ မေးခွန်းထုတ်နိုင်သည်။

ကျွန်တော့်အတွက်ကတော့ အနာဂတ်သည် ငြိမ်းချမ်းရေး ဖြစ်သည်။ အခြားမရှိ၊ ငြိမ်းချမ်းရေးရှိပြီဆိုလျှင် ညီညွတ်နေသောကြောင့် ဖြစ်သည်။ မညီညွတ်ဟုဆိုလျှင် ငြိမ်းချမ်းရေးရှိမည် မဟုတ်။ ညီညွတ်နေပြီဆိုလျှင် လွတ်လပ်သောကြောင့် ဖြစ်သည်ဟု ဆိုနိုင်သည်။

အခွင့်အရေး တန်းတူခံစားရလျှင် ညီညွတ်ပေပြီ။ သို့ဖြစ်ရာ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော သဘောတရားများ ဖြစ်ကြပေသည်။

mgyoe.com

mgyoe.com

အခွင့်အရေးတန်းတူ မခံစားရဘူးဟုဆိုလျှင် အငြင်းပွားနေသောကြောင့် ညီညွတ်ရေးမရှိနိုင်၊ ညီညွတ်ရေးမရှိလျှင် ငြိမ်းချမ်းရေးဘယ်မှာ ရှိနိုင်ပါမည်လဲ။

ကျွန်တော်တို့၏ အနာဂတ်ကတော့ ငြိမ်းချမ်းရေးအတိတ် နောက်ခံကားချပ်သည် ငြိမ်းချမ်းရေး အတွေးအခေါ်ကို ဖော်ဆောင်မည်ဟု ယုံကြည်ပေသည်။

mgyoe.com

mgyoe.com

ရွေးကောက်ပွဲ

ကျွန်တော့်တွင် ကြိုက်တာ၊ မကြိုက်တာ ရှိတတ်မြဲ။ ကြိုက်လျှင် ကြိုက်သည်။ မကြိုက်လျှင် မကြိုက်။ ရွေးကောက်ပွဲ ဟူသော စကားတစ်ရပ် ရှိသည်။ ရွေးကောက်ပွဲတွင် ကျွန်တော် ကြိုက်သည့်သူရှိလျှင် မဲပေးမည်။ မကြိုက်လျှင် မဲမပေး။ ဒါက ကျွန်တော်၏စိတ်။ ၁၉၄၇ က ကျွန်တော် တာရာမဂ္ဂဇင်း ထုတ်ဝေနေစဉ် မဲရုံသို့သွားခဲ့သည်။ ကိုအောင်ဆန်းကို မဲထည့်လိုက်သည်။ ဒါနှင့် ကိုအောင်ဆန်းသည် လမ်းမတော်မြို့မှ အမတ်ဖြစ်သွားသည်။ ကျွန်တော် ကြိုက်သွားသည်။ ကိုယ်မဲပေးသောသူ မဲရသွားသဖြင့် ကြိုက်သွားမိသည်။ မဲရုံကတော့ ကျွန်တော် မှတ်မိနေသည်မှာ သွပ်ပြားများဖြင့် ကာရံထားသည်။ ကျွန်တော်ကတော့ အမတ်ဆိုသည်မှာ နိုင်ငံတော်ကို ကိုယ်စားပြုသူဟု နားလည်လိုက်သည်။

နောက်တစ်ခါ ဆိပ်ဖလူးပန်း မွေးသည့် နှစ်က မဲပေးရပြန်သည်။ သည်တုန်းကတော့ ကျွန်တော် မကြိုက်သူကို လက်ဖြင့် ဆွဲဆုပ်ကာ မဲပုံးထဲ ထည့်လိုက်သည်။ နောက်တစ်ခါကတော့ ကျွန်တော်နှင့် အခန်းချင်းကပ်လျက် တပ်ကြပ်ကြီးဟောင်းက ကျွန်တော့်ကို သူ၏ စက်ဘီးဖြင့် နောက်တွင်တင်ကာ မဲရုံသို့ လိုက်ပို့ပေးသည်ကို မှတ်မိနေသည်။ ကျွန်တော်တို့နှင့် သိပ်မဝေး။ နီးသည်လည်း မဟုတ်။ မဲရုံက ဝါးကပ်ဖြင့် ကာထားသော ဝါးရုံ။ ကျွန်တော် သူ့ကို မဲပေးလိုက်သည်။ သူက အင်ဂျင်နီယာ တစ်ယောက်။ မဲရွေးကောက်ပွဲသည် နိုင်ငံတော်ကို ကိုယ်စားပြုသူဟု ကျွန်တော် နားလည်လျက်ပင် ရှိနေသည်။ သို့သော် သူသည် တစ်ခါမှ လွှတ်တော်သို့ မတက်ရောက်ခဲ့ရ။ ။

၇-၁-၂၀၁၀။

mgyoe.com

mgyoe.com

ငြိမ်းချမ်းရေးမှု

ကျွန်တော်တို့ ဖဆပလအဖွဲ့ချုပ်၏ ဥက္ကဋ္ဌမှာ ဦးနု၊ သခင်နု။ ထိုအချိန်က မကြာသေးမီကပင် နိုင်ငံခြားရေးဝါဒကို ဘက်မလိုက်ဝါဒအဖြစ် ကြေညာပြီးစ အချိန်။ တရုတ်ပြည်သို့သွားရမည့် ကိစ္စမှာ နိုင်ငံရေးရာကိစ္စဟု မှတ်သားမိသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဘက်မလိုက်ဝါဒကို လေ့လာမှတ်သားရသည်။ ၁၉၅၂ က ဂျူဘလီဟောတွင် ကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးညီလာခံကြီးတွင် ကျွန်တော်က နိုင်ငံရေးအင်အားစုများ ပါဝင်သော ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် အဆိုကို တင်သည်။ ထိုအခါက ဆိုရှယ်နီဟု သတင်းစာဆရာများက သတ်မှတ်ထားသော အလုပ်သမားပါတီတွင် အတွင်းရေးမှူးက မုံရွာမှ ကိုဘငြိမ်း၊ BCS ဟုခေါ်သော နိုင်ငံတော်အစိုးရအဖွဲ့ အရပ်သား အစိုးရအဖွဲ့မှ ကိုဘငြိမ်းမှာ အစိုးရအဖွဲ့မှ ထွက်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့မှာ ဆောင်ရွက်နေသောအချိန် ဖြစ်သည်။

ကျွန်တော်က နိုင်ငံရေး အင်အားစုများအားလုံး ပါဝင်သော ညွန့်ပေါင်းအစိုးရဖွဲ့ရန် တင်ပြစဉ် မုံရွာမှ ကိုဘငြိမ်းက သဘောသိပ်မတူ။ သို့နှင့် ကျွန်တော်၏ အဆိုကိုမတင်ဘဲ မုံရွာမှ ကိုဘငြိမ်း၏ အဆိုကို လက်ခံလိုက်ကြသည်။ ငြိမ်းချမ်းရေးမှု ဖြစ်သော်လည်း ကျွန်တော် တင်သွင်းသော မူနှင့် သိပ်မတူ။ သူ့မူသည်လည်း သခင်ကိုယ်တော်မှိုင်း၏ ငြိမ်းချမ်းရေးမူဖြင့် ထွက်ပေါ်လာသည်။ ငြိမ်းချမ်းရေးမူဖြင့် ထွက်ပေါ်လာသောကြောင့် ကျွန်တော်က ဘာမျှမပြောတော့ပေ။ ကိုဘငြိမ်း ပြောသော အဓိပ္ပာယ်မှာ ယခုအခါ ကမ္ဘာ့ငြိမ်းချမ်းရေး ကောင်စီက လက်ခံထားပြီး ဖြစ်သော ပြည်သူ့လွတ်မြောက်ရေး တပ်မတော်နည်း (သို့) စစ်နည်းဖြင့်သာလျှင် ငြိမ်းချမ်းရေး ရယူရမည်ဖြစ်သော မူမှာ ပျက်ပြယ်သွားပြီ ဖြစ်သည်။ ထို့ကြောင့် ဦးဘငြိမ်း၏ မူကို လက်ခံလိုက်ကြခြင်း ဖြစ်ပေသည်။ ။

၁၀-၁၂-၂၀၁၀

ပန်းကြာဝတ်မှုန်မင်္ဂလာဇင်း။

mgyoe.com

mgyoe.com

မျိုးဆက်နှင့် သမိုင်းအတွေ့အကြုံ

(က)

ကံအားလျော်စွာ ကျွန်တော်သည် မျိုးဆက်ခေတ် သုံးခေတ်ကို ဖြတ်သန်းလာခဲ့ရသည်။ မလွဲမရှောင်သာ ဖြတ်သန်းလာရသည်ဟု ဆိုရပေမည်။ အင်္ဂလိပ် ကိုလိုနီ အစိုးရ လက်အောက်ခံဘဝ။ ထိုအခါက နိုင်ငံရေးရာ စာအုပ်များတွင် နယ်ချဲ့ ဟူ၍လည်း ခေါ်ကြသည်။ တို့ဗမာ အစည်းအရုံးက အများဆုံးခေါ်သော အခေါ် အဝေါ်မှာ 'နယ်ချဲ့အင်္ဂလိပ်'။ မည်သို့ပင် ခေါ်ဝေါ်သည်ဖြစ်စေ၊ သမိုင်းကတော့ သမိုင်းပင်။ ယင်းသမိုင်းတို့ကို ဖြတ်သန်းလာသောအခါ ယင်းသမိုင်းခေတ်များရှိ ကာလတွင် မျိုးဆက်တို့ ရှိကြစမြဲ။ ယင်းတို့ကို မျိုးဆက် ဟူ၍လည်း ခေါ်ကြသည်။ ၁၉၄၁ ဒီဇင်ဘာလတွင် ဂျပန်တို့က ဟာဝိုင်ယီကျွန်းကို မမျှော်လင့်ဘဲ ဗုံးကြဲ တိုက်ခိုက်သည်။ ဒုတိယကမ္ဘာစစ်သို့ အာရှဝင်လာခြင်းဟု ဆိုနိုင်သည်။ ယင်းခေတ်ကို ကျွန်တော် ဆယ်ကျော်သက် ကျောင်းသားဘဝက ကောင်းစွာ မီလိုက်သည်။ ထို အခါက တို့ဗမာအစည်းအရုံးကြီးသည် နယ်ချဲ့ဆန့်ကျင်ရေး တပ်ပေါင်းစုကြီး ဖြစ်သည် ဟု နားလည်သိရှိထားသည်။ ယင်းသည် ကျွန်တော်တို့ ပထမမျိုးဆက်၏ သမိုင်း ခေတ်၊ ပထမမျိုးဆက်ဟု ကျွန်တော်က သတ်မှတ်ခြင်း ဖြစ်သည်။ သမိုင်းဆရာ အမျိုးမျိုးက ခေတ်များကို အမျိုးမျိုးနာမည်ပေးကြမည်။ သတ်မှတ်ကြမည်။ ယင်း သည် သဘာဝတ္တတရား။

ဒုတိယမျိုးဆက်ခေတ်ကတော့ လွတ်လပ်ရေးရပြီးစခေတ်။ ၁၉၆၂ အထိ။ ယင်းကာလကို ကျွန်တော်က ဖူးပွင့်စ ဒီမိုကရေစီစနစ်ဟု ရေးမှတ်ထားဖူးသည်။

mgyoe.com

mgyoe.com

၁၉၆၂ နောက်ပိုင်းခေတ်ကိုတော့ သမိုင်းဆရာတို့က မှတ်တမ်းပြုကြပေမည်။ ဒါကတော့ သမိုင်းဆရာ၊ သုတေသနသမားတို့၏ အလုပ်။

ကျွန်တော်ကတော့ ရသသမားဖြစ်၍ မိမိခံစားသည့်အတိုင်း အသိကို ဖွဲ့နွဲ့တတ်သူ။ ဤနေရာတွင် မျိုးဆက်တို့၏ အခန်းကဏ္ဍ ပေါ်လာသည်။ မျိုးဆက်ဆိုသည်ကတော့ ငယ်ရာမှ ကြီးလာသူတို့ကခေါ်သော စကားလုံး။ သမိုင်းခေတ်များကို မျိုးဆက်ခေတ် အသီးသီးက လက်ခံကာ ဆောင်ရွက်ကြသည်။ သမိုင်းခေတ်များကို ယင်းမျိုးဆက်များသည် ဆက်ခံကာ ဆောင်ရွက်ကြသည်။ ယင်းတို့သည် သမိုင်းဖြစ်လာကြသည်။ လူတို့သည် ငယ်ရာမှ ကြီးလာကြသည်။ ယင်းတို့ ကြီးလာရင်း သမိုင်းခေတ်များကို ဖြတ်သန်းလာရသည်။ ထိုအခါ သမိုင်းတစ်ခေတ်၏ ကျန်ရစ်သော နိုင်ငံရေး အမွေကို နောက်သမိုင်းတစ်ခေတ်က ဆက်ခံသည်။ နောက်မျိုးဆက်တွင် ကျန်ရစ်နေသော မပြီးဆုံးသေးသော ပြောင်းလဲမှုတို့နောက် မျိုးဆက်တို့က ဆက်ခံသည်။ ယင်းတို့ကို 'တော်လှန်ရေး' ဟု သမိုင်းဆရာတို့က မှတ်တမ်းပြုကြသည်။ ယင်းသည် သဘာဝကျသည်ဟု ဆိုနိုင်ပေသည်။

(ခ)

'တော်လှန်ရေး' ဟူသော စကားရပ်သည် ပြောင်းလဲခြင်းဟု ဖော်ညွှန်းသည်။ ယင်းသို့ ပြောင်းလဲရာတွင် ခေတ်တစ်ခေတ်၏ အခြေခံ ပြောင်းလဲမှုကို တော်လှန်ရေးဟု ခေါ်ကြရသည်။ လက်နက်ကိုင်မှ တော်လှန်ရေးဟု ဆိုလိုသည် မဟုတ်။ ကျွန်တော်သည် ယင်းသို့ နားလည်မှုဖြင့် သမိုင်းခေတ်များကို ဖြတ်သန်းလျက်ရှိသည်။ ကျွန်တော်တို့၏ သမိုင်း (သို့) ကျွန်တော်၏ သမိုင်းသည် ပထမ မျိုးဆက်ခေတ်မှ စတင်သည်။ ယင်းမျိုးဆက်ခေတ်မှာ အခြားမဟုတ်။ 'နယ်ချဲ့' ဟူ၍ ထိုအခါက ခေါ်ဝေါ်ကြသောခေတ်။ နယ်ချဲ့တို့ စိုးမိုးကြသောခေတ်၊ နယ်ချဲ့ဆိုသည်မှာ အခြားမဟုတ်။ အင်္ဂလိပ် နယ်ချဲ့များကို ဆိုလိုသောခေတ်။ ထို့နောက် ၁၉၄၈ တွင် လွတ်လပ်ရေးရသည်။ လွတ်လပ်ရေးရစခေတ်ကို ရေတွက်မည်ဆိုလျှင် ဖူးပွင့်စဒီမိုကရေစီခေတ်ဟုခေါ်သော ခေတ်တစ်ခေတ်ကို ဖြတ်သန်းကြရသည်။ ၁၉၆၂ သို့ ရောက်သောအခါ ခေတ်တစ်ခေတ်ကို ရောက်လာသည်။ ယင်းခေတ်ကိုလည်း ကျွန်တော်တို့ ဖြတ်သန်းလျက် ရှိကြသည်။ မလွဲမရှောင်သာ ဖြတ်သန်းကြရသည်။ မဖြတ်သန်း၍မဖြစ်။ ကျွန်တော်တို့ထက် ငယ်သူများသည် တစ်ခေတ်ပြီးတစ်ခေတ်

mgyoe.com

mgyoe.com

သမိုင်းခေတ်များကို ဖြတ်သန်းရင်း မိမိတို့ ခေတ်တွင် လိုအပ်သော (ဝါ) တော်လှန်ရေးကို ပြုကြရစမြဲ။ ပထမမျိုးဆက် (ဝါ) နယ်ချဲ့လက်အောက်တွင် ကြီးပြင်းလာသူများသည် နယ်ချဲ့ ဆန့်ကျင်ရေးကို ပြုကြရသည်။ ထိုအခါက ပန်းတိုင်မှာ အမျိုးသားလွတ်လပ်ရေး၊ ထို့နောက် ဒုတိယ မျိုးဆက်ခေတ်သို့ ရောက်သောအခါ လွတ်လပ်ရေးရခဲ့ပေပြီ။ ပထမ မျိုးဆက်ခေတ်မှ နိုင်ငံရေးသမားများသည် ဒုတိယမျိုးဆက်ခေတ်တွင် အစိုးရအဖွဲ့ဝင်များ ဖြစ်လာသည်ကို ထင်ရှားစွာ တွေ့မြင်လာသည်။ ထို့ကြောင့် နိုင်ငံရေးသမားတို့၏ကဏ္ဍသည် အရေးကြီးပေသည်။

ရှေးကတော့ ဘုရင့်နန်းတော်တွင် သမိုင်းကို ရေးဖွဲ့ကြသည်။ ယနေ့ခေတ်တွင်တော့ ဤကဲ့သို့ မဟုတ်တော့ပြီ။ သမိုင်းကို ပြည်သူတို့က ရေးဖွဲ့ကြပြီ။ ထို့ကြောင့် သမိုင်းသည် ဘုရင်တို့၏သမိုင်း မဖြစ်တော့ဘဲ ပြည်သူတို့၏သမိုင်း ဖြစ်လာပေပြီ။ ယခုအခါ စာပုံနှိပ်စက်သာမဟုတ် ကွန်ပျူတာ၊ ရုပ်မြင်သံကြား၊ ရေဒီယို စသော ခေတ်ပေါ်တိုးတက်မှုများကြောင့် သမိုင်းသည် ပို၍ပင် ခေတ်၏ သရုပ်သဏ္ဌာန်ကို ဖော်ပြနိုင်စွမ်း ရှိလာပေပြီ။ သမိုင်းကို လိမ်၍ မရတော့ပြီ။ ယနေ့ခေတ်ပေါ် သမိုင်းသည် ဘုရင်မင်းမြတ်လက်ထက်က ခေတ်ပေါ်သမိုင်းနှင့် မတူတော့ဘဲ လှုပ်ရှားမှုတို့သည်လည်း စုံလင်ထွေပြား မြားမြောင်ရှုပ်ထွေးလာသည်။ စစ်နှင့် ငြိမ်းချမ်းရေးတို့၏ လှုပ်ရှားမှုများမှာလည်း ပို၍ ထင်ရှားလာပေပြီ။ သမိုင်းတွင် ပြည်သူတို့ ပို၍ ပါဝင်လာလေပြီ။ သမိုင်းအဆက်ဆက်ကို ပြည်သူတို့၏ လူငယ် အသီးသီးက ဆက်ဆံဆောင်ရွက်လျက် ရှိကြပေပြီ။ ယင်းသည် ခေတ်ပေါ်သမိုင်း၏ ထူးခြားချက်။

(ဂ)

ယနေ့ ခေတ်ပေါ်သမိုင်း၏ ထူးခြားချက်မှာ ပြည်သူတို့၏ လှုပ်ရှားမှုများသည် ဆက်စပ်နေသည်။ တစ်ခေတ်နှင့်တစ်ခေတ် မျိုးဆက်တို့က ဆက်လက် ဆောင်ရွက်နေကြသည်မှာလည်း ထူးခြားချက် တစ်ရပ်ဟု ဆိုနိုင်ပေသည်။ ထို့ကြောင့် 'မျိုးဆက်' ဟူသော စကားရပ်မှာ သမိုင်းတို့၏ ဆက်စပ်မှု၊ သမိုင်းတို့၏ တကယ့်အဖြစ်အပျက်တို့နှင့် ကင်းကွာခြင်း မရှိတော့ပေ။ ပုံနှိပ်စက်၊ အသံဖမ်းစက်နှင့် ကွန်ပျူတာ လူဦးနှောက်၊ ယန္တရား စသော ခေတ်မီ အီလက်ထရွန်နစ် ပစ္စည်းများသာ မဟုတ်၊ အခြားသော လှုပ်ရှားမှုတွင် ပါဝင်သူများမှာလည်း သမိုင်း၏ အဖြစ်အပျက်ကို

mgyoe.com

mgyoe.com

ကိုယ်တိုင် သိနေကြသည်။ ထို့ကြောင့်ပင် မျိုးဆက် ဟူသော စကားသည် ပေါ် ပေါက်လာခြင်း ဖြစ်သည်။ သမိုင်းကို သမိုင်းခေတ်တိုင်း ခေတ်တိုင်းရှိ ပြည်သူတို့က ပါဝင်နေကြသည်။ ပြည်သူတို့ဟုဆိုရာ၌ အသက်အရွယ်အားဖြင့် ငယ်ရွယ်သူတို့ကို ဆိုလိုခြင်း ဖြစ်သည်။ ယင်းတို့ကို မျိုးဆက်ဟူ၍လည်း တစ်နည်းအားဖြင့် ခေါ်၍ရပေ သည်။ မျိုးဆက်သည် သမိုင်း၊ သမိုင်းသည် မျိုးဆက်ဟု ဆိုရလောက်အောင်ပင် ဆက်စပ်နေပြီ။ အမှန်တရားနှင့် နီးကပ်နေပြီ။ နန်းအတွင်း၌ ရေးဖွဲ့သော မှန်နန်းရာဇ ဝင် မဟုတ်တော့ပြီ။ ထို့ကြောင့် သမိုင်းကို ပြည်သူတို့က ပြုစုမှတ်သားသည် ဟူ သော ဒဿနသည် ထွန်းကားစပြုလာပြီ မဟုတ်ပါလား။ ။

၂၅-၁၀-၂၀၀၈
ပန်းကြာဝတ်မှုန်မဂ္ဂဇင်း။

mgyoe.com

mgyoe.com

နိုင်ငံတော်

နိုင်ငံတော်ဟူသော စကားရပ်၏ အဓိပ္ပာယ်ကို လွတ်လပ်ရေးမရခင် ကိုလိုနီခေတ်က ကောင်းစွာ နားလည်ချင်မှ နားလည်မည်။ သို့သော် ၁၉၄၈ ဇန်နဝါရီ ၄ ရက်နေ့မှစ၍ အမျိုးသားလွတ်မြောက်ရေး အရေးတော်ပုံများကို ဖြတ်သန်းပြီးသောအခါ လွတ်လပ်ရေး ရရှိခဲ့သည်။ ထိုအခါ နိုင်ငံတော်ဟူသော အဓိပ္ပာယ်ကို နားလည်သိရှိ သုံးစွဲလာခဲ့ကြသည်။ ပြည်သူတိုင်းပင်လျှင် နိုင်ငံတော်ဟူသော စကားလုံးကို မကြာခဏ ကြားနေရပေပြီ။

နိုင်ငံတော်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် ဟူ၍ တရားဝင် သတ်မှတ်ခဲ့သည်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ ရေးဆွဲသည်ကစ၍ နိုင်ငံတော်ဟူသော စကားရပ်ကို သုံးစွဲလာခဲ့ကြသည်မှာ ယနေ့တိုင်ပင်။ ထို့ကြောင့် နိုင်ငံတော်၏အဓိပ္ပာယ်ကို ပြည်သူတို့သည် နားလည်ရှင်းအောင် သိဖို့ လိုအပ်ပေလိမ့်မည်။

နိုင်ငံတော်ဟူသော အဓိပ္ပာယ်တို့တွင် ယင်းနိုင်ငံတော် ဟူ၍ ခေါ်ဆိုသော မြေကြီးပေါ်တွင် နေထိုင်သူ ပြည်သူအပေါင်းနှင့် ယင်းနေထိုင်ရာ မြေကြီး၊ လေရေတို့ကို ပေါင်းစု၍ နားလည်ရန် လိုပေလိမ့်မည်။

နိုင်ငံတော်ဟူသော အဓိပ္ပာယ်တွင် အချုပ်အခြာ အာဏာပိုင်မှု လွတ်လပ်ရေးစသော သက်ရှိသက်မဲ့တို့အားလုံး ပါဝင်သည်။ သက်မဲ့ဆိုသည်မှာ ရေ၊ မြေ၊ တော၊ တောင်တို့ကို ဆိုလိုသည်။ သက်ရှိဆိုသည်မှာ သက်ရှိလူသားတို့ကို ဆိုလိုသည်။ သက်ရှိဆိုသဖြင့် လူသားတို့သာမက လူသားတို့နှင့်အတူ မြေကြီးပေါ်တွင် နေထိုင်ကြီးပြင်းလာသော တိရစ္ဆာန်တို့လည်း ပါသည်။

mgyoe.com

mgyoe.com

အချုပ်အခြာ အာဏာပိုင်မှုပဲဟူသော အဓိပ္ပာယ်မှာလည်း ယင်းနိုင်ငံတော်အတွင်းရှိ နေထိုင်သော ပြည်သူတို့၏ လွတ်လပ်ရေးကို ဆိုလိုခြင်း ဖြစ်သည်။ ပြည်သူတိုင်းတွင် လွတ်လပ်ရေးရှိမှသာလျှင် အချုပ်အခြာ အာဏာပိုင်မှု ဟူသော အခွင့်အရေးကို နားလည်သိရှိနိုင်သည်။ အာဏာပိုင်မှုကို ပြည်သူတို့၏ အခွင့်အရေး လွတ်လပ်ရေးတို့ကို ပိုင်ဆိုင်ခြင်း သဘောကို ဆိုလိုခြင်း ဖြစ်သည်။ ယင်းတို့ကို မည်သူတို့က ကိုယ်စားပြုမည်နည်း။ ပြည်သူတို့၏ ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကသာလျှင် နိုင်ငံတော်ကို ကိုယ်စားပြုသည်ဟု နိုင်ငံရေးသိပ္ပံတွင် ဖော်ပြထားသည်။

နိုင်ငံတော်ဟူ၍လည်း မရှိပေ။ ကိုလိုနီလက်ထက်တွင် နိုင်ငံတော် မရှိခြင်းမှာ ပြည်သူတို့ ရွေးကောက်တင်မြှောက်ထားသော ပြည်သူတို့၏ အစိုးရက အုပ်စိုးခြင်း မဟုတ်သဖြင့် ယင်းသို့ နားလည်သိရှိခြင်း ဖြစ်သည်။ ထို့ကြောင့် ပြည်သူတို့၏ အချုပ်အခြာ အာဏာပိုင်မှု၊ ယင်းအာဏာသည် လွှတ်တော်တွင်သာ ရှိသည်။ လွှတ်တော်ဆိုရာတွင်လည်း ဘုရင်ခံစနစ်၊ နိုင်ငံပေါင်းစုံစနစ်၊ ပြည်ထောင်စုစနစ် စသည့် လွှတ်တော်အမျိုးအစားများ ရှိသည့်အနက် ပြည်သူတို့က ရွေးကောက်တင်မြှောက်သော လွှတ်တော်ကသာလျှင် အချုပ်အခြာ အာဏာပိုင်မှုရှိသည်ဟု ဆိုနိုင်သည်။

အချုပ်အခြာ အာဏာပိုင်မှုဟုဆိုရာတွင်လည်း ပြည်သူတို့ နေထိုင်မှု၊ နိုင်ငံတော်၏ အကျယ်အဝန်း၊ နယ်နိမိတ်ကိုသာ ဆိုလိုသည် မဟုတ်ဘဲ ယင်းမြေကြီးပေါ်တွင် နေထိုင်သော ပြည်သူတို့၏ လွတ်လပ်ရေး အတိုင်းအတာကိုလည်း သိရှိသတ်မှတ်ခြင်းဟု ဆိုနိုင်သည်။

လွှတ်တော်မရှိဘဲ၊ နိုင်ငံတော်ရှိမည် မဟုတ်ဘဲ ဥပဒေ ပြဋ္ဌာန်းနိုင်မည် မဟုတ်။ လွှတ်တော်မရှိဘဲ အုပ်ချုပ်မှုစနစ်ကို ပြဋ္ဌာန်းနိုင်မည် မဟုတ်၊ လွှတ်တော် မရှိဘဲ တရားရုံးများကို ဖွဲ့စည်းခန့်အပ်နိုင်မည် မဟုတ်။ လွှတ်တော်သည် နိုင်ငံတော်တစ်ခုတွင် အာဏာအရှိဆုံးသော အဖွဲ့အစည်း ဖြစ်ပေသည်။

နိုင်ငံတော်ဟု ဆိုလိုက်သည်နှင့် အချုပ်အခြာ အာဏာပိုင်မှု၊ တရားဥပဒေ၊ နိုင်ငံရေး စသော အရေးကြီးသော လူသားတို့၏ ပိုင်ဆိုင်မှုအာဏာ အားလုံးဖြစ်သည်မှာ နိုင်ငံရေးသိပ္ပံပညာအရ အရေးကြီးသည်ဟု ပြောရပေမည်။ ။

mgyoe.com

mgyoe.com

ပြည်ထောင်စု ခံစားမှု

(က)

မကြာသေးမီကပင် မြန်မာစာ လက်ထောက်ကထိက တစ်ဦးက ၁၉၄၈၊ တာရာ မဂ္ဂဇင်း ခေါင်းကြီးပိုင်းတွင် ကျွန်တော် ရေးသားခဲ့သော အရေးအသားနှင့်ပတ်သက်၍ မေးသည်။ ခေါင်းစဉ်က 'နတ်ပန်းခွံ့မြ'။ တက္ကသိုလ် စာပေးစာယူ စတုတ္ထနှစ်တွင် ပြဋ္ဌာန်းထားသည်ဟု ပြောပြ၍ သိရသည်။ ၁၉၇၀ က ထုတ်ဝေသော 'အယ်ဒီတာ စားပွဲ၊ စာပေ၊ အနုပညာဝေဖန်ရေးနှင့် ပန်းနုရောင်' စာအုပ်မှ ကောက်နုတ် ဖော်ပြသည်ဟု ဆိုသည်။ ယင်းဆောင်းပါးပေါင်းချုပ် စာအုပ်တွင် တာရာမဂ္ဂဇင်း (၁၉၄၆-၅၀) မှ ခေါင်းကြီးပိုင်းများလည်း ပါသည်။ လက်ထောက်ကထိကမှာ ကျွန်တော်၏ စာများနှင့် ရင်းနှီးထားသူဖြစ်၍ ကျွန်တော် တင်စားဖွဲ့နွဲ့တတ်သည်ကို သိနေသည်။ တချို့နေရာများတွင် ဘယ်လို အဓိပ္ပာယ်ကောက်သလဲဟု မေးသည်။ ယင်းခေါင်းကြီးပိုင်းမှာ လွတ်လပ်ရေးနှင့် ပြည်ထောင်စု ခံစားမှုကို ဖွဲ့တာတွေကို ခံစားမှုနဲ့ ရေးလိုက်တာ။

ဟုတ်သည်။ ခေါင်းကြီး ရေးမည်ဟု စာရေးစားပွဲတွင် ထိုင်လိုက်သည်နှင့် ခံစားမှု ဝင်လာတတ်သည်။ ယင်းသို့ ရင်ထဲတွင် လှုပ်ရှားလာသော ခံစားမှုကို ရေးချလိုက်ခြင်း ဖြစ်သည်။ စကားပြေ ရေးသော်လည်း ကဗျာဖွဲ့သကဲ့သို့ပင် တင်စားချက်များဖြင့် ဖွဲ့နွဲ့သည်။

လက်ထောက်ကထိက ပြသော ရွှေပလောင်၊ ရွှေလိမ္မော် စသည်ဖြင့် ခေါင်းစဉ်ငယ်များ တပ်ထားသော စာပိုဒ်များမှာ ကျွန်တော် ရောက်ဖူးခဲ့သော

mgyoe.com

mgyoe.com

ရှမ်းပြည်၊ ဘော်တွင်း၊ နမ္မတူ၊ ကျောက်မဲ၊ သီပေါဒေသ ရှုခင်း စိတ်ကူးရုပ်ပုံများကို ဖွဲ့နွဲ့ထားသည်။ ပြည်ထောင်စုအဆင်းရနံ့ကလေးများ ရလာအောင် ဖွဲ့နွဲ့လိုက်ခြင်း ဖြစ်သည်။

တစ်ပိုဒ်ကို ပြကာ မေးသည်။ "ဘိုးတောင်သူတဲ အနီးရှိ သစ်ပင်များကား ပုံသဏ္ဍာန်ကိုပင် မှန်းဆ၍မရ။ မပီမသ ဝိုးတိုးဝါးတား သဏ္ဍာန်တို့သည် ခြောက်လှန့်နေတော့သည်။ တဲဘေးရှိ မီးလင်းဖိုမှ အရောင်သည် နောက်ဘဝနှင့်ပင် တူသေးတော့" ဟူသော အပိုဒ်ကို ပြသည်။

"မီးရောင်နဲ့ နောက်ဘဝဆိုတာက ဘယ်လို ကောက်ရမလဲ"

တကယ်က ကျွန်တော်သည် ရေးစဉ်အခါက (၁၉၄၈) ခံစားမှုကို ဖော်ပြလိုက်ခြင်း ဖြစ်သည်။ နောက်ဘဝဆိုတာက အနာဂတ်ကာလ။ မီးရောင်နှင့်ဘဝ နှိုင်းတာက မိလိန္ဒပဉှာခန်းမှ မီးတိုင် တစ်ခုမှတစ်ခု ကူးသည်ကို ဘဝနှင့် ဥပမာပေးသည်ကို သတိရကာ ရေးတာ ဖြစ်မည်ဟု ပြောပြရသည်။ ရေးခဲ့သည်မှာ ၃၄ နှစ်ခန့်ကြာပြီဖြစ်၍ မနည်း ပြန်လှန်တွေးတောယူရသည်။ တစ်ခုပဲ သတိရသည်။ ပြည်ထောင်စုနှင့် ပတ်သက်၍ မိမိ ခံစားတွေးခေါ်ခြင်းကိုတော့ ဖော်ပြလိုက်သည် ဆိုခြင်းပင်။

'ပြည်ထောင်စု' ဟူသော စကားလုံးကို လွတ်လပ်ရေး မကြေညာမီ 'ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ရေးဆွဲကြစဉ်က စတင် တွေ့ရှိရသည်။ ပြည်ထောင်များ၊ သို့မဟုတ် တိုင်းရင်းသားလူမျိုးများ နေထိုင်ရာ တိုင်းပြည်များ စုစည်းထားသော နိုင်ငံတော် ဟူ၍ အဓိပ္ပာယ်ထွက်သည်။ ပြည်ထောင်စုဟု ဆိုလိုက်သည်နှင့် တစ်ပြည်တည်း မဟုတ်ဘဲ တိုင်းပြည်များ စုထားခြင်းဟူသော အဓိပ္ပာယ်က တွဲလျက် ပါလာသည်။ ယခုအခါ 'ပြည်ထောင်စု' ဟူသော စကားလုံးသည် ဝေါဟာရ တစ်ရပ် ဖြစ်နေပေပြီ။ အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စု စသည်ဖြင့် သုံးနှုန်းခဲ့ကြသည်။ အဓိပ္ပာယ်ရှင်းလင်းစရာ မလိုတော့။ သူတို့၏ ဖွဲ့စည်းပုံ၊ နိုင်ငံတော် State သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကဲ့သို့ပင် အလားတူ။ ဤသို့ နိုင်ငံတော်၏ပုံသဏ္ဍာန်ကို နားလည်ခဲ့သည်။

ယင်းသို့ စကားလုံး၏ အဓိပ္ပာယ်ကို နားလည်သော အသိဖြင့် ၁၉၄၈ က တာရာမဂ္ဂဇင်း ခေါင်းကြီးတွင် ကျွန်တော်၏ ခံစားမှုဖြင့် ရေးသားဖွဲ့နွဲ့ခဲ့ခြင်း ဖြစ်သည်။ ပြည်ထောင်စုဆိုသည်နှင့် ကျွန်တော် ၁၉၃၉ က ရောက်ခဲ့ဖူးသော ရှမ်းပြည်မြောက်ပိုင်းဒေသကို သတိရကာ ပုံဖော်လိုက်ခြင်း ဖြစ်သည်။ ရှမ်းပြည်တွင်

mgyoe.com

mgyoe.com

ရှမ်းလူမျိုးများ နေထိုင်သည် မဟုတ်ပါလား။

ပြည်ထောင်စုကို စကားလုံးအရ နားလည်သော်လည်း တကယ့် သဘောတရားအရ နားလည်စပြုသည်ကား ၁၉၅၃ လောက်က ဖြစ်သည်ဟု ဆိုလိုရပေမည်။

(ခ)

၁၉၅၃ နိုဝင်ဘာလက ကျွန်တော်သည် ဆိုဗီယက်ပြည်ထောင်စုသို့ အလည်ရောက်သွားခဲ့သည်။ မသွားခင် ဆိုဗီယက်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖတ်သည်။ သူတို့ ပြည်ထောင်စု၏အမည်ကို အတိအကျဘာသာပြန်ရလျှင် 'ဆိုဗီယက် ဆိုရှယ်လစ်သမ္မတနိုင်ငံတော်များ၏ ပြည်ထောင်စု' ဟူ၍ ဖြစ်မည်။ သမ္မတနိုင်ငံတော်များဟူ၍ ဗဟုဝုစ်ကိန်းခေါ် အများပုဒ်နှင့် သုံးထားသည်။ ယင်းနိုင်ငံတော်များ စုစည်းထားသော ပြည်ထောင်စုစနစ်၊ နိုင်ငံတော်ဟု ဆိုထားသဖြင့် အချုပ်အခြာအာဏာပိုင်မှုရှိသော တိုင်းပြည်ဟု ကျွန်တော် ဖတ်ရှုထားသော နိုင်ငံရေး သဘောတရားစာအုပ်များအရ နားလည်မိသည်။ ထို့ကြောင့် စိတ်ဝင်စားသွားသည်။ ယင်းပြည်ထောင်စုဝင် နိုင်ငံတော်များသည် သူ့ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သူ။ သူ့ လွှတ်တော်နှင့်သူ။ သူ့အစိုးရအဖွဲ့နှင့်သူ။ သူ့သမ္မတနှင့်သူ။ သူ့ဝန်ကြီးချုပ်နှင့်သူ။ သူ့တပ်မတော်နှင့်သူ။ သူတို့ဘာသာ နိုင်ငံချင်း ဆက်သွယ်နိုင်သည်။ သူ့အမျိုးသားနိုင်ငံတော် တံဆိပ်နှင့်သူ။ သူ့အမျိုးသား အလံနှင့်သူ။ သူ့အမျိုးသား သီချင်းနှင့်သူ။ အချုပ်အခြာ အာဏာပိုင်သော အမျိုးသားသမ္မတနိုင်ငံတော်၏ အင်္ဂါရပ်၊ လက္ခဏာ၊ အဆောင်အယောင်များ အားလုံးရှိသည်ကို ဖတ်ရသည်။

ယင်းသို့ ကျွန်တော်သည် စာအုပ်များ လေ့လာဖတ်ရှုပြီး ပြည်ထောင်စုနိုင်ငံတော် စနစ်ကို စိတ်ဝင်စားသည့်အတိုင်း မော်စကို ရောက်သောအခါ ဆိုဗီယက်ပြည်ထောင်စုအတွင်းရှိ အကြီးဆုံးနှင့် အငယ်ဆုံး သမ္မတနိုင်ငံတော် (၂) ခုသို့ ရောက်လိုကြောင်း ပြောလိုက်သည်။ အိမ်ရှင်က စီစဉ်ပေးသည်။ ဂျော်ဂျီယာနှင့် ယူကရိန်း။ နာမည် အပြည့်အစုံကတော့ ယူကရိန်း ဆိုဗီယက် ဆိုရှယ်လစ် သမ္မတ နိုင်ငံတော်၊ ဂျော်ဂျီယာ ဆိုဗီယက် ဆိုရှယ်လစ် သမ္မတ နိုင်ငံတော်။ ပထမ ဂျော်ဂျီယာသို့ ရောက်သည်။ အကျယ်အဝန်းမှာ ကျွန်တော်တို့ မြန်မာပြည်ခရိုင်တစ်ခုစာလောက်ပဲ ရှိသည်။ လူဦးရေက တစ်သန်းခွဲသာသာမျှသာ။ တောင်များ၍

mgyoe.com

mgyoe.com

သာယာလှပသည်။ လူတွေက ချောကြသည်။ အထူးသဖြင့် ယောက်ျားတွေက ပိုချောသည်။ စတာလင်၏ မွေးဇာတိပြည် ဖြစ်သည်။ တောင်ပေါ်မြို့ဖြစ်သည့် ဘီလီစီမြို့တော်နှင့် စပျစ်သီးထွက်သော စုပေါင်းလယ်ယာ ရွာကလေးတစ်ရွာသို့ ရောက်သည်။ ဂျော်ဂျီယာ၊ စပျစ်သီး ဝိုင်အရက်မှာ နာမည်ကြီးသည်။ သူတို့၏ နိုင်ငံတော်တံဆိပ်တွင် စပျစ်သီးခိုင်ပုံပါသည်ကို တွေ့ရသည်။ စတာလင် မွေးသည့် ဂိုရီမြို့သို့လည်း လည်ပတ်ခဲ့သည်။ ဂျော်ဂျီယာ အက္ခရာ စာလုံးသည် မြန်မာစာလုံးနှင့် ပုံဆင်ဆင်တူသည်ကို တွေ့ရသည်။ ဘာဇော်မိအမည်ရှိ စခန်းသာ တစ်ခုသို့လည်း ရောက်ခဲ့သည်။ တစ်ပတ်ခန့်လောက် ကြာခဲ့သည်။ ထို့နောက် ယူကရိန်းပြည်သို့ ရောက်သည်။ ယူကရိန်းမှာ ပြင်သစ်ပြည်လောက် အကျယ်အဝန်းရှိပြီး လူဦးရေ (၄၇) သန်း ရှိသည်။ ကုလသမဂ္ဂ၌ ကိုယ်စားလှယ် ရှိသည်။ သယံဇာတ ကြွယ်ဝသောပြည် ဖြစ်သည်။ ယူကရိန်းပြည်၏ မြို့တော် ကီယက်သို့ ရောက်ခဲ့သည်။ နီပါမြစ်ကမ်းနဖူး၊ တောင်ကုန်းပေါ်တွင် တည်ထားသော ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများဖြင့် လှပသော မြို့ကြီးတစ်မြို့ ဖြစ်သည်။ စက်မှုလည်း ထွန်းကားနေပြီ။ နိုင်ငံတော်အစိုးရ အဆောက်အအုံများမှာ ခမ်းနား၍ ခေတ်ဆန်သည်။ ကီယက်မြို့တော်သည် ရှေးဟောင်းနှင့် ခေတ်သစ်ပုံပန်း ရောစပ်ထားသောမြို့ ဖြစ်သည်။

ဂျော်ဂျီယာနှင့် ယူကရိန်းသို့သွားရာတွင် မော်စကိုမှ ရုရှားစကားပြန် အမျိုးသမီးသည် ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပါလာသည်။ ဂျော်ဂျီယာနှင့် ယူကရိန်းတွင် ရုံးသုံးဘာသာစကားမှာ ဂျော်ဂျီယာနှင့် ယူကရိန်းဘာသာ စကားများ အသီးသီး ဖြစ်ကြရာ ရုရှားဘာသာပြန် အမျိုးသမီးက သူတို့စကားကို မတတ်။ ဧည့်ခံပွဲများတွင် ကျွန်တော်က မိန့်ခွန်းကို အင်္ဂလိပ်ဘာသာဖြင့်ပြော၊ ယင်းကို ရုရှားက ဘာသာပြန်၊ ရုရှားကမှတစ်ဆင့် ယူကရိန်းသို့ပြန် စသည်ဖြင့် ဘာသာပြန် နှစ်ဆင့်လုပ်သည်။ ကျွန်တော်၏ နိုင်ငံကူးလက်မှတ် စာအုပ်တွင်လည်း သူတို့ ပြည်ထောင်စုအတွင်းရှိ သမ္မတနိုင်ငံတော်တစ်ခုရောက်တိုင်း သူတို့ နိုင်ငံတော် တံဆိပ် ရိုက်နှိပ်မှတ်သားသည်။ တန်းတူရည်တူ သမ္မတနိုင်ငံတော် သဘော (ဝါ) အချုပ်အခြာ အာဏာပိုင်မှုသဘောဟု ခံစားနေမိသည်။ ကျွန်တော် ဖတ်လာခဲ့သော ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံ ဥပဒေ စာအုပ်ကို သတိရကာ တွေးတောနေမိသည်။ သူတို့၏ ပြည်ထောင်စုကား အမေရိကန် ပြည်ထောင်စု၏ ပုံသဏ္ဌာန်မျိုး မဟုတ်။ အမေရိကန် ပြည်ထောင်စုမှာ ပြည်နယ်များ စုပေါင်းထားသော ဒေသ

mgyoe.com

mgyoe.com

ပြည်ထောင်စုဖြစ်သည်ဟု နားလည်မိသည်။ ဆိုဗီယက်ပြည်ထောင်စုကား အမျိုးသား သမ္မတ နိုင်ငံတော်များ စုစည်းထားသော ဆိုရှယ်လစ်ပြည်ထောင်စု၊ ကျွန်တော်တို့ မြန်မာနိုင်ငံ ပြည်ထောင်စုသည်လည်း ယင်းသဘောမျိုး၊ လူမျိုးများ (အမျိုးသား) စုစည်းထားသော ပြည်ထောင်စုပင် ဖြစ်သည်ဟု ထိုအခါက နားလည်မိသည်။

(၈)

ကျွန်တော်သည် တည်းခိုသော ဟိုတယ်မှဆင်းကာ တောင်စောင်း ထင်းရှူးပင်များအကြား လမ်းလျှောက်လာခဲ့သည်။ ထင်းရှူးပင်များအကြားမှ ကီယက်မြို့တော်ကို ခွဲဝိုက်စီးဆင်းလျက်ရှိသော နီပါမြစ်ကြီးကို လှမ်းမြင်နေရသည်။ နီပါမြစ်သည် ဥရောပတွင် တတိယအရှည်ဆုံးဟု ကျွန်တော့်အပါးရှိ စကားပြန် ပြောပြ၍ သိရသည်။ ကျွန်တော့်စိတ်ထဲတွင် ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ဒုဋ္ဌဝတီ၊ သလ္လာဝတီ မြစ်များကို သတိရမိသည်။ယင်းမြစ်များသည် မြန်မာပြည်တစ်ဝန်းရှိ တိုင်းရင်းသား လူမျိုးများ နေထိုင်ရာ တိုင်းပြည်များကို ဖြတ်သန်းစီးဆင်းသွားကြသည်။ တိုင်းရင်းသား လူမျိုးများ၏ စည်းလုံးညီညွတ်ရေးကို တွေးတောနေမိသည်။

ထင်းရှူးရနံ့က ရှမ်းပြည်ကို အမှတ်ရလာစေသည်။ ကျွန်တော်က တဖိတ်ဖိတ် လက်နေသော ဧရာဝတီမြစ်ကြီးကို မြင်လာကာ စိတ်ကူးယဉ်လျက် ရှိသည်။ ရှမ်းပြည်၊ ကချင်ပြည်၊ ကယားပြည်၊ မွန်ပြည်၊ ကရင်ပြည်၊ ရခိုင်ပြည်၊ ချင်းပြည် စသည်တို့ကို နာမည်လှလှ မှည့်ပေးချင်နေသည်။ မောသမ္မတနိုင်ငံတော် သို့မဟုတ် ကမ္ဘောဇ သမ္မတ နိုင်ငံတော်၊ ဂျိန်းဖော် သမ္မတ နိုင်ငံတော်၊ ကန္တာရဝတီ သမ္မတ နိုင်ငံတော်၊ ရာမည သမ္မတ နိုင်ငံတော်၊ ဓညဝတီ သမ္မတ နိုင်ငံတော်၊ ချင်းအမျိုးသား သမ္မတ နိုင်ငံတော်၊ ကရင် သမ္မတ နိုင်ငံတော်။

"ရဲဘော်ကဗျာဆရာ၊ ဘာတွေးနေတာလဲ။ ဦးထုပ်ပေါ်မှာ နှင်းခဲတွေ၊ ရှင် သတိမထားမိဘူးလား" ဟု စကားပြန်က ပြောမှ စိတ်ကူးယဉ် ပြည်ထောင်စု အိပ်မက်မှ လန့်နိုးသည်။ ကျွန်တော်၏ ပြည်ထောင်စု ကဗျာလည်း ပျက်ပြယ်လေပြီ။

ကျွန်တော်၏ သားမွေးဦးထုပ်ပေါ်တွင် နှင်းခဲစများ တင်နေသည်ကို ဖယ်ရှား ပစ်ရသည်။

"ကျွန်မတို့ တာရာရှင်ကို ပြတိုက်သွားစရာ ရှိသေးတယ်"

ကဗျာဆရာကြီး တာရာရှင်ကို ပြတိုက်သွားဖို့အချိန် ကပ်နေပြီ။ ကျွန်တော်တို့

mgyoe.com

mgyoe.com

သည့် နှင်းခဲဇာပွင့်ပြောက် လျှော့ရဲတွဲကျနေသော တောင်စောင်း ထင်းရှူးလမ်းမှ ခပ်သုတ်သုတ် လမ်းလျှောက်လာကြသည်။ ကျွန်တော်က သိချင်နေသော သူတို့ ပြည်ထောင်စုအကြောင်း မရှင်းတာ တချို့ မေးကြည့်ရသည်။

မလှမ်းမကမ်းရှိ မိဘမဲ့ဂေဟာမှ ဘင်ခရာသံသဲ့သဲ့သည် နှင်းပွင့်စိမ်းရွက်ချွန်ကြား လေကြောမှ မျောပါလာသည်။ ကျွန်တော့်နားထဲတွင် အိုးစည်သံ၊ ဗုံးစည်သံ၊ လင်းကွင်းသံ၊ မောင်းသံ၊ ကျွဲချိုမှုတ်သံ၊ ပလွေသံ၊ စောင်းသံတို့ စုပေါင်းတီးသည့် တေးသံပြိုင်ကို ကြားလာရသည်။ ကျွန်တော်ရောက်ဖူးသော ကချင် မနောပွဲ၊ လွယ်ကော်ကလူပွဲတော်၊ လားရှိုးဟောင်းဈေးနေ့က ဖျပ်စောင်းသံ၊ မုတ္တမကွေ့မှ မိကျောင်းစောင်းသံ၊ ပေဒါတောအနီးမှ ကျွဲချိုမှုတ်သံတို့ကို သတိရလာသည်။

တစ်ခုရှိတော့သည်။ နိုင်ငံခြားတွင် လေ့လာသည်ဆိုသည်မှာ အကန့်အသတ်တွေ ရှိသည်။ ရက်ပိုင်းလောက်သာ ညှော်သည်အဖြစ် လည်ပတ်ရသည်။ ရေးသားထားသည့် စာအုပ်ပါ စကားလုံးများအတိုင်း မည်မျှအထိကျင့်သုံးသည် ဆိုသည်မှာ သိဖို့ သိပ်မလွယ်လှပါ။ ဉာဏ်မီသလောက် အကဲခတ်ကြည့်ရခြင်းသာ ဖြစ်သည်။ သူတို့ ပြည်သူများ၏ တကယ့်ခံစားချက်ကို သိရှိရန်မှာ လပိုင်း၊ နှစ်ပိုင်းလောက် အတွင်းရောက်အောင် လေ့လာမှ သိနိုင်မည် ဖြစ်သည်။ စနစ်ဆိုသည်ကလည်း မိမိတိုင်းပြည်နှင့် ဟပ်မိမှ သင့်ပေသည်။ တရုတ်ပြည်ဆိုလျှင် တစ်ပြည်ထောင် စနစ် ကျင့်သုံးသည်။ မိမိတို့၏ အမျိုးသားအခြေအနေအရ လုပ်ကြရခြင်း ဖြစ်သည် မဟုတ်ပါလား။

၁၉၅၈ နွေဦးက ပင်လုံ ရောက်သွားသည်။ ပင်လုံစာချုပ် အထိမ်းအမှတ်ကျောက်တိုင်ကို ဝင်ကြည့်သည်။ ဤနေရာမှပင် တိုင်းရင်းသား လူမျိုးများ၏ စည်းလုံးညီညွတ်ရေးကို ရရှိကာ ယင်းညီညွတ်ရေး အင်အားဖြင့် လွတ်လပ်သော ပြည်ထောင်စု နိုင်ငံတော်ကို တည်ထောင်နိုင်ခဲ့ခြင်း ဖြစ်သည်။ ပင်လုံစာချုပ် လက်မှတ်မရေးထိုးမီ ၁၉၄၇၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ည စော်ဘွားများ ထမင်းစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက 'စစ်ကြီးအတွင်းက ကျွန်တော် ဝန်ကြီးလုပ်တုန်းမှာ ကရင်အမျိုးသား တပ်ရင်း ဖွဲ့စဉ်တုန်းက ထမင်းစားပွဲ တစ်ခုမှာ ကရင်စစ်သား တစ်ဦးက လူမျိုးအချင်းချင်း ညီညွတ်ဖို့အကြောင်း ပြောတဲ့အထဲမှာ (ဗမာကလည်း ဖဲရိုက်၊ ကရင်ကလည်း ငါးမျှား) ဆိုတာလို အတူတူပါပဲလို့ ပြောတာကို သတိရပါတယ်။ ကိုယ့်ဒေသအလိုက် ကိုယ်ယုံကြည်တာကို ကိုယ်ကိုးကွယ်နေထိုင်ကြပြီး

mgyoe.com

mgyoe.com

တစ်တိုင်းတစ်ပြည်လုံးနဲ့ သက်ဆိုင်တဲ့ ကိစ္စကြီးမှာ ညီညီညွတ်ညွတ် လုပ်ကိုင်ကြရင်း ဒါဟာ တစ်မျိုးတည်းလို့ ယူဆကြရမယ်" ဟု သူ၏ စကားလုံးဖြင့် တန်းတူညီမျှရေး သဘော၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် သဘော၊ ပြည်ထောင်စု ညီညွတ်ရေး သဘောတို့ကို ပွင့်လင်းရိုးသားစွာ ဖော်ပြခဲ့ပေသည်။

ပြည်ထောင်စု ညီညွတ်ရေးသည် အမျိုးသားညီညွတ်ရေးပင် မဟုတ်ပါလား။

၁၄-၁-၁၉၈၂

mgyoe.com

mgyoe.com

ညီညွတ်ရေးအတွေ့အကြုံ

(က)

ညီညွတ်ရေးအတွေ့အကြုံဟူသည်မှာ ကျွန်တော်၏ အဖွဲ့အစည်းအတွေ့အကြုံကို ယူခြင်းဖြစ်သည်။ ဘာကြောင့် ညီညွတ်ရေးအဖွဲ့အစည်း အဓိပ္ပာယ်ဖြင့် ဖော်ပြရသလဲ၊ ကျွန်တော်က အဖွဲ့အစည်းဟူသည်မှာ ညီညွတ်ရေးအတွက် ဆောင်ရွက်သော ကိရိယာတစ်ခုဟု ယူဆသောကြောင့်ဖြစ်သည်။ အဖွဲ့အစည်းဟူရာတွင် နိုင်ငံရေးအဖွဲ့အစည်းနှင့် လူမှုရေးရာတွင် အကျိုးဝင်သော စာပေယဉ်ကျေးမှုမိတ်ဆွေဖြစ်အဖွဲ့အစည်းများပါဝင်သည်။ ကျွန်တော်က ကျောင်းသားအဖွဲ့အစည်း၊ စာရေးဆရာအဖွဲ့အစည်း၊ စာပေနှင့် အနုပညာအဖွဲ့အစည်း၊ မိတ်ဆွေဖြစ် အဖွဲ့အစည်း၊ ငြိမ်းချမ်းရေးအဖွဲ့အစည်း စသော အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ နိုင်ငံရေးအဖွဲ့အစည်းဆိုသည်ကတော့ နိုင်ငံရေးအာဏာရရေးနှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများဖြစ်ကြသည်။

မည်သည့်အဖွဲ့အစည်းများတွင်ဖြစ်စေ၊ အဖွဲ့အစည်းသည် ယင်းအဖွဲ့အစည်း၏ စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ရသည်။ မဆောင်ရွက်၍မဖြစ်၊ ညီညွတ်ရေးရှိမှ သာလျှင်ဖြစ်မည်။ ထို့ကြောင့်ပင် ကျွန်တော်၏အဖွဲ့အစည်း အတွေ့အကြုံကို ညီညွတ်ရေးအတွေ့အကြုံဟု ကျွန်တော်နားလည်သည့်အတိုင်း ဖော်ပြလိုက်ခြင်းဖြစ်သည်။

(ခ)

ငယ်စဉ်ကျောင်းသားဘဝကတော့ ကျောင်းသားအဖွဲ့အစည်းများတွင် ပါဝင်

mgyoe.com

mgyoe.com

သည်။ ၁၉၃၆ နိုင်ငံလုံးဆိုင်ရာကျောင်းသားများညီလာခံသို့ ကိုယ်စားလှယ်အဖြစ် တက်ရောက်သည်ကစတင်သည်ဟု ဆိုနိုင်သည်။ စစ်ပြီးခေတ်တွင်ကား ကျွန်တော် ကျောင်းလည်းဆက်မနေတော့ပေ။

စာရေးဆရာအဖွဲ့အစည်းတွင် စတင်ပါဝင်ခဲ့သည်။ စာရေးဆရာအဖွဲ့အစည်း၊ စာပေအဖွဲ့အစည်းဆိုသည်ကတော့ ဘာသာရပ်ဆိုင်ရာ အဖွဲ့အစည်းဆန်သည်ဟု ပြော၍ရမည်ထင်သည်။ စာရေးဆရာအဖွဲ့အစည်းတွင် စာရေးဆရာများသာပါဝင်သည်။ သည်တော့ အနုပညာဘာသာရပ် အဖွဲ့အစည်းဖြစ်သည်ဟု ပြောလိုက်ခြင်းဖြစ်သည်။ အခြားအဖွဲ့အစည်းများတွင်တော့ သတ်မှတ်ထားခြင်းမရှိ၍ စာရေးဆရာများ၊ အနုပညာရှင်များအပြင် နိုင်ငံရေးသမားများလည်း ရောယှက်ပါဝင်တတ်သည်။ ဒါကတော့ သဘာဝပင်။

ငြိမ်းချမ်းရေးအဖွဲ့အစည်း၊ မိတ်ဆွေဖြစ်အဖွဲ့အစည်းများတွင် နိုင်ငံရေးသမားများနှင့်အတူ ကျွန်တော်ပါဝင်ခဲ့သည်။ အတွေ့အကြုံကတော့တစ်မျိုး (စာရေးဆရာအဖွဲ့အစည်းတွင်ပင် အသင်းဝင်စာရေးဆရာဟူသော သတ်မှတ်ချက်တွင် မရှင်းလင်းဝိုးတဝါးဖြစ်နေ၍ နိုင်ငံရေးစာအုပ်များရေးသော နိုင်ငံရေးသမားအချို့ ပါဝင်လာသည်။ ၁၉၅၈ တွင်ကား စာရေးဆရာအဖွဲ့အစည်း၏ စည်းမျဉ်းကိုပြင်ဆင်သတ်မှတ်ရသည်။) စာရေးဆရာဟူသည်မှာ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်စသော စိတ်ကူးစာပေ (ဝါ) ရသစာပေရေးသားသူများ ဟူ၍ ရှင်းလင်းပြတ်သားစွာ ဖော်ပြ၍သတ်မှတ်ခဲ့ရသည်။ (ရသစာပေရေးသားသူကို စာရေးဆရာအသင်းက အသင်းဝင်ဟု သတ်မှတ်ခဲ့သည်။ ဥပမာ - ဆပ်ပြာချက်နည်း စာအုပ်ရေးသူကို စာရေးဆရာဟု စာရေးဆရာအသင်းက မသတ်မှတ်ခဲ့ပေ။ ထို့အတူပင် နိုင်ငံရေးစာအုပ်များရေးသူကို စာရေးဆရာဟု မသတ်မှတ်ခဲ့ပေ။ ထို့ပြင် ရသစာပေဘာသာပြန်သူကို စာရေးဆရာအသင်းဝင်အဖြစ်တိုးကာ သတ်မှတ်ခဲ့သည်။ စာရေးဆရာအသင်းတွင် စာရေးဆရာ မဟုတ်သောသူများ ပါဝင်ခြင်းဖြင့် စာပေရေးရာ၊ အနုပညာရေးရာ နှီးနှောဆွေးနွေးကြရာတွင် စာပေဘာသာရပ်တူသူချင်း၊ ရသစာပေဖွဲ့နွဲ့သူချင်းချင်း ဆွေးနွေးပြောဆိုရာလောက် ကြည်လင်ခြင်းမရှိပေ။

စာရေးဆရာအသင်းလုံးကျွတ် အစည်းအဝေးတွင် စာရေးဆရာအမှုဆောင်အဖွဲ့များ ရွေးချယ်ကြသောအခါ စာရေးဆရာဟူသော လူများကထင်ရှားစွာသိသော သူမဟုတ်သောသူများ ပါလာသည်ကိုလည်း စာရေးဆရာတို့က မကျေနပ်ကြပေ။

mgyoe.com

mgyoe.com

(စည်းမျဉ်း မပြင်ဆင်ခင်က စာရေးဆရာ၏အဓိပ္ပာယ်ကို ရှင်းလင်းရာတွင် စာအုပ် စာတမ်းရေးသားသူဟူ၍ လိုသလို အဓိပ္ပာယ်ကောက်နိုင်သော ဝိုးတဝါးအဓိပ္ပာယ် ကောက်ယူမှုများ ပါရှိခဲ့သည်။ ဝါနုဝါရင့်စသော စာရေးဆရာတို့၏ အရည်အချင်း ကိုလည်း သိနိုင်သည်။)

သတင်းစာဆရာများပင် ရောနှောပါဝင်လာသည်။ သို့သော် နောက်တွင်ကား သတင်းစာဆရာအသင်းဟု သတ်မှတ်ဖွဲ့စည်းလိုက်သောအခါ စာရေးဆရာသတ်သတ်၊ သတင်းစာဆရာသတ်သတ် ရှင်းရှင်းလင်းလင်းဖြစ်သွားတော့သည်။ ငြိမ်းချမ်းရေး အဖွဲ့အစည်း၊ မိတ်ဆွေဖြစ်အသင်းကတော့ စာရေးဆရာလို ဂယနဏဖွင့်ဆိုခဲ့ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ရည်ရွယ်ချက်ကိုယုံကြည်လျှင် မည်သူမဆို ပါဝင်နိုင်ကြသည်။

(ဂ)

ကျောင်းသားအဖွဲ့အစည်းကတော့ သန့်ရှင်းသောအဖွဲ့အစည်းဟု ဆိုနိုင် သည်။ လူငယ်ကျောင်းသားများဖြစ်၍ နုပျိုဖျတ်လတ်ကြသည်။ ကိုယ်ကျိုးကြည့်သူများ မဟုတ်ကြပေ။

မိမိတို့ကိုယ်ကျိုးအတွက် ငြင်းခုံစရာ၊ အငြင်းပွားစရာမရှိပေ။ ယုံကြည်ချက်၊ အယူအဆ၊ လုပ်ငန်းစဉ်တို့၌သာလျှင် ဆွေးနွေးပြောဆိုကြရသည်။ ထိုအခါက ကျောင်းသားအဖွဲ့အစည်းတွင် ပါဝင်သောသူများသည် နောင်လွတ်လပ်ရေးရသော ခေတ်တွင် နိုင်ငံရေးခေါင်းဆောင်များ၊ အစိုးရခေါင်းဆောင်များ၊ ဖဆပလခေါင်းဆောင် များ ဖြစ်လာကြသည်ကို တွေ့ရပေသည်။

စာရေးဆရာအဖွဲ့အစည်းတွင်ကား ဝါနု၊ ဝါရင့်အတွေးအခေါ်မျိုးစုံ၊ အနုပညာ လက်ရာမျိုးစုံ၊ စာပေပုံသဏ္ဍာန်မျိုးစုံဖြင့် အရောင်အသွေး သက်တံရောင်ကွဲနေသော စာရေးဆရာများဖြစ်ကြသည်။ ခံစားမှုသမားများဖြစ်ကြ၍ မိမိတို့၏ခံစားမှုကို ဖော်ပြ ချင်ကြသည်။

ပထမတွင် သတင်းစာဆရာများနှင့် ခပ်ရောရောဖြစ်သော်လည်း နောက်တွင် စည်းမျဉ်း ပြင်ဆင်သတ်မှတ်ပြီးသောအခါ ရသစာပေရေးသားသူများလည်း ဖြစ်လာ၍ စိတ်ဝင်စားဖွယ်ရာကောင်းသည်။

ငြိမ်းချမ်းရေးအဖွဲ့အစည်း၊ မိတ်ဆွေဖြစ်အဖွဲ့အစည်းများတွင်ကား နိုင်ငံရေးပါတီ များမှလူများ၊ အနုပညာရှင်များ၊ ကြားနေပုဂ္ဂိုလ်များ ပါဝင်ရောစပ်နေသော အဖွဲ့

mgyoe.com

mgyoe.com

အစည်းများဖြစ်ကြသည်။ နိုင်ငံရေးအဖွဲ့အစည်းများမှသူများမှာ အတိုက်အခံဘက်မှ များကြသည်။ စစ်ဘေးခေတ်ကာလဖြစ်၍ ငြိမ်းချမ်းရေးရာနှင့်ပတ်သက်၍ ဆွေးနွေးကြသောအခါ ကွဲလွဲမှုများလည်းရှိလာ၍ အငြင်းပွားစရာများရှိလာသည်။ ပါတီသမားများက သူတို့၏ပါတီလမ်းစဉ်အတိုင်း၊ သူတို့၏အယူအဆအတိုင်း တင်ပြကြသည်။ ကျွန်တော်က မူလချမှတ်ထားသော ကမ္ဘာ့ငြိမ်းချမ်းရေးလမ်းစဉ်နှင့် ကိုက်ညီ၊ မညီ တင်ပြသည်။ ထိုအခါ ကွဲလွဲချက်များပါသည့်အခါ ပါသည်။ ဥပမာ- ဟန်ဂေရီအရေးအခင်းကိစ္စ။

သဘောတူသည့်အခါလည်းတူသည်။ တစ်သမတ်တည်းတော့ မဟုတ်။ စကားအသုံးအနှုန်း အပျော့အမာနှင့်လည်းပတ်သက်၍ အငြင်းပွားသည့်အခါ ပွားသည်။ ကိစ္စမရှိ။ အငြင်းပွားစရာရှိလျှင် အစည်းအဝေးအချိန်ကြာရုံသာ ဖြစ်သည်။ နောက်ဆုံးတွင် ကျွန်တော်တို့သည် ဆွေးနွေးညှိနှိုင်း ငြင်းခုံကြရင်းဖြင့်ပင်လျှင် သဘောတူညီချက်ကို ရရှိခဲ့သည်။

မိတ်ဆွေဖြစ်အဖွဲ့အစည်းများတွင် လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ ကွဲလွဲချက်များရှိတတ်သည်။ ကွဲလွဲချက်ပြင်းထန်လျှင် ပြင်းထန်သလို အငြင်းအခုံပြင်းထန်ကြသည်။

သို့သော် နောက်ဆုံးတွင်ကား သဘောတူညီချက်ရရှိသွားသည်သာဖြစ်သည်။ ယင်းသို့သော အတွေ့အကြုံကို ကျွန်တော်က ညီညွတ်ရေးအတွေ့အကြုံဟု ပြောလိုက်ခြင်းဖြစ်သည်။

ကွဲလွဲခြင်းသည် သဘာဝတရားဖြစ်သည်။ ထပ်တူထပ်မျှ ဘယ်မှာရှိလိမ့်မည်နည်း။ ယင်းသို့ ဆွေးနွေးညှိနှိုင်းငြင်းခုံကြရာတွင် အစွဲအလမ်းကင်းကင်း၊ ဂိုဏ်းဂဏအစွဲအလမ်းကင်းကင်းဖြင့် စိတ်ရှည်လက်ရှည်ဆောင်ရွက်ကြလျှင်ကား နောက်ဆုံးညီညွတ်ရေးရမည်သာဖြစ်သည်။

အနေးနှင့်အမြန်သာ ခြားနားသည်။ ဤသို့ဖြင့် ညီညွတ်ရေးအတွေ့အကြုံကို နားလည်ရပေသည်။ ။

မြားနတ်မောင်၊ ၃ နှစ်ပြည့်အထူးထုတ်၊

mgyoe.com

mgyoe.com

လွတ်လပ်ရေးနှင့် ညီညွတ်ရေး၊ ငြိမ်းချမ်းရေး

ကျွန်တော်တို့သည် ဆယ်ကျော်သက်အရွယ် ကျောင်းသားဘဝကပင် လွတ်လပ်ရေး ဟူသော ဝေါဟာရကိုကြားနေရသည်။ ထိုအခါက ကျွန်တော်တို့နေသော အမျိုးသား ကျောင်းမှာ အမျိုးသားနေ့ဟု တခမ်းတနားကျင်းပခဲ့ကြသည်။ ထိုအခါတွင် လွတ်လပ် ရေးဟူသော အသံကို ကျယ်လောင်စွာကြားခဲ့ရသည်။ အင်္ဂလိပ်ကိုလိုနီခေတ်ဖြစ်၍ လွတ်လပ်ရေးဆိုသည်မှာ အင်္ဂလိပ်ကိုလိုနီဘဝမှ လွတ်မြောက်ရေးဟူသော အဓိပ္ပာယ် ဖြင့်ထင်ထင်ရှားရှား နားလည်ခဲ့ရသည်။ နိုင်ငံရေးရာစာများ ဖတ်သောအခါ အင်္ဂလိပ် အစိုးရက မည်သို့ချုပ်ချယ်ပုံ၊ ဖိနှိပ်ပုံများကို သိရပြန်သည်။ အင်္ဂလိပ်ကိုလိုနီခေတ် ပြီးလျှင်တော့ အမျိုးသားလွတ်မြောက်ရေး၊ အမျိုးသားလွတ်လပ်ရေး၊ ပြည်သူ့ လွတ်လပ်ရေး စသောစကားလုံးများကို နောက်ထပ်ကြားရပြန်သည်။

လွတ်လပ်ရေးဟူသည် ဖိနှိပ်ခြင်း၊ ချုပ်ချယ်ခြင်း၊ လက်အောက်ခံပြုလုပ်ခြင်းမှ လွတ်မြောက်သောအဖြစ်ကို လွတ်လပ်ရေးဟု ကြီးပြင်းလာသည့်အလျောက် မိမိ အတွေ့အကြုံဖြင့် ထပ်၍သိရပြန်သည်။ သမိုင်းခေတ်များကို ဖြတ်သန်းလာပြီးသော အခါ လွတ်လပ်ရေးဟူသော စကားလုံးကို ပို၍ခံစားလာရသည်။ လွတ်လပ်ရေးသည် လူသားတိုင်း တန်ဖိုးထားလေးစားရသော အရာပါတကား။

(၁)

ပြည်သူတို့သည် သွေးနှင့်မျက်ရည်ကိုအရင်းပြု၍ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြပြီးနောက် ၁၉၄၈ တွင် အချုပ်အခြာအာဏာပိုင်သော လွတ်လပ်ရေး

mgyoe.com

mgyoe.com

ကို ကြေညာနိုင်ခဲ့သည်။ ထိုအခါ ပြည်သူတို့တွင် အချုပ်အခြာအာဏာပိုင်မှု ရှိလာသည်။ ပြည်သူတို့ အချုပ်အခြာအာဏာပိုင်မှု ရှိမှသာလျှင် ပြည်သူတို့ကို ကိုယ်စားပြုသော နိုင်ငံတော်သည်လည်း အချုပ်အခြာအာဏာပိုင်သော နိုင်ငံတော်ဟု ဆိုရပေမည်။ ဤသဘောကို တဖြည်းဖြည်း နားလည်သိရှိလာခဲ့ရပေသည်။

အင်္ဂလိပ်အစိုးရလက်ထက်က ပြည်သူတို့သည် အချုပ်အခြာအာဏာပိုင်မှု (ဝါ) လွတ်လပ်ရေးမရှိခဲ့ပေ။ ထို့ကြောင့် ကိုလိုနီခေတ်က မြန်မာနိုင်ငံကို မြန်မာနိုင်ငံတော်ဟု ခေါ်ရန်မဖြစ်ပေ။ ယခု လွတ်လပ်ရေးကြေညာပြီးသောအခါတွင်ကား လွတ်လပ်ပြီဟု နားလည်လာသည်။ သို့သော် သမိုင်းခေတ်များကား အမျိုးမျိုး ဖြတ်သန်းလာခဲ့ရသည်။

လွတ်လပ်ရေး၏တန်ဖိုးကိုလည်း ခေတ်အဆက်ဆက် သမိုင်းခေတ်အဆက်ဆက် ပြည်သူတို့ မိမိတို့၏ အတွေ့အကြုံဖြင့် နားလည်သိရှိခံစားလာခဲ့ကြသည်။ ထိုအခါ တိုင်းပြည်၏အခြေအနေတည်ငြိမ်ခြင်း (ဝါ) ငြိမ်းချမ်းခြင်းသည် အရေးကြီးပါတကားဟု အတွေ့အကြုံဖြင့် ထပ်ဆင့်သိရှိနားလည်လာခဲ့ကြသည်။ ငြိမ်းချမ်းရေးဆိုသည်မှာ တည်ငြိမ်ခြင်း၊ သာယာခြင်း၊ စည်ပင်ဝပြောခြင်း စသည်ဖြင့် စသောဝိသေသတို့ဖြင့် ပြည့်စုံရပေမည်။ ဘာကြောင့် မတည်ငြိမ်ခြင်း (ဝါ) တည်ငြိမ်ခြင်း မရှိသနည်း။ မညီညွတ်သောကြောင့်ဟူသောအဖြေကို ပြည်သူတို့သည် မိမိတို့၏ အတွေ့အကြုံဖြင့် နားလည်သိရှိလာသည်။ တည်ငြိမ်ခြင်း၊ ညီညွတ်ခြင်း ရရှိလာအောင် ပြည်သူတို့တွင် လွတ်လပ်ရေး (ဝါ) တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ခြင်းဟူသော တရားကို ထပ်၍တွေ့လာရသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့သည် လွန်ခဲ့သော အနှစ်လေးဆယ်လောက်ကစ၍ တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ရေး၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေးဟူ၍ ဆက်စပ်နေသော သဘောတရားကို တွေ့ရှိလာရပေပြီ။

(၈)

ဘာကြောင့် တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ခြင်းလဲ။ တန်းတူအခွင့်အရေး ပြည်သူတို့တွင်ရှိမှသာလျှင် ပြည်သူတို့တွင် လွတ်လပ်ရေးရှိသည်ဟု ဆိုနိုင်သည်။ လူတို့သည် မိမိ၏ဘဝအတွက်၊ မိမိတိုင်းပြည်ဘဝအတွက်၊ မိမိပြည်သူတို့၏ ဘဝအတွက် ထိုက်သင့်သလို ဆောင်ရွက်လုပ်ကိုင်နေကြသည်။ မည်သို့ဖြင့်

mgyoe.com

mgyoe.com

ဆောင်ရွက်နေသည်ဖြစ်စေ တန်းတူအခွင့်အရေးရှိမှသာလျှင် ဆောင်ရွက်ခြင်း၏ အကျိုးရရှိနိုင်သည်။ တန်းတူအခွင့်အရေး ရှိမှသာလျှင် မိမိတို့၏ ဉာဏအင်အား၊ ကာယအင်အားကို အစွမ်းကုန် အသုံးပြုဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ တန်းတူအခွင့်အရေးတွင် ကန့်သတ်ခြင်း၊ ချုပ်ချယ်ခြင်းများရှိနေလျှင် လူသားတို့၏စွမ်းရည်ကို အပြည့်သုံးနိုင်မည်မဟုတ်ပေ။ ဤကား တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ခြင်း ဟူ၍ ပြောရခြင်းဖြစ်သည်။ တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ခြင်းရှိသည်ဆိုလျှင် သူသာသည်၊ သူနာသည်ဟု မခံစားရတော့။ ထိုအခါ ညီညွတ်လာမည်၊ စုပေါင်းလာကြမည်။ ယင်းသို့ ပေါင်းစုညီညွတ်မည်ဆိုလျှင် တိုင်းပြည်သည် တည်ငြိမ်လာမည်။ တည်ငြိမ်လာပြီဟုဆိုလျှင် ငြိမ်းချမ်းရေးရပြီဟု၊ ငြိမ်းချမ်းရေးဘက်သို့ နီးလာပြီဟု ဆိုနိုင်သည်။

ထို့ကြောင့် လွတ်လပ်ရေး၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေး။ ။

မြားနတ်မောင်မဂ္ဂဇင်း၊ မေ၊ ၁၉၉၄။

mgyoe.com

mgyoe.com

ညီညွတ်ရေး ဒဿန

(က)

ညီညွတ်ရေးတွင် ဒဿနရှိသလော။ ပညာဒဿနဆိုသည်မှာ အမှန်တရားကို ရှာဖွေသော အတွေးအခေါ်ပညာစနစ်ဟူ၍လည်း ပြော၍ရမည်ထင်သည်။ ညီညွတ်ရေး ဒဿနဟုပြောရခြင်းမှာ အခြားကြောင့်မဟုတ်၊ ငြိမ်းချမ်းရေးကို ပြောချင်၍ဖြစ်သည်။ ညီညွတ်ရေးရှိမှ ငြိမ်းချမ်းရေးပိုင်စိုးမည်။ ညီညွတ်ရေးမရှိလျှင် ငြိမ်းချမ်းရေးမရှိနိုင်။ ထို့ကြောင့် ညီညွတ်ရေးဒဿနသည် ကမ္ဘာကြီးတွင် အရေးကြီးသည်။ ညီညွတ်ရေး၏ အမှန်တရားကိုရှာဖွေမည်ဆိုလျှင် မညီညွတ်ရေးနှင့် စတင်ရပါလိမ့်မည်။ မညီညွတ်ရေး ၏ အကြောင်းရင်းများကို သိမှသာလျှင် ငြိမ်းချမ်းရေးအကြောင်းကို တွေ့နိုင်မည်။

(ခ)

မညီညွတ်ရေး၏ ညီညွတ်ရေးကိုပြောခဲ့ပြီးပြီ။ မညီညွတ်ခြင်းသည် သဘာဝကျသည်။ မညီညွတ်ခြင်းဆိုသည့် အဓိပ္ပာယ်မှာ တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အယူအဆသဘောထား၊ လူနေမှုအဆင့်အတန်း၊ ပညာအဆင့်အတန်း၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဘက်တို့တွင် တစ်ထပ်တည်းမရှိဟု ဆိုနိုင်ပေသည်။ လောကတွင် ထပ်တူထပ်မျှ တူသည်ဆိုသည်မှာ မရှိနိုင်ပေ။ ရှိလည်းမရှိနိုင်ပေ။ နောင်လည်း ရှိလိမ့်မည်မထင်ပေ။

အဘယ်ကြောင့်ဆိုသော် အရွယ်အစား၊ နောက်ခံကားအမျိုးမျိုး၊ လူ့အဖွဲ့

mgyoe.com

mgyoe.com

အစည်းအစုံစုံတွင် နေထိုင်ကြသောကြောင့်ဖြစ်သည်။ မညီညွတ်သောကြောင့် ငြိမ်းချမ်းရေးမရှိခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးမရှိခြင်းဆိုသည်မှာ လက်နက်ဖြင့်မတူညီမှုများကို ဖြေရှင်းခြင်းဟု အဓိပ္ပာယ်ရသည်။ လက်နက်ဖြင့် မဖြေရှင်းဘဲ တည်ရှိနေသည်ဆိုလျှင် ယင်းအခြေအနေကို ညီညွတ်ရေးဟု ဆိုနိုင်လေသလော။

သို့သော် လက်နက်ဖြင့် အကြမ်းဖက်သောနည်းသည် ငြိမ်းချမ်းရေးနည်း မဟုတ်ပေ။ ငြိမ်းချမ်းရေးအခြေအနေသို့ ပို့ဆောင်နိုင်သော နည်းလမ်းမဟုတ်။ အခွင့်အရေးတန်းတူရရှိခြင်းသည် ညီညွတ်ရေးအခြေအနေဖြစ်သည်။ လူတို့၌ လိုအင်ဆန္ဒအထွေထွေ အမျိုးမျိုးရှိနိုင်သည်။ မွေးကတည်းက သူ၏လိုအင်ဆန္ဒကို ငိုခြင်းဖြင့် ဖော်ပြလိုက်သည်။ ယင်းစိတ်ဓာတ်အခြေခံဖြင့် လူသည် ကြီးပြင်းလာပြီး လူကြီးဖြစ်လာရသည်။ သို့သော် လူတို့၏လိုအင်ဆန္ဒကို ဟန့်တားခြင်းပိတ်ပင်ခြင်းတို့သည် မညီညွတ်ခြင်း၏အကြောင်း ဖြစ်ပေသည်။ တန်းတူအခွင့်အရေးရှိသည်ဆိုလျှင် လူတို့၏ဆန္ဒကို လွတ်လပ်စွာ အဟန့်အတားမရှိ ဆောင်ရွက်နိုင်သည်။ ထိုအခါ မကျေနပ်စရာများ ရှိနိုင်မည်မဟုတ်တော့ပေ။ မကျေနပ်ခြင်းဆိုသည်မှာ မိမိ၏ စားဝတ်နေရေး လိုအင်ဆန္ဒတို့ကို ပိတ်ပင်ဟန့်တားသောကြောင့်သာလျှင် ဖြစ်ပေသည်။

လူတို့၏ စားဝတ်နေရေးဆန္ဒပြည့်ရုံဖြင့် လောကကြီးသည် ပြည့်စုံခြင်းမရှိပေ။ ပညာရေး၊ ယဉ်ကျေးမှုရေးများက ကျန်ရှိနေသေးသည်။ စီးပွားရေးပြည့်စုံရုံနှင့် လူတို့၏လိုအင်ဆန္ဒမှာ ပြည့်စုံသည် မဟုတ်ပေ။ ယဉ်ကျေးမှုလိုအင်ဆန္ဒ၊ ပညာရေး လိုအင်ဆန္ဒ၊ ခံစားမှုလိုအင်ဆန္ဒများကိုလည်း ဖြည့်စွက်ဖို့လိုသည်။

လူ့အဖွဲ့အစည်းတွင် နေထိုင်ကြသည့် လူ၏လိုအင်ဆန္ဒကို အခွင့်အရေး တန်းတူဖြင့် လွတ်လပ်စွာ ဆောင်ရွက်သောအခါ မိမိနှင့် လိုအင်ဆန္ဒမတူသောဘက် နှင့် တိုးမိခိုက်မိတတ်ကြသည်။

မိမိလိုအင်ဆန္ဒတစ်ခုတည်းဖြင့် ဆောင်ရွက်ရန်မရ၊ အခြားလူ၏ဆန္ဒကိုလည်း ကြည့်ရန်၊ အခြားသူ၏လွတ်လပ်ရေး ထိပါးမည်ဆိုလျှင်လည်း တိုးမိတိုက်မိမည်။ နှစ်ဖက်ကြည့်ရှုမှသာလျှင် အဆင်ပြေနိုင်မည်။ ဤသို့အဆင်ပြေခြင်းသည် ညီညွတ်ရေး၏အစဖြစ်သည်ဟု ဆိုရပေမည်။

အဆင်မပြေဘူးဆိုလျှင် အကြောင်းကြောင်းကြောင့် အဆင်မပြေဘူးဆိုလျှင် ညီညွတ်ရေးကို ထိပါးပျက်စီးနိုင်သည်။ ညီညွတ်ရေးထိပါးမည်ဆိုလျှင် ငြိမ်းချမ်းရေး ကိုလည်း ထိပါးရာရောက်သည်။ သမိုင်းခေတ်အတွေ့အကြုံအရ သိနိုင်ပေမည်။

mgyoe.com